မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်များ အဖွဲ့ချုပ် သတင်းဂျာနယ်

# the CBCM Herald


ငါ၏ ငြိမ်းချမ်းခြင်းကို သင်တို့အား ငါပေး၏။ လောကသားတို့ ပေးသကဲ့သို့ သင်တို့အား ငါပေးသည် မဟုတ်။ သင်တို့ စိတ်နှလုံး ပူပန်ခြင်းမရှိကြလေနှင့်။ မကြောက်ကြနှင့်။

ယောဟန် ၁၄း၂၇


ဩဂုတ်လ ၂၀၁၈ ခုနှစ်

မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်မှ လစဉ်ထုတ်ဝေသည်

အတွဲ (၃) အမှတ် (၇)


## ၂၀၁၈ ခု အောက်တိုဘာလတွင် ကျင်းပမည့် ဆရာတော်ကြီးများ ဆီးနိုတ် အတွက် သဘာပတိများ ခန့်အပ်






၂၀၁၈ ခု အောက်တိုဘာလတွင် ကျင်းပပြုလုပ်မည့် ဆရာတော်ကြီးများ၏ ဆီးနိုတ် ညီလာခံတွင် သဘာပတိ အဖြစ် ထမ်းဆောင်ရမည့် သူများကို ဗာတိကန်က ဇူလိုင်လ ၁၄ ရက်နေ့တွင် ခန့်အပ်ခဲ့သည်။

ထိုသို့ ခန့်အပ်ခံရသော ကာဒီနယ် လေးပါးတွင် ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ် ချားလ်စ်ဘိုလည်း တစ်ပါး အပါအဝင်ဖြစ်သသည်။

လူငယ်များ၏ ယုံကြည်ခြင်းနှင့် ခေါ်တော်မူခြင်း အသက်တာကို အဓိက ထား သုံးသပ်မည့် ညီလာခံကို အောက်တိုဘာလ ၃ ရက်မှ ၃၀ ရက် အထိ ဗာတီကန်တွင် ကျင်းပပြုလုပ်မည် ဖြစ်သည်။ ကာဒီနယ်ကြီးများသည် ဆီးနိုတ် ညီလာခံအချိန်များတွင် အလှည့်ကျ သဘာပတိအဖြစ် တာဝန်ယူရမည် ဖြစ်သည်။

ကြိုတင်ပြင်ဆင်ရန် ထုတ်ပြန်ထားသော စာတမ်းတွင် လူငယ်များသည် စစ်ပွဲများနှင့် နိုင်ငံရေး ပဋိပက္ခများအလယ်တွင် ရုန်းကန်နေ ကြရကြောင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် ညှင်းပန်းနှိပ်စက်ခြင်းများလည်း ရှိကြောင်း မှတ် ချက် ပြုထားသည်။

ခန့်အပ်ခံထားရသော ကာဒီနယ်ကြီးများသည် လူငယ် ပဿနာများနှင့် ပြည့်နက်နေသော နိုင်ငံများမှ ဖြစ်သည်။ သူတို့မှာ အီရတ်နိုင်ငံ ဘက်ဂဒက်မှ ကာဒီနယ် လူးဝစ် ဆာကို၊ မန်ဒါဂတ်စကားနိုင်ငံ တိုအာမာစီနား မှ ကာဒီနယ် ဒီဇိုင်းယားဆာရာဟာဇနာ၊ မြန်မာနိုင်ငံ ရန်ကုန်မှ ကာဒီနယ် ချားလ်စ်ဘို နှင့် ပေါက်ပါးနျူးဂီနီနိုင်ငံ မော်စ်ဘေ မှ ကာဒီနယ် ဂျွန် ရီဘတ်တို့ဖြစ်သည်။



တံတိုင်းများ တည်ဆောက်ခြင်းဖြင့် ငြိမ်းချမ်းခြင်း မတည်ဆောက်နိုင်ဟု ပုပ်ရဟန်းမင်းကြီးဖရန်စစ်မိန့်ကြား

စာ - ၅



ကာဒီနယ် ဖီလိုနေ "ရဟန်းမင်းကြီး၏ မိန့်မှာချက်အတိုင်း အဆက်မပြတ် သတင်းကောင်းကြေငြာသူများ ဖြစ်ကြပါစို့"

စာ - ၅



နှစ်ပေါင်း ၁၃၀ ပြည့်ခဲ့ပြီဖြစ်သော ကက်သလစ်သီလရှင်လေးများ၏ ဘိုးဘွားရိပ်သာ

စာ - ၂၀



ဟားခါး စီရင်စုတွင် ဘုရားကျောင်းသစ် နှစ် ဆောင် ဖွင့်လှစ်

စာ - ၂၁

ရေဘေး ဒုက္ခ ကြုံနေသော ညီအစ်ကို မောင်နှမတို့အား ဝိုင်းဝန်း အားပေး ကူညီကြပါစို့

## အယ်ဒီတာ့ အာဘော်

### ငြိမ်းချမ်းရေးဖေါ်ဆောင်ရာဝယ် ...

ငြိမ်းချမ်းရေးဆိုသည့် စကားလုံးသည် ယနေ့ကမ္ဘာတွင် အပြောများဆုံးသော ဟောဝါရတစ်ခုဖြစ်လာသည်။ မြန်မာနိုင်ငံသူ နိုင်ငံသားတိုင်း အလွန်လိုလား တောင့်တနေကြသော အရာတစ်ခုလည်း ဖြစ်သည်။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကိုလည်း မျှော်လင့်ချက်များစွာဖြင့် အခက်အခဲမျိုးစုံကြားမှ ဖြစ်မြောက်အောင် လုပ်ဆောင်နေခြင်းမှာလည်း အားရစရာ တစ်ခုဖြစ်သည်။

ပုပ်ရဟန်းမင်းကြီး အရှင်သူမြတ် ဖရန်စစ်က မြန်မာပြည်သို့ ကြွရောက်ခဲ့သော သမိုင်း ဝင်ခရီးစဉ်တွင် "*မြန်မာနိုင်ငံ၏ အနာဂတ်သည် ငြိမ်းချမ်းရေးဖြစ်ရမည်*" ဟု အားတက်သရော မိန့်ကြားခဲ့သည်။ ထိုငြိမ်းချမ်းရေးသည် "*လူသားတိုင်း၏ လူ့ ဂုဏ်သိက္ခာ နှင့် အခွင့်အရေးကို လေးစားမှု၊ တိုင်းရင်းသား လူမျိုးစုတိုင်းနှင့် ၎င်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာကို လေးစားမှု၊ တရားဥပဒေအား လေးစားလိုက်နာမှု၊ မည်သူ့ကိုမျှ ချန်လှပ်ထားခြင်း မရှိဘဲ အများအကျိုးအတွက် ပံ့ပိုးမှုပေးနိုင်ရန် လူတစ်ဦးစီတိုင်းနှင့် အဖွဲ့တိုင်းအား မြှင့်တင်ပေးသည့် ဒီမိုကရေစီ စနစ်ကို လေးစားမှု စသည်တို့အပေါ် အခြေခံသည်။*" ငြိမ်းချမ်းရေး ဖေါ်ဆောင်ခြင်းသည် အားလုံးအတွက် ဖြစ်ပါမှ စစ်မှန်သော ငြိမ်းချမ်းရေး ရနိုင်မည် ဖြစ်ကြောင်းကိုလည်း သတိပေးခဲ့သည်။

တဆက်တည်းမှာပင် ငြိမ်းချမ်းရေးကို ဖေါ်ဆောင်ရာတွင် လိုက်နာရမည့် အချက်အချို့ကိုလည်း မီးမောင်းထိုးပြခဲ့သည်။ ထိုအချက်များအထဲတွင် တရားမျှတခြင်းနှင့် လူ့အခွင့်အရေးကို လေးစားခြင်းသည် ငြိမ်းချမ်းရေး၏ အခြေခံအုတ်မြစ်ဖြစ်ကြောင်း မိန့်ဆိုခဲ့သည်။ "*ကေနိစင်စစ်၊ ငြိမ်းချမ်းရေးဖေါ်ဆောင်ခြင်းနှင့် အမျိုးသား ပြန်လည် ကျေအေးသင့်မြတ်ရေးဟူသည့် ခက်ခဲကြမ်းတမ်းသော လုပ်ငန်းစဉ်သည် တရားမျှတခြင်းနဲ့ လူအခွင့်အရေးကို လေးစားမှသာလျှင် ရှေ့ဆက်နိုင်မည် ဖြစ်သည်။*" တရားမျှတမှု ဟူသည်မှာ ရေရှည်တည်တံ့မည့် ငြိမ်းချမ်းခြင်းအတွက် အခြေခံဖြစ်သည်။ ထို့ကြောင့် သူတပါးအား သူရသင့်ရထိုက်သည်အတိုင်း ပေးခြင်းဟူသော တရားမျှတခြင်းကို ကျင့်ကြံခြင်းဖြင့် ငြိမ်းချမ်းရေးကို ဖေါ်ဆောင်ကြရန် ပုပ်ရဟန်းမင်းကြီးက တိုက်တွန်းခဲ့သည်။

ငြိမ်းချမ်းရေးဖေါ်ဆောင်ခြင်း လုပ်ငန်းစဉ်တွင် ဘာသာရေး အသင်းအဖွဲ့များအနေနှင့် အင်တိုက် အားတိုက် ပါဝင်ရန် အထူးလိုအပ်သည်။ ဘာသာတရားများအနေဖြင့် နိုင်ငံတွင်း နှစ်ကာလကြာရှည်စွာ ဖြစ်ပွားနေသည့် ပဋိပက္ခများကြောင့် အတိဒုက္ခ ရောက်သူများအတွက် ကာယရေးရာသာမက၊ ဝိညာဉ်ရေးဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာဒဏ်ချက်များအား ကုသပေးနိုင်ကြသည်။ ပဋိပက္ခဖြစ်နေသည့် အဖွဲ့များအကြား အပြန်အလှန် ဆွေးနွေးညှိနှိုင်းရန်အတွက် ပေါင်းကူးပေးခြင်း၊ တရားမျှတရေး ဖေါ်ဆောင်ပေးခြင်းနှင့် အတိဒုက္ခ ခံစားနေရသူများအားလုံးအတွက် ရပ်တည်အရေးဆိုပေးခြင်း စသည်တို့အား ပြုလုပ်ပေးနိုင်စွမ်းရှိပါသည်။

ကက်သလစ် အသင်းတော်အနေနှင့် ငြိမ်းချမ်းရေးဖေါ်ဆောင်ခြင်း လုပ်ငန်းစဉ်တွင် ပါဝင်နိုင်သည့် နည်းလမ်းကို ပုပ်ရဟန်းမင်းကြီးက ညွှန်ပြခဲ့သည်။ လူ့အဖွဲ့အစည်း တစ်ရပ်လုံးအား အကျိုးပြုသည့် ချစ်ခြင်းမေတ္တာ နှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ လုပ်ဆောင်ချက်များဖြင့် ခရစ်ယာန်ယုံကြည်ခြင်း၌ စွဲမြဲခိုင်မာစေကြရန်၊ ပြန်လည်ကျေအေးသင့်မြတ်ရေးနှင့် ညီရင်းကိုစိတ်ထားရှိရေး သတင်းစကားကို စဉ်ဆက်မပြတ် ဖော်ထုတ်ကြပါရန်၊ ဘာသာပေါင်းစုံမှ ညီအစ်ကို မောင်နှမများ၊ စိတ်ကောင်း နှလုံးကောင်း ရှိသူများနှင့် တလေးတစား ပူးပေါင်း လုပ်ဆောင်ကြရန် နည်းလမ်းများ ပေးခဲ့သည်။


လူငယ်များအား လည်း ဇေဝံဂေလိ သတင်းကောင်းနှင့်အတူ "လူ့အခွင့်အရေးအတွက်၊ တရားမျှတခြင်း အတွက်နှင့် သခင်ယေဇူး ဆောင်ကြဉ်းပေးနေသော "ချစ်ခြင်းမေတ္တာနှင့် ငြိမ်းချမ်းခြင်း" တိုးပွားစေရန် အတွက် သင်တို့၏ စိတ်အားထက်သန်မှုကိုလည်း ဆောင်ကြဉ်းပေးပါ။" ရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။

ပုပ်ရဟန်းမင်းကြီးက ငြိမ်းချမ်းရေး ဖေါ်ဆောင်ခြင်းသည် အစိုးရသာ သီးသန့် လုပ်ရမည့် လုပ်ငန်းမဟုတ်သလို ဘာသာရေး ခေါင်းဆောင်များသာ လုပ်ရမည့် လုပ်ငန်းလည်း မဟုတ်ဘဲ စစ်မှန်၊ အခွန့်ရှည်သော ငြိမ်းချမ်းရေး ရရှိနိုင်ရန် လူသားတိုင်း ဆောင် ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်ကြောင်းသတိပေးခဲ့သည်။

ငြိမ်းချမ်းရေးသည် ဘုရားသခင်၏ ကျေးဇူးတော်ဖြစ်သလို လူသားများ၏ လုပ်ဆောင်ချက်လည်း ဖြစ်သောကြောင့် ငြိမ်းချမ်းရေးအတွက် ကျွန်ုပ်တို့ တစ်ဦးစီတိုင်းတွင် တာဝန်ရှိကြောင်း ခံယူကာ လက်တွဲပါဝင်ကြပါစို့။

# ၂၀၁၈ ခု ဩဂုတ်လ အတွက် ပုပ်ရဟန်းမင်းကြီး၏ ဆုတောင်းမေတ္တာ ရည်ရွယ်ချက်

**စီးပွါးရေး ပညာရှင်များနှင့် နိုင်ငံရေးသမားတို့၏ ရေရှည်အတွက် ဆုံးဖြတ်ချက်တို့သည် မိသားစုများအား လူသားထု၏ ရတနာတစ်ပါးအဖြစ် ကာကွယ်နိုင်ကြပါ မည့်အကြောင်း**






**ဩဂုတ်လ ၁၅ ရက်နေ့သည် မယ်တော်သခင်မ ကောင်းကင်ဘုံ သို့ ပင့်ဆောင်ခြင်းခံရသော ပွဲနေ့ဖြစ်သည်။ မြန်မာပြည်တွင် ဩဂုတ်လ ၁၉ ရက်နေ့တွင် ကျင်းပမည်။**
**မယ်တော်အား ကြည်ညိုခြင်းဖြင့် ဂုဏ်ပြုကြပါစို့**


**ထုတ်ဝေခွင့်အမှတ်**
၀၁၇၂၅

**နာယက**
ဆရာတော် ပီတာလွီစ် ကျာခူ

**အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ**
ဖာသာရ် မာရီယာနို စိုးနိုင်

**အယ်ဒီတာအဖွဲ့ဝင်များ**
ဖာသာရ် ဂျိမ်းဘရန်ဂျာ၊ ဖာသာရ် စောလောရင်းစ်၊
ဖာသာရ် ဝီလျံစိုး၊ ဖာသာရ် ဩဂုတ်စတင်းရွှေ

**ဒီဇိုင်းဖွဲ့စည်းပုံ**
ဖါသာရ် စိုးနိုင် ၊ ရိုစ့်မေရီ

**အတိုင်ပင်ခံများ**
CBCM အထွေထွေအတွင်းရေးမှူး၊
ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊
ကက်သလစ်ရှေ့နေများအဖွဲ့။

**ဖြန့်ချီရေးတာဝန်ခံများ**
သာသနာ (၁၆)ခု နှင့် သူတော်စင်ဂိုဏ်းများမှ
လူထုဆက်သွယ်ရေးတာဝန်ခံများ

**ပုံနှိပ်တိုက်**
စိန်ဖေးဗီးယားပုံနှိပ်တိုက် (၀၀၂၆၂)
အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**ငွေလွှဲရန်**
ရိုးမဘဏ်နှင့် ကမ္ဘောဇဘဏ် မြေနီကုန်း၊ ရန်ကုန်။
နော်မြတ်နှင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅

**ဆက်သွယ်ရန်**
CBCM Herald သတင်းစာရုံးခန်း
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း
၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈ (ရုံးဖွင့်ချိန်များသာ)
cbcmosc@gmail.com

# ခရစ္စမားအားပေးခြင်း စက္ကရမင်တူးမင်္ဂလာ

သီကိုရှင်း



*ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်က အပတ်စဉ် ဗုဒ္ဓဟူးနေ့ လူထုပရိသတ်အား ဆေးကြောခြင်းစက္ကရမင်တူး မင်္ဂလာတော်အကြောင်း သွန်သင်ပြီးတဲ့နောက် ခရစ္စမားအား ပေးခြင်း စက္ကရမင်တူးမင်္ဂလာတော်အကြောင်းကို ဆက်လက်သွန်သင်တော်မူခဲ့ပါတယ်။*

ခရစ်ယာန် ဘဝအသက်တာကို ဆေးကြောခြင်းနဲ့ စတင်ပြီး ခရစ္စမားအားပေးခြင်း စက္ကရမင်တူးကို ခံယူခြင်းအားဖြင့် စုံလင်ပြည့်ဝလာစေပါတယ်။ ဒီစက္ကရမင်တူးကို တစ်နည်းအားဖြင့် ခရစ္စမားဆီဖြင့် လိမ်းကျံခြင်းလို့လည်း ခေါ်ကြပါတယ်။ ဆေးကြောခြင်း ခံယူစဉ်က ရရှိခဲ့တဲ့ ကျေးဇူးတော်တွေကို အားဖြည့်ခိုင်မာစေဖို့ ဝိညာဉ်၌ ဆီကို လိမ်းကျံပေးပါတယ်။ ဆီလိမ်းကျံခြင်း မပြုမီ ခရစ္စမားအားပေးခြင်း ခံယူမယ့်သူများက ယုံကြည်ခြင်း ကတိသစ္စာကို ပြန်လည် မွမ်းမံကြရတယ်။ အရင်တုန်းကတော့ သူတို့ကိုယ်စား မိဘလူကြီးတွေက ပြုလုပ်ပေးခဲ့ကြတယ်။ အခုခါမှာတော့ သူတို့ကိုယ်တိုင် နှုတ်ကနေ ဖွင့်ဟ ဝန်ခံ ကတိပြုရပါတယ်။ အထူးသဖြင့် သန့်ရှင်းသောဝိညာဉ်တော်ဘုရားကို ယုံကြည်ကြောင်း ဝန်ခံရပါတယ်။ ဘာလို့လဲဆိုတော့ ခရစ်တော်ဘုရားရှင် ရှင်ပြန်ထမြောက်ပြီး ရက်ပေါင်း ၅၀ အကြာမှာ တမန်တော်ကြီးများအပေါ်သို့ ဆင်းကြွတော်မူခဲ့တဲ့ သန့်ရှင်းသော ဝိညာဉ်တော်ကို ဒီစက္ကရမင်တူးမှာ ခံယူကြရလို့ပဲဖြစ်ပါတယ်။

သန့်ရှင်းသော ဝိညာဉ်တော် ဆင်းကြွတော်မူသည့်အတွက် ခံယူတဲ့သူတွေရဲ့ နှလုံးသားတွေကလည်း ဆုတောင်းမေတ္တာ၌ တစ်စုတစ်စည်းထဲ ပြင်ဆင်စုရုံးကြဖို့ လိုတယ်။ သန့်ရှင်းသော ဝိညာဉ် တော်ဘုရားက သူနဲ့ အတူ များပြားလှတဲ့ ကျေးဇူးတော်တွေကိုလည်း ဆောင်ကျဉ်းလာပါတယ်။ ဉာဏ်ပညာ၊ နားလည်တတ်ခြင်း၊ အကြံယူတတ်ခြင်း၊ အသိတရား၊ ဘုရားတရားကြည်ညိုခြင်း၊ ရဲစွမ်းသတ္တိ နှင့် ဘုရားသခင်အား ကြောက်ရွံ့ရိုသေတတ်ခြင်း စတဲ့ ကျေးဇူးတော် ၇ ပါးကို ပေးပါတယ်။ ဒီဆုကျေးဇူးတော်တွေအပြင် ချစ်ခြင်း၊ ရွှင်လန်းခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကြင်နာခြင်း၊ ကောင်းမြတ်ခြင်း၊ ရက်ရောခြင်း၊ သိမ်မွေ့ခြင်း၊ သစ္စာစောင့်ခြင်း၊ ကာအိန္ဒြေစောင့်ဆည်းခြင်း၊ မိမိကိုယ်ကို ချုပ်တည်းခြင်း၊ စင်ကြယ်ခြင်း၊ စတဲ့ ဝိညာဉ်တော်ဘုရားရဲ့ အသီး အပွင့် ၁၂ ခုကိုလည်း ပေးတော်မူပါတယ်။ ကျေးဇူးတော်တွေ အများကြီး ပေးပေမဲ့ ဝိညာဉ်တော်ကတော့ တစ်ပါးတည်း ရှိပါတယ်။ များပြား တိုးပွားစေတဲ့သူဖြစ်သလို စုစည်းပေးနိုင်တဲ့ သူဟာလည်း ဝိညာဉ်တော်ပဲဖြစ်ပါတယ်။

တမန်တော်ကြီးများ ထားရစ်ခဲ့တဲ့ အစဉ်အလာအားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်က ဆေးကြောခြင်း ကျေးဇူးတော်ကို တိုးပွားစေပါတယ်။ ဒီ ကျေးဇူးတော်ကို လက်တင်ခြင်းအားဖြင့် ဆောင်ကျဉ်းပေးပါတယ်။ သာသနာပိုင်ဆရာတော်က "သန့်ရှင်းသော ဝိညာဉ်တော်ဘုရား၏ တံဆိပ်ခတ်နှိပ်ခြင်းကို ခံယူလော့" ဆိုပြီး ပရိတ်မေတ္တာကို ရွတ်ဆိုကာ ခရစ္စမားမင်္ဂလာ ခံယူမယ့်သူကို နဖူးပေါ်မှာ ခရစ္စမားဆီဖြင့် သုတ်လိမ်း ဘိသိတ်ပေးပါတယ်။ ဆီရဲ့ အဓိပ္ပါယ်က ကုသခြင်း၊ ဘိသိက်ပေးခြင်း၊ သိက္ခာတင်ခြင်း၊ ဂုဏ်အရှိန်မြှင့်တင်ခြင်း စတဲ့ အနက်အဓိပ္ပါယ်တွေရှိပါတယ်။ ခရစ္စမားဆီကို လိမ်းကျံခြင်းအားဖြင့် ဝိညာဉ်၌ မပျောက်ပျက်နိုင်သော တံဆိပ်ကို ခပ်နှိပ်ပေးလိုက်တာမို့ ဆေးကြောခြင်း စက္ကရမင်တူးလိုပဲ တစ်သက်မှာ တစ်ကြိမ်တည်းသာ ခံယူ ခွင့်ရှိပါတယ်။

(မေလ ၃၀ ရက်၊ ၂၀၁၈)

## လက်ဆောင်ဆိုတာ သိမ်းထားဖို့ မဟုတ်

ခရစ္စမားအားပေးခြင်း စက္ကရမင်တူးကို ခံယူတဲ့အခါ သန့်ရှင်းသော ဝိညာဉ်တော်ဘုရားကို ခံယူကြရပြီး ရင့်ကျက် စုံလင်သော ခရစ်ယာန်များ ဖြစ်လာပါတယ်။ ဝိညာဉ်တော်က ပေးတဲ့ ဆုကျေးဇူးကို ခံယူခဲ့သလို တစ်ပါးသူ အတွက် မိမိရဲ့ ဘဝကလည်း လက်ဆောင်ဖြစ်လာရပါတယ်။ သန့်ရှင်းသော ဝိညာဉ်တော်ဆိုတာ ကျေးဇူးတော် လက်ဆောင်ပါ။ ဝိညာဉ်တော်က ဆုကျေးဇူးတော်တွေပေးသလို မိမိဘဝကလည်းသူများအတွက် ကျေးဇူး လက်ဆောင်ဖြစ်လာရပါမယ်။ လက်ခံယူတယ်ဆိုတာ တစ်ချိန်ကျ ပြန်ပေးဖို့ အတွက်ပဲဖြစ်ပါတယ်။ လက်ခံယူပြီး သိမ်းထားဖို့အတွက်မဟုတ်ပါဘူး။ ပြန်လည်ဝေမျှမှသာ ကျေးဇူးတော် တွေက တိုးပွားလာမှာပါ။

ဆေးကြောခြင်း ခံယူတဲ့အခါ ခရစ်တော်နှင့် သဏ္ဍာန်တူလာကြပြီး ခရစ္စမားအားပေးခြင်း ခံယူတဲ့ အခါမှာတော့ ခရစ်တော်ရဲ့ ကိုယ်ခန္ဓာဖြစ်တဲ့ အမိအသင်းတော်နှင့်ပါ နီးနီးကပ်ကပ် ပေါင်းစည်းလာကြပါတယ်။ အသင်းတော်ရဲ့ လုပ်ငန်းတာဝန်ဟာ အသင်းတော်နှင့် ပတ်သက်သူတိုင်းရဲ့ အလုပ်လည်းဖြစ်ပါတယ်။ တချို့ ထင်ကြတယ်။ ပုပ်ရဟန်းမင်းကြီး၊ ဆရာတော်တွေ၊ ရဟန်း၊ သူတော်စင်တွေသာ အသင်းတော် အလုပ်ကို လုပ်ရမယ့်သူလို ထင်ကြတယ်။ မဟုတ်ဘူး။ တို့အားလုံးက အသင်းတော်ကြီးပဲ။ တစ်ယောက်နဲ့ တစ်ယောက် ဖေးမ စောင့် ရှောက်ဖို့ တို့အားလုံးမှာ တာဝန်ရှိတယ်။ တို့အားလုံးက သာသနာတော်ကြီးရဲ့ အသက်သွေးကြော တွေဖြစ်တယ်ဆိုတာ မမေ့ထားပါနဲ့။ နေရာအရပ်ရပ်မှာ အမိအသင်းတော်ကြီးရှိတယ်။ ဒါကြောင့် ခရစ္စမား အားပေးခြင်းကို ခံယူခြင်းအားဖြင့် အသင်းတော်ရဲ့ အသက်တာထဲမှာ အပြည့်ဝ ပါဝင်စေဖို့ ဖြစ်လာပါတယ်။ ခရစ္စမားအားပေးခြင်း ဝိနည်းရဲ့ နိဂုံးချုပ်အခမ်းအနားမှာ ငြိမ်းချမ်းခြင်း အမှတ်လက္ခဏာကို ကမ်းလှမ်းဖို့ ဆရာ တော်က ဖိတ်ခေါ်ပါတယ်။ ဝိညာဉ်တော်နှင့်အတူ ငြိမ်းချမ်းခြင်းကို တစ်ပါးတည်း ခံယူရရှိပါတယ်။ အဲ့ဒီငြိမ်း ချမ်းခြင်းကိုပဲ တစ်ပါးသူနဲ့ အထူးသဖြင့် အမိ အသင်းတော်နှင့် ဆက်လက်ပေးဝေရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းခြင်းက သဟာ ဇာတရှိခြင်းကို ပြတယ်။ သဟဇာတရှိခြင်းက မေတ္တာတရားရဲ့ ပြယုဂ်။ မေတ္တာတရားက ငြိမ်းချမ်း စေပါတယ်။

ခရစ္စမားအားပေးခြင်းကို ဘယ်သူမှ မိမိတစ်ယောက်ထဲအတွက် ခံယူလို့ မရပါဘူး။ တစ်ပါးသူရဲ့ ဝိညာဉ် ရေးရာ ရှင်သန်ကြီးထွားစေဖို့အတွက် အတူပါဝင်ကြရသေးတယ်။ သူတစ်ပါးနဲ့ လက်တွဲ လျှောက်လှမ်းခြင်း အားဖြင့် မိမိရဲ့ ညီအစ်ကို မောင်နှတွေကို ပိုပြီး ဆုံတွေ့ခွင့်ရပါတယ်။ မှတ်ထားပါ။ လက်ဆောင်ဆိုတာ သိမ်းထားဖို့ မဟုတ်ဘူး။ ပြန်လည်ဝေမျှရမယ်။ မျိုးစေ့တစ်စေ့လိုပဲ လက်ထဲမှာ သိမ်းထားရင် ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး။ အများအတွက် မိမိဘဝကို ချပေးကာ စိုက်ပျိုးလိုက်မှသာ အဆပေါင်းများစွာသော အသီးတွေကို ရရှိလာမှာဖြစ်ပါတယ်။

(ဇွန်လ ၆ ရက်၊ ၂၀၁၈)

## ပညတ်တရားတော်

ပုပ်ဖရန်စစ်အရှင်သူမြတ်က ခရစ္စမားအားပေးခြင်း စက္ကရမင်တူးမင်္ဂလာတော် အကြောင်း သွန်သင်တော် မူခဲ့ပြီးနောက် ဘုရားရှင်ရဲ့ ပညတ်တရားတော်များအကြောင်းကို ဆက်လက် ပို့ချသွန်သင်ပါတယ်။ ကျမ်းစာတော်မြတ်မှာ ယေဇူးဘုရားနှင့် လူငယ်လေးတစ်ယောက်တွေ့ဆုံခြင်းအကြောင်းကို ဖတ်ရှုရပါတယ်။ အဲ့ဒီလူငယ်လေးက ယေဇူးဆီ၊ ဘုရားဆီလာပြီး ထာဝရ အသက်ရဖို့ ဘာလုပ်ရမလဲ လို့ လာရောက် မေးမြန်း ပါတယ်။ ဒီမေးခွန်းက ပြည့်ဝစုံလင်ခြင်းကို ဆာငတ်နေတဲ့မေးခွန်း၊ တို့အားလုံးကိုလည်း စိန်ခေါ်လိုက်တဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ထာဝရအသက်ရဖို့ ဘာလုပ်ရမလဲ။ ဘယ်လို လျှောက်လှမ်းရမလဲ။

လူငယ်တစ်ယောက်ရဲ့ မေးခွန်းကို ထောက်ရှုသွန်သင်နေတာမို့ လူငယ်တွေကို ရည်ညွှန်းပြီးတော့ အထူး မိန့်မှာချင်ပါတယ်။ လူငယ်တို့ . . ဘဝရဲ့ အဆိုးဝါးဆုံးရန်သူက နေ့တဓူဝ ကြုံတွေ့ရတဲ့ ပြဿနာတွေ မဟုတ်ဘူး။ ဘယ်လောက်ပဲ ဆိုးဝါးပြင်းထန်လှတဲ့ အခက်ခဲပဲဖြစ်နေဖြစ်နေ အဲ့ဒီကိစ္စက ပြဿနာ မဟုတ်သေး ဘူး။ ပြဿနာက ဟိုမရောက်၊ ဒီမရောက် အေးတိအေးစက် မပူ မနွေး ဖြစ်နေတဲ့ ကြားနေ စိတ်ဓါတ် ရှိနေတာက ပြဿနာ။ ဟိုမရောက် ဒီမရောက် လူငယ်တစ်ယောက်အတွက် အနာဂတ်ဆိုတာကရော ရှေ့ရှိပါ့မလား။ ဘာလို့လဲဆိုတော့ သူက ရှင်သန်ခြင်းကို ရပ်ပစ်ထားတဲ့ သူ တစ်ယောက်ဖြစ်နေလို့ပဲ။ ရှေ့လည်း မတိုးဘူး။ အောင်မြင်မှုလည်း မရှိဘူး။ တစ်နေရာထဲမှာပဲ ရပ်တန့်နေတယ်။ အရာရာကို ရင်ဆိုင်ဖို့ ထိတ်လန့်နေတယ်။ ခွန်အားမရှိ၊ ကြိုးစားခြင်းမရှိ မရွေ့လျားတဲ့ ကျောက်တုံးကြီးတစ်ခုလိုပဲ မာကြော ရပ်တန့်နေတဲ့ လူငယ်တွေ ရှိတယ်။

ဘဝဆိုတာ ရှင်သန်ဖို့အတွက်လေ။ ရပ်တန့်သေဆုံးနေဖို့ မဟုတ်ဘူး။ အိမ်မှာ လူငယ်တစ်ယောက် ပျင်းရိလေးကန်စွာ အချိန်းဖြုန်းထိုင်နေတာတွေ့ရင် မိဘတွေက နေမကောင်းဘူးလား၊ ဘာဖြစ်တာလဲ ဆိုပြီး စိတ်ပူ မေးကြတယ်။ ဟုတ်တယ်။ အဲ့လိုမျိုး လူငယ်က ဖျားနာနေတဲ့ လူငယ်နဲ့ တူတယ်။ လူငယ်တစ်ယောက်ရဲ့ ဘဝဟာ အရှိန်ပြင်းပြင်းနဲ့ ရှေ့သို့ချီတက်နေတဲ့ဘဝ၊ အငြိမ်မနေ လှုပ်ရှားရုန်းကန်နေတဲ့ ဘဝ၊ ဘဝရဲ့ လှပခြင်း တွေကို ခံစားပြီး အဓိပ္ပါယ်ရှိရှိ ရှင်သန်ရတဲ့ ဘဝဖြစ်ပါတယ်။ အဲ့ဒီလို စစ်မှန်တဲ့ ဘဝမျိုးကို ဆာငတ်တောင့်တခြင်း မရှိဘူးဆိုရင် လောကကြီးရဲ့ တိုးတက်ရှင်သန်မှုတွေလည်း ပြောင်းဆန်သွားနိုင်တယ်။ ဒီတော့ စစ်မှန်တဲ့ ဘဝ၊ ပျော်ရွှင်ပြည့်ဝတဲ့ ဘဝအသက်တာကို ဘယ်လို ရှာဖွေလို့ ရနိုင်မလဲ။ အဖြေကို လိုချင်လို့ မေးခဲ့တဲ့ လူငယ်လေးရဲ့ မေးခွန်းကို ခရစ်တော်ဘုရားက ဖြေကြားပေးခဲ့ပါတယ်။ ပညတ်တော်တွေကို စောင့်ထိန်းပါတဲ့။ ပညတ်တော်တွေကို စောင့်ထိန်းခဲ့တာ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းကပါလို့ လူငယ်လေးက ပြန်ဖြေတယ်။ တို့ငယ်စဉ်ဘဝကိုရော ဘယ်လို ဖြတ်သန်းခဲ့ကြလဲ။ ငယ်ဘဝမှာ ကိုယ့်ရဲ့ အားနည်းချက်တွေ ကိုလက်ခံတတ်လာတယ်၊ မရှိသေးတာကို သတိမူလာပြီဆိုရင်

အရွယ်ရောက်တဲ့ လူဖြစ်ပြီလို့ ဆိုရမှာပါ။ ဒီလူငယ်လေးက သူလုပ်နိုင်တာတွေကိုပဲ မြင်တယ်။ သူ ဘာလုပ်ဖို့ လိုသေးလဲဆိုတာကို မမြင်ခဲ့ပါဘူး။ ဥပဒေပညတ်တော်တွေကို သူလိုက်နာခဲ့တာ သူတစ်ကိုယ်စာ ကောင်းစားဖို့အတွက်ပဲဖြစ်ခဲ့တယ်။ တစ်ယောက်ထဲ ရှင်သန်သူအတွက် အသက်တာဟာ မပြည့်ဝနိုင်ပါဘူး။ ဒါကြောင့် ကိုယ်တော်က "မင်းမှာ တစ်ခု လိုသေးတယ်။ ရှိသမျှကို ရောင်းချပြီး ဆင်းရဲသားတွေကိုပေးပါ။ ထာဝရအသက်ရဖို့ ငါ့နောက်သို့လိုက်ပါ" လို့ ထပ်မံ ဖိတ်ခေါ် လိုက်ပါတယ်။ သခင်ခရစ်တော်က တရားဥပဒေပညတ်တွေကို ဖျက်သိမ်းဖို့ လာခြင်းမဟုတ်၊ ပြည့်ဝစုံလင် စေဖို့ အတွက် လာခဲ့တယ်လို့ မိန့်ခဲ့ဖူးပါတယ်။ ကိုယ်ရဲ့ဘောင်အတွင်းကနေ ကျော်ပြီး အများအတွက် ငါ ဘာလုပ် ဖို့ လိုသေးလဲဆိုတာကို ရှာဖွေဖို့လိုတယ်။ ကိုယ့်ဘဝကို ဘာမှန်းမသိ ဖြစ်နေတယ်ဆိုရင် စုံလင်တဲ့ ဘဝအသက် တာကို ရောက်ရှိဖို့လည်း ခက်ခဲနေပါလိမ့်မယ်။ ဝိုးတဝါးလူငယ်အဖြစ်ကနေ ထာဝရသုခချမ်းသာရဖို့ ပညတ် တရားတွေကို ဘယ်လို လိုက်ကျင့်လျှောက်လှမ်းကြမလဲဆိုတာကို ဆက်လက် ရှာဖွေကြရအောင်။

(ဇွန်လ ၁၃ ရက်၊ ၂၀၁၈)

## အာဏာရှင်လား၊ မေတ္တာရှင်လား

သမ္မာကျမ်းစာမှာ ပြဌာန်းထားတဲ့ တရားပညတ်တွေဟာ သူတို့ဟာ သူတို့ တည်ရှိနေတာ မဟုတ်ပါဘူး။ လူသားအချင်းချင်းကြား ပေါင်းသင်းဆက်ဆံရေး အဆင် ပြေစေဖို့ ထားရှိခဲ့ကြတာ ဖြစ်တယ်။ လူနဲ့ ဘုရားကြားမှာ ပဋိညာဉ်တွေ ချုပ်ဆိုကြတယ်။ ပြောရရင်တော့ သဘောတူညီမှု ယူကြတဲ့ သဘောပဲ။ ထွက်မြောက်ရာကျမ်းမှာ ဘုရားရှင်ကိုယ်တိုင်က လိုက်နာကျင့်ကြံဖို့ မိန့်မှာချက် ၁၀ ခုကို ပေးတယ်လို့ ဆိုတယ်။ တကယ်ထမ်းတော့ ပညတ်တော်လို့ မပြောထားပါဘူး။ မှာကြားချက်နဲ့ ပညတ်ချက်ဆိုတာ အဓိပ္ပါယ်ကွာပါတယ်။ ပညတ်ထားတဲ့ ဥပဒေပုံစံ သက်ရောက်ပေမဲ့ ဘုရားကိုယ်တိုင်က ငါ ပညတ်တယ်လို့ မမိန့်ခဲ့ပါဘူး။ ပညတ်ဥပဒေမှာ ညှိနှိုင်း ဆွေးနွေးစရာတွေမလိုဘူး။ မိန့်ကြားတဲ့စကားမှာတော့ အပြန်အလှန် ဆွေးနွေးခြင်းတွေရှိတယ်။ ခမည်းတော်ဘုရားက နှုတ်ကပါတ်တော်အားဖြင့် မှာကြားတယ်။ အဲ့ဒီနှုတ်ကပါတ်တော်က လူ့အဖြစ်ယူတဲ့ ဘုရားသားတော် ဖြစ်လာတယ်။ နှုတ်ကပါတ်တော်အားဖြင့် မေတ္တာကို ပြလိုက်တယ်။ တစ်ယောက်နဲ့တစ်ယောက် မချစ်တတ်ကြတဲ့ လူနှစ်ယောက်ဟာ အပြန်အလှန် အဆက် သွယ်လည်း မပြုကြပါဘူး။ နှလုံးသားကို စကားပြောတဲ့အခါ အထီးကျန်ခြင်းဆိုတဲ့ ဝေဒနာလည်း လွင့်စင်သွားတယ်။ နှလုံးသားက ပြောလာတဲ့စကားကို နားထောင်တယ်။ ဒီအခါမှာ လူနှစ်ဦးကြား ဆက်သွယ်ခြင်းဆိုတာ ရှိလာတယ်။ တို့ ပြောပြောနေတဲ့ ပညတ်တော် ၁၀ ပါး ဆိုတာဟာ ဘုရားရဲ့ မိန့်မှာစကားတွေပဲ။ မိန့်မှာချက် (၁၀) ချက်နဲ့ လူကို အဆက် သွယ်လုပ်တယ်။ ပြီးတော့ လူ့ရဲ့ တုန့်ပြန်မှုကိုလည်း စောင့်ဆိုင်းလေ့ရှိပါတယ်။

အမိန့်ပေးတာနဲ့ စကားပြောတာ မတူ ဘူးနော်။ စကားပြောခြင်းမှာ အပြန်အလှန်သ ဘောတရား ရှိတယ်။ သူများရဲ့ သဘောထား အမြင်ကိုလည်း နားထောင်တယ်။ ဘုရားရှင် ပေးတဲ့ ပညတ်ဆိုတာလည်းပဲ တကယ်တော့ အမိန့်မဆန်ပါဘူး။ နားထောင်ဆွေးနွေးတဲ့ သဘော ရှိပါတယ်။ စကားအားဖြင့် မေတ္တာ တရားတွေလည်း သက်ဝင် စီးဆင်းမှု ရှိတယ်။ ဒီအတိုင်းကြည့်ရင်တော့ ပညတ်ဆိုတာကြီးက အမိန့်ပေးသလိုလို ထင်နိုင်ပါတယ်။ တကယ် ဆိုရင် အမိန့်သဘောမရှိပါဘူး။ ဖခင်တစ်ယောက်က သူ့ရဲ့ သားသမီးတွေ မဖြစ်သင့်တာ မဖြစ်ရအောင် လမ်းမှားစေချင်တဲ့ မေတ္တာ တရားပါတဲ့ ဆုံးမသွန်သင်ချက်လို့ ပြောရင် ပိုမှန်မယ် ထင်တယ်။ ဘုရားရှင်က သူ့ရဲ့ မိန့်မှာချက်တွေကို လွတ်လပ်စွာနဲ့ လိုက် ကျင့်စေတယ်။ ဖိအား တစ်စုံတစ်ရာ မရှိဘူး။ ဒါကို နတ်ဆိုးက အာဒံ ဧဝကို နောက်ယှက်တဲ့ အခါမှာ ဘုရားက မင်းတို့ကို ချုပ်နှောင်ထား ချင်လို့၊ သူ့လို ဖြစ်လာမှာစိုးလို့ အသီးကို မစားခိုင်းတာလို့ ဖျားယောင်း အယုံသွင်း ပါတယ်။ မေတ္တာတရားပါတဲ့ ဘုရားရဲ့ မိန့်မှာချက်ကို နတ်ဆိုးက



မေတ္တာမဲ့တဲ့ ပညတ်အမိန့်တစ်ခုလို ထင်အောင် လိမ်ညာပစ်ခဲ့တယ်။

စဉ်းစားကြည့်ပါ။ ဘုရားက လုပ်ပါ၊ မလုပ်နဲ့ လို့ မှာကြားတာတွေဟာ တစ်မိန့်တစ်သံ အာဏာ မဆန်ပါဘူး။ လူ ကို စောင့်ရှောက်ဖို့အတွက် မှာကြားခဲ့တဲ့ ပညတ်တွေပဲဖြစ်ပါတယ်။ ဘုရားက အာဏာရှင် မဆန်ဘူး။ မေတ္တာရှင်ပဲ ဖြစ်တယ်။ ဒါကို ဘယ်တော့မှ မမေ့ပါနဲ့။ အမိန့်ဆိုတာ အာဏာရှင်ဆီကပဲ လာတယ်။ မိန့်မှာစကားဆိုတာကတော့ ဖခင်ဆီကနေပဲ လာပါတယ်။ ဝိညာဉ်တော်မပါဘဲ ကျွန်စိတ်ဓါတ်တွေရှိတဲ့ လူတွေသာလျှင် ဘုရားရဲ့ မိန့်မှာ ပညတ်စကားတွေကို အကောင်းမမြင် အဖျက်သဘောနဲ့ ရှုမြင်တတ်တယ်။ ဝတ္တရားရှိလို့ လုပ်ရတယ်။ ပညတ်ထားလို့ စောင့်ထိန်းရတယ်လို့ မြင်တတ်ကြတယ်။ ဘုရားသားသမီးတွေ ဖြစ်တဲ့ ခရစ်ယာန်တွေက ပညတ်ကို ပညတ်အတိုင်းပဲ ကျင့်လို့ မရပါဘူး။ ပညတ်အတိုင်း တသွေမတိမ်း လိုက်နာပြီး မေတ္တာတရားတွေ မပါဘူးဆိုရင် ဒါဟာ လွတ်လပ်တဲ့ ဘုရားသားသမီးတွေရဲ့ အပြုအမူ မဟုတ်ပါဘူး။ သခင်ပြောတဲ့စကားကို အမိန့်လို နားထောင်တတ်တဲ့ ကျွန်တစ်ယောက်သာသာပဲ ရှိပါတယ်။ ဒါကြောင့် ဘုရားရှင်ပေးတဲ့ ပညတ်မိန့်ကြားချက်တွေကို လွတ်လပ်စွာ မေတ္တာတရားနဲ့ အများကောင်းကျိုးအတွက်၊ မိမိ ဘဝ စုံလင်စေဖို့အတွက် လိုက်နာကျင့်ကြံကြရမှာပဲ ဖြစ်တယ်။

(ဇွန်လ ၂၀ ရက်၊ ၂၀၁၈)

သီကိုရှင်း

## ဘုရားသခင်ကို ထိခိုက်စော်ကားချေပြောဆိုခြင်းသည် အပြစ်ကြီးဖြစ်သည်ဟု ရဟန်းမင်းကြီးဖရန့်စစ်မိန့်ကြား




ဘာသာခြားများပင်ပြောရန်မဝံ့ရဲသော ဘုရားသခင်ကို ထိခိုက်စော် ကားသည့် အမင်္ဂလာစကားကို တိုင်းပြည်တစ်ခုလုံး၏ အမြင့်ဆုံး သမ္မတရာထူးကို ထမ်းဆောင်နေသော သူကပြောကြားသွားခဲ့သည်။

သူသည်လည်း သူ ထိခိုက်စော် ကား လိုက်သောဘုရားကို သက်ဝင်ယုံကြည်သူ ဖြစ်သည်။ ဇွန်လ အတွင်းက ပြောခဲ့သော ဖိလစ်ပိုင်သမ္မတ ဒူတာတေး၏ ဘုရားသခင်အားထိခိုက်စော်ကားသောစကားများသည် မီဒီယာ၌လည်းကောင်း၊ ရပ်ကွက်များ၌ လည်းကောင်း၊ အံ့အားသင့်၊ ထိတ်လန့်စရာများ၊ စိတ်မကောင်းစရာများ ဖြစ်စေခဲ့သည်။


ယေရှုး သခင် ကို ကျမ်းတတ်ဆရာ၊ ဖာရီဇေဦးတို့က "ယေရှုးသခင်သည် နတ်ဆိုးမင်းကို အားကိုး၍ နတ်ဆိုးများကို နှင်ထုတ်သည်" ဟု မလေးမစား၊ ထင်ယောင်ထင်မှား၊ စွပ်စွဲ ပြောဆိုခြင်းနှင့်ပတ်သက်၍ ပုပ်ရဟန်းမင်း ကြီး ဖရန့်စစ်က ထိုသို့ စွပ်စွဲ ပြောဆိုချက်ကို ယေရှုးသခင်သည် ရေငုံနှုတ်ပိတ် မနေခဲ့ကြောင်း အဘယ်ကြောင့်ဆိုသော် ကျမ်း တတ်ဆရာများ၊ ဖာရီဇေဦးတို့သည် ယေရှုးသခင်၏ အသက်တာ၌ ကိန်းဝပ် လှုပ်ရှားနေသော ဘုရားသခင်၏ ချစ်ခြင်းကိုမမြင်၊ မသိနိုင်ဘဲ ပြောဆိုနေခြင်းသည် အပြစ်ကြီးကို ကျူးလွန်စေသကဲ့ သို့ ဖြစ်နေပြီး ဤအပြစ်သည် အမှန်တရားကိုငြင်းပယ်သောအပြစ် ဖြစ်ကြောင်း အမှန်တရားကို ငြင်းပယ်ခြင်း သည် သန့်ရှင်းသော ဝိညာဉ်တော်ကို ထိခိုက် ပြစ်မှားရာ ရောက်ပြီး၊ အပြစ်ကြီး မြောက်ကြောင်း ရှင်းလင်း မိန့်ကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ ချုပ်က ဇူလိုင်လ ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်တိုင် အစာရှောင်ခြင်း၊ ဆုတောင်းခြင်းနှင့် ပေးကမ်း စွန့်ကြဲခြင်း များ ပြုလုပ်ကြရန် ဘာသာဝင်များအား တောင်းခံခဲ့သည်။

ဆရာတော်ကြီးများ၏ ကြေငြာစာတွင် အမည်ဖော်ပြခြင်း မရှိဘဲ ဘုရားသခင်အား ထိခိုက်စော်ကားသော စကားဆိုမိခြင်း







အတွက် အပြစ်ဖြေသည့် အနေဖြင့် ထိုသို့ ကျင့် ဆောက်တည်ကြရန် ဆော်ဩခဲ့ခြင်းဖြစ်သည်။

သမ္မတ ဒူတာတေး သည် ပုပ်ရဟန်း မင်းကြီး၊ ဥရောပသမ္မဂ၊ ကုလသမ္မဂ အပါအဝင် လူပုဂ္ဂိုလ်များအားလည်း သူ၏ မိန့်ခွန်းများတွင် ထိခိုက်စော်ကား ပြောဆိုခဲ့သည်များရှိသည်။ ယခုအခါတွင် အသင်းတော်နှင့် ယုံကြည်ခြင်းကိုပါ တိုက်ခိုက်ပြောဆိုလာခြင်းဖြစ်သည်။

# တံတိုင်းများ တည်ဆောက်ခြင်းဖြင့် ငြိမ်းချမ်းခြင်း မတည်ဆောက်နိုင်ဟု ပုပ်ရဟန်းမင်းကြီးဖရန်စစ်မိန့်ကြား



အရှေ့အလယ်ပိုင်း ဒေသတွင် အလွန်လိုအပ်နေသော ငြိမ်းချမ်း ရေးကို ခွဲခြားခြင်း၊ အကြမ်းဖက်ခြင်း၊ ကိုယ်ကျိုးရှာခြင်း တို့ဖြင့် တည်ဆောက်ရနိုင်မည် မဟုတ်ဟု ပုပ်ရဟန်းမင်းကြီး အရှင်သူမြတ် ဖရန်စစ်က အီတလီနိုင်ငံ ဘာရီ မြို့တွင် ကျင်းပပြုလုပ်ခဲ့သော ခရစ်ယာန် ဘာသာများ စုပေါင်းဆုတောင်းပွဲတွင် မိန့်ဆိုခဲ့သည်။

အီတလီနိုင်ငံ ဘာရီမြို့တွင် အရှေ့ အလယ်ပိုင်းဒေသတွင်းရှိ ခရစ်ယာန်ဘာသာအသီးသီးမှ ခေါင်းဆောင်များ နှင့် ဘာသာဝင် ငါးထောင်ခန့်သည် ဒေသတွင်း ငြိမ်းချမ်းရေးအတွက် ဆုတောင်းပွဲ တစ်ခုကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၇ ရက်၌ ကျင်းပပြုလုပ်ခဲ့ကြသည်။

ဤသမိုင်းဝင် ဆုတောင်းပွဲကို ဧပြီလတွင် စီစဉ်ခဲ့ပြီး ပြင်ဆင်မှု များစွာ ပြုလုပ်ခဲ့သည်။ အရှေ့အလယ်ပိုင်း ဒေသတွင်းရှိ ခရစ်ယာန်အသင်းတော်များ အားလုံး စုရုံးပါဝင်ခဲ့သည့်အတွက် အောင်မြင်သော အစီအစဉ်တစ်ခု အဖြစ် မှတ်ချက်ပြုနိုင်သည်။

ပုပ်ရဟန်းမင်းကြီးကသူ၏ မိန့်ခွန်းတွင် ငြိမ်းချမ်းရေးကို အမှန်တကယ် ဆောက်တည်နိုင်ရန် အဓိကကျသော အချက်များကို မီးမောင်း ထိုးပြခဲ့သည်။ သူပြောလေ့ရှိသည့် အတိုင်း လက်နက်ရောင်းဝယ်ခြင်း လုပ်ငန်းကို ဦးစွာ ပြစ်တင်ခဲ့သည်။ ဟီရိုရှီးမားနှင့် နာဂါဇာကီတွင် ကျခဲ့သော အနုမြူဗုံးကဲ့သို့ ဖျက်အားကြီးသော လက်နက်များ တီထွင်ကာ မိမိတို့ စီးပွါးရေးကိုသာ ကြည့်ပြီး လူအများ ဒုက္ခ ခံစားစေသော အတ္တလောဘများ ရှောင်ရှားကြရန် နှိုးဆော်ခဲ့သည်။ လက်နက်ရောင်းဝယ်ခြင်း၏ အထိအနာဆုံး သားကောင်များမှာ ကမ္ဘာမြေကြီးနှင့် ဆင်းရဲသားများ ဖြစ်သည်။

အာဏာနှင့် လုပ်ပိုင်ခွင့်ကို လက်ကိုင်ထားသူတို့သည် မိမိတို့ အကျိုးအမြတ်ကို မကြည့်ဘဲ ငြိမ်းချမ်းရေးအတွက် အမှန်တကယ် ပြတ်ပြတ်သားသား လုပ်ဆောင်ကြရန် တိုက်တွန်းခဲ့သည်။

"လူအများက ဒုက္ခမျိုးစုံ ခံစားရစဉ် လူနည်းစုက အမြတ် ထုတ်နေခြင်းများကို ရပ်တန့်ကြပါ၊ လူတွေကို တကွဲစီ ဖြစ်စေတဲ့ နယ်နမိတ်တွေ ဖြတ်ကျော် သိမ်းပိုက်ခြင်းတွေကို ရပ်တန့်ကြပါ။ တဝက်တပျက် အမှန် တရားတွေနဲ့ လူတွေရဲ့ မျှော်လင့်ချက်တွေကို ရိုက်ချိုး ဖျက်စီးနေတာတွေကို ရပ်တန့်ကြပါ။ အရှေ့အလယ်ပိုင်းဒေသကို အရင်းတည်ပြီး ကိုယ့်အတွက် အမြတ်ထုတ်နေတာတွေကို ရပ်တန့်ကြပါ။" ဟု ရဟန်းမင်းကြီးက တောင်းဆိုခဲ့သည်။

"တံတိုင်းတွေကာရံခြင်း၊ အင်အားပြခြင်းတွေနဲ့ ပြုလုပ်ထားတဲ့ အပစ်အခတ်ရပ်စဲခြင်း သဘောတူညီချက်တွေဟာ ငြိမ်းချမ်းရေးကို ဆောက်တည်ပေးနိုင်မှာ မဟုတ် ပါဘူး။ အပြန်အလှန် နားထောင်ချင်တဲ့စိတ်ထား၊ ညှိနှိုင်းဆွေးနွေးလိုတဲ့ ဆန္ဒတွေ လက်တွေ့ကျကျ ရှိခြင်းကသာလျှင် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မှာပါ"

ဤ မိန့်ခွန်း မပြောမီ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် အရှေ့အလယ်အပိုင်းဒေသတွင်းမှ ခရစ်ယာန် အသင်းတော်အသီးသီး၏ ခေါင်းဆောင်များနှင့် ဦးစွာ တွေ့ဆုံစည်းဝေးပွဲ ပြုလုပ်ခဲ့သည်။ "သင်တို့အပေါ် ငြိမ်သက်သာယာခြင်း ရှိပါစေ။ အရှေ့အလယ်ပိုင်း ဒေသအတွက် ခရစ်ယာန်များ" ခေါင်းစဉ်ဖြင့် ပြုလုပ်ခဲ့သော ဇူလိုင် ၇ ရက် ခရစ်ယာန် ဂိုဏ်းပေါင်းစုံ စုပေါင်းဆုတောင်းခြင်းသည် ငြိမ်းချမ်းရေးအတွက် တဖက်တလမ်းမှာ အထောက်အကူဖြစ်စေမည်ဟု မျှော်လင့်ရပါသည်။

Ref: *Catholic News Agency*

# မုန်းတီးခံရခြင်းကို ချစ်ခြင်း၊ သက်သေခံခြင်းတို့နဲ့ တုန့်ပြန်ကြ



"နောက်လိုက် တပည့် တစ်ဦးဖြစ်တယ်ဆိုတာ ရွေးကောက်ခံရခြင်းကြောင့် ဖြစ်လာတာပါ။ အဲ့ဒီရွေးကောက်ခံရခြင်းဟာ ဘုရားရဲ့ လက်ဆောင်တစ်ခုဖြစ်သလို စွန့်စားရတဲ့ အသက်တာလည်း ဖြစ်ပါတယ်။" ဟု ဗာတီကန် မြို့ပြနိုင်ငံရဲ့ အတွင်းရေးမှူးချုပ် အာဒီနယ် ပီအယ်တရို ပါရိုလင်းက ရှင်ယောဟန် ဧဝံဂေလိကျမ်းပိုဒ်ဖြစ်တဲ့ သင်တို့သည် လောကနှင့်မဆိုင် ဟု ခရစ်တော်ရဲ့ စကားကို ကိုးကားကာ ဩဝါဒတွင် မိန့်ကြားခဲ့ခြင်း ဖြစ်သည်။

လောကသားတွေက အဘယ့်ကြောင့် ခရစ်တော်၏ နောက်လိုက် တပည့်များကို မုန်းတီးသည်ကို ကာဒီနယ်က ယခုကဲ့သို့ ရှင်းပြခဲ့သည်။ "ခရစ်တော်ရဲ့ နောက်လိုက်တွေက လောကသားတွေနဲ့ ဘဝဆောက်တည်ပုံချင်း မတူညီကြပါဘူး။ ခရစ်တော်ရဲ့ နောက်လိုက်တွေမှာ ဘုရားသခင်ရဲ့ ရွေးချယ်ခံရခြင်းနဲ့အတူ ဘဝရဲ့ အခြေခံ တည်ဆောက်မှုဟာ ဧဝံဂေလိတရား တော်ဖြစ်တယ်။ အဲ့ဒီတရားတော်အပေါ်မှာ လူသားတွေဟာ ပျော်မွေ့ပြီး အသွင်ပြောင်းလဲလာကြပါတယ်။"

၂၀၁၈ခု ဇူလိုင်လ ၁၂ ရက်တွင် အာကွိလာ မြို့၌ ရဟန္တာ ဟဲမာဂိုးရပ်စ် နှင့် ဖေါ်တူနားတုစ် တို့၏ ပွဲတော်ကျင်းပသော မဏ္ဍားတွင် ကာဒီနယ်ကြီးက ဩဝါဒ ပေးခဲ့ခြင်းဖြစ်သည်။ အတွင်းရေးမှူး ကာဒီနယ်သည် ထိုမြို့တွင် ပထမ ကမ္ဘာစစ်ပြီးဆုံးခြင်း နှစ် ၁၀၀ ပြည့် ညီလာခံ ကျင်းပရန် ရောက်ရှိနေခြင်း ဖြစ်သည်။

"ညီအစ်ကို မောင်နှမ အပေါင်းတို့ မမုန်းတီးတတ်အောင် သင်ယူကြပါစို့။ ခရစ်တော်ဟာ ခမည်းတော်အပ်နှင်းပေးလိုက်တဲ့ လုပ်ငန်းတာဝန်ကို ကျေပြွန်ဖို့အတွက် ဒီမုန်းတီးခြင်းဆိုတာကို ခါးစည်း ခံခဲ့တယ်။ ခရစ်တော်ဟာ သူသားတွေကို ချစ်ဖို့၊ မုန်းတီးခြင်းနဲ့ အချည်းနှီးဖြစ်သော ဉာဏ်ပညာမှ ကယ်တင်ဖို့၊ အဆိုးကို အကောင်းနဲ့ အနိုင်ယူဖို့၊ ဘုရားသခင်ရဲ့ နိုင်ငံတော် ထူထောင်ဖို့ အမုန်းခံခဲ့ရတယ်။ အခုမျက်မောက် ကာလ အချိန်အခါမှာ မုန်းတီးခြင်းကို ဆန့်ကျင်ပြီး ချစ်ခြင်းဘက်မှာနေဖို့၊ လျစ်လျူ ရှုခြင်းကို ဆန့်ကျင်ပြီး သူတပါးအား ဂရုစိုက်တတ်ဖို့၊ သေခြင်းရဲ့ ဆန့်ကျင်ဘက်မှာ နေပြီး ရှင်သန်ခြင်းကို ရွေးချယ်ဖို့ ခရစ်တော်ရဲ့ သက်သေခံများ ဖြစ်ဖို့ အရေးတကြီး လိုအပ်နေတဲ့ အချိန်အခါ ဖြစ်ပါတယ်" ဟု ခေတ်အခါ၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် ခွန်အား ပေးခဲ့သည်။

Ref: Vatican News

# ရဟန်းမင်းကြီး၏ မိန့်မှာချက်အတိုင်း အဆက်မပြတ် သတင်းကောင်းကြေငြာသူအဖြစ် နေထိုင်ကြပါစို့

၅ ကြိမ်မြောက် အမေရိကန် သာသနာပြု ကွန်ဂရက်စ်သည် အမေရိကတိုက်အတွင်း သာသနာပြု စိတ်ဓါတ်များ ခိုင်မာရေးအတွက် အရေးပါသော အဆင့်တစ်ခု ဖြစ်သည်ဟု ကာဒီနယ် ဖါနန်ဒို ဖီလိုနီက ပြောကြားခဲ့သည်။ ကာဒီနယ်ဖီလိုနီသည် ဧဝံဂေလိသတင်းကောင်း ပြန့်ပွါးရေး ပုပ်ရဟန်းမင်းကြီး ရုံးတော်၏ ညွှန်ကြားရေးမှူး ဖြစ်ပြီး ယခုကျင်းပနေသော ကွန်ဂရက်စ်တွင် ရဟန်းမင်းကြီး၏ အာဏာလွှဲအပ်ခံရသော ကိုယ်စားလှယ်အဖြစ် တက်ရောက်နေသူ ဖြစ်သည်။

ဤ ကွန်ဂရက်စ်သည် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ထုတ်ပြန်ထားသော ဧဝံဂေလိတရားတော်၏ ဝမ်းမြောက်ခြင်း စာချွန်တော်တွင် မှာကြားချက်ကို လိုက်နာကာ အမေရိကတိုက်၏ ယဉ်ကျေးမှု၊ လူနေမှုစနစ်တို့ကို အခြေခံကာ လက်တွေ့ကျင့်ဆောက်တည်ကာ ဧဝံဂေလိ သတင်းကောင်းကို အဆက်မပြတ် ကြေငြာဟောပြောသူများ ဖြစ်နိုင်ရေးအတွက် နည်းလမ်းများ ရှာဖွေမည် ဖြစ်သည်။

၂၀၁၈ ခုဇူလိုင်လ ၁၂ ရက်နေ့တွင် ပြောကြားခဲ့သော အဖွင့်မိန့်ခွန်းတွင် ကာဒီနယ်ဖီလိုနေက ဧဝံဂေလိ သတင်းကောင်း ဟောပြောရာတွင် လုပ်ဆောင်ကြရမည့် အချက်သုံးချက်ကို ပြောပြခဲ့သည်။ ဘာသာဝင်များ နှင့် ဆေးကြောခြင်းခံပြီးသော်လည်း ခံယူထားသော ဆေးကြောခြင်းအတိုင်း မနေထိုင်သူများအား ၏ ဝိညာဉ်ရေး၊ ကိုယ်ကျင့်တရားရေးတို့ ခိုင်မာစေရန် သိုးထိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခရစ်တော် အကြောင်း လုံးဝ မသိသေးသူများအား ဟောကြားခြင်း တို့ဖြစ်သည်။

အမေရိကတိုက်တွင် ဤ အမျိုးစား သုံးမျိုးလုံး ရှိနေပြီး အမေရိက အသင်းတော်အတွက် ကြီးမားသော စိန်ခေါ်မှုလည်း ဖြစ်သည်။

ဒုတိယ ထောင်စုနှစ်တွင် ဧဝံဂေလိတရားတော် ပြန့်ပွါးခဲ့သော အမေရိက မြေပေါ်တွင် တရားတော်၏ သစ်လွင်မှုကို အစဉ်ခံစားကာ ငြီးငွေ့အေးခဲမသွားဘဲ ဆက်လက် ရှင်သန်နေစေရန် တိုက်တွန်းခဲ့သည်။ သာသနာပြု ခေါ်တော်မူခြင်းများ တိုးပွါးလာစေရန်၊ သာသနာပြုများကို ဒေသအတွင်းသာမက အခြားနိုင်ငံများနှင့်လည်း ဝေမျှအမှုတော်ထမ်းဆောင်ရန် အားပေးခဲ့သည်။ အမေရိကတွင်သာမက ကမ္ဘာ တဝှမ်းလုံးတွင် ဧဝံဂေလိတရားတော် အမှုထမ်းများ လိုအပ်နေသည်ဟု ကာဒီနယ်က မှတ်ချက်ပြုခဲ့သည်။

# ကိုးကွယ်မှု ဘာသာတရားများမှ ဓမ္မမိတ်ဆွေများ တွေ့ဆုံခြင်း




မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ် သာသနာ ကိုးကွယ်မှု ဘာသာတရားများ အချင်းချင်း နီးနှောဖလှယ်ခြင်း ကော်မတီမှ ကြီးမှူးပြုလုပ်သော "ကိုးကွယ်မှု ဘာသာတရားများမှ ဓမ္မမိတ်ဆွေများ တွေ့ဆုံခြင်း" အခမ်းအနားကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် မန္တလေးဂိုဏ်းချုပ်သာသနာ ဆရာတော်ကြီး ကျောင်းတိုက်တွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ ဘာသာ အသီးသီးမှ ဆရာတော်ကြီးများနှင့် တကွ ကိုယ်စားလှယ်များ တက်ရောက် ခဲ့ကြပါသည်။ တွေ့ဆုံပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်မှာ ချစ်ခင်ရင်းနှီးမှု တည်ဆောက်ရန်နှင့် နီးနှောဖလှယ်ရန် ရည်ရွယ်ချက်ဖြင့် ယခု တွေ့ဆုံပွဲကို ပြုလုပ် ရခြင်းဖြစ်ကြောင်း သိရှိရပါသည်။




တွေ့ဆုံပွဲ၌ ဘာသာ အသီးသီးမှ ကြွရောက်လာကြသော ဆရာတော်ကြီးများနှင့် ကိုယ်စားလှယ်များမှ ကိုးကွယ် ယုံကြည်ရာ ဘာသာအလိုက်နေ့စဉ် အသက်ရှင် နေထိုင်ခြင်းတွင် မေတ္တာ တရားသည် အရေးကြီးသည့်အရာတစ်ခုဖြစ်ကြောင်းကို ဘာသာ အသီးသီးမှ ကိုယ်စားလှယ်များက ဟောပြောဝေငှခဲ့ကြပါသည်။

မြန်မာနိုင်ငံတော် တည်ဆောက်ရေးတွင် ဘာသာ အသီးသီးမှ လူသားများ အားလုံး မိမိတို့ ဘာသာတရား၏ တရားတော်များအတိုင်း လိုက်နာ ကျင့်ဆောက်တည် ကြမည်ဆိုပါက ကမ္ဘာကြီးဟာ ငြိမ်းချမ်း မည်ဖြစ်ကြောင်း၊ ဘာသာတရား၏ အဆုံး အမများအား လိုက်နာခြင်းမရှိဘဲ လုပ်ဆောင် နေသူအချို့အား မိမိတို့ အနေဖြင့် မည်ကဲ့သို့ လက်တွဲခေါ်ဆောင် ကြမည်လဲဆိုသည်ကို အတူတကွ ဝိုင်းဝန်း ဆွေးနွေးတိုင်ပင် လုပ်ဆောင်ခြင်းဖြင့် ငြိမ်းချမ်းခြင်းကို ရရှိမည် ဖြစ်ကြောင်းများကို ဆွေးနွေး တိုင်ပင်ခဲ့ကြပါသည်။

News & Photo (Pinky)
RVA Myanmar Service

# မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ် ပညာရေးကော်မရှင် နှင့် ဖယ်ခုံဂိုဏ်းအုပ်သာသနာ ပညာရေးကော်မရှင်တို့ ပူးပေါင်းပြီး အခြေခံပညာသင် ဆရာ/ဆရာမများ အတွက် ၁၀ လကြာ သင်တန်း တစ်ရပ်ဖွင့်လှစ်

မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ် ပညာရေးကော်မရှင် နှင့် ဖယ်ခုံဂိုဏ်းအုပ်သာသနာ ပညာရေး ကော်မရှင်တို့ ပူးပေါင်းပြီး "Primary Teacher Education and Training" ခေါင်းစဉ်ဖြင့် ၁၀ လကြာ သင်တန်းတစ်ရပ်ကို ဇူလိုင်လ ၁၆ ရက်တွင် စတင်ခဲ့ပါသည်။ ၄င်း ၁၀ လကြာသင်တန်းကို ရှမ်းပြည်တောင် ပိုင်း ဖယ်ခုံမြို့နယ်၊ မိုးဗြဲတိုက်နယ် ပွေခုံ (၂) တွင် ရှိသော (Mother of God Catholic Church) ဘုရားကျောင်းဝင်း အတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

၄င်းသင်တန်း၏ ရည်ရွယ်ချက်မှာ အရည်အသွေးပြည့်မီသော အခြေခံပညာရေး ဖြစ်လာစေရန်နှင့် ၄င်းအတွက် လိုအပ်သည့် အခြေခံဗဟုသုတများ၊ သင်ကြားရေးဆိုင်ရာ သီအိုရီများနှင့် လက်တွေ့လေ့လာ သင်ယူခြင်းများကို ဆရာ၊ ဆရာမများ လေ့လာတတ်မြောက်စေပြီး ပြန်လည် အသုံးချသင်ကြားနိုင်ရန် ဖြစ်သည်။




အဆိုပါ သင်တန်း ဖွင့်လှစ်ခြင်း အခမ်းအနားသို့ ဖယ်ခုံ ဂိုဏ်းအုပ်သာသနာ၏ ပညာရေးကော်မရှင် ဒါရိုက်တာနှင့် မိုးဗြဲတိုက်နယ်၏ ကျောင်းထိုင် ဘုန်းတော်ကြီး Rev. Fr. Aniceto Day Dereh နှင့် လက်ထောက်ကျောင်းထိုင် ဘုန်းတော်ကြီး Fr. Matthias Banri Ngai၊ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် ပညာရေးကော်မရှင်၏ ဒါရိုက်တာဖြစ်သူ Mrs. Lucrecia Naw Kyu Khin၊ ပညာရေးကော်မရှင်မှ အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ၊ ဆရာ/ဆရာမများနှင့် သင်တန်းသားများ တက်ရောက်ပါဝင်ခဲ့ကြသည်။

အခမ်းအနားကို ဖယ်ခုံ ဂိုဏ်းအုပ်သာသနာ၏ ပညာရေးကော်မရှင်၏ ဒါ ရိုက်တာ ဘုန်းတော်ကြီးဖြစ်သူ Rev. Fr. Aniceto Day Dereh မှ ဆုတောင်းမေတ္တာဖြင့် ဖွင့်လှစ်ပေးခဲ့ပြီး CBCM ပညာရေးကော်မရှင် ဒါရိုက်တာ Mrs. Lucrecia Naw Kyu Khin မှ သင်တန်းသားများအား ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပါသည်။

တက်ရောက်ချိန် ၁၀ လ ကြာမြင့်မည်ဖြစ်သော ၄င်းသင်တန်းသို့ တက်ရောက်သူ ဆရာမ (၁၇) ဦး၊ ဆရာ(၃) ဦး စုစုပေါင်း သင်တန်းသားဦးရေ ၂၀ ဦး ရှိခဲ့ပြီး ၄င်းသင်တန်းသားများမှာ ဖယ်ခုံ၊ ဗန်းမော်၊ တောင်ငူ၊ ကလေး၊ ပြည် စသော သာသနာ (၅)ခု တို့မှ ဖြစ်ကြသည်။

ECE

သင်တို့သည် "သတင်းကောင်း"ကို ကျွန်ုပ်တို့ထံ ဆောင်ယူလာသောကြောင့် ဖြစ်သည်။ သင်တို့ ဆောင်ကြဉ်းပေးသော သတင်းကောင်းသည် သင်တို့၏ ယေရှုယ်နုပျိုမှု၊ သင်တို့၏ ယုံကြည်ခြင်းနှင့် သင်တို့ စိတ်အားထက်သန်မှုများမှ ဆင်းသက်လာသည်။ ကေန်စင်စစ် သင်တို့သည် သတင်းကောင်း ဖြစ်ပေသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ် စိန်မေရီ ကာသီဒြယ်တွင် လူငယ်များအား မိန့်ကြားသော ဩဝါဒ ၃၀ နိုဝင်ဘာလ ၂၀၁၇

# တောင်ကြီး ဂိုဏ်းချုပ်ဆရာတော်ကြီး Basilio Athai ၏ ( ၆၂ ) နှစ်မြောက် မွေးနေ့ပွဲ ကျင်းပ




ဇူလိုင်လ ၂၂ ရက်တွင် ကျရောက်သော တောင်ကြီးဂိုဏ်းချုပ်သာသနာ ဆရာတော်ကြီး Basilio Athai ၏ မွေးနေ့ မစ္ဆားတရားတော်မြတ်ကို တောင်ကြီးမြို့ စိန်ဂျိုးဇက် ဘုရားရှိခိုးကျောင်း၌ ဆရာ တော်ကြီး ကိုယ်တိုင် ဦးဆောင်ကာ မွေးနေ့ ကျေးဇူး တင် တရားတော်မြတ်ကို ဟောကြား ခဲ့သည်။

ဂိုဏ်းချုပ်ဆရာတော်ကြီး၏ ကျေးဇူးတင် မစ္ဆားတရားတော်မြတ်တွင် ရဟန်း ၇ ပါး၊ ဒီကင် ၁ ပါး၊ စိန်မိုင်ကယ်ကျောင်းမှ ကိုရင်များ၊ စိန်ထရေးဇာ ရဟန်းဖြစ်သင် ကျောင်းမှ ကျောင်းသားများ၊ တောင်ကြီးမြို့ ပေါ်ရှိဂိုဏ်းအသီးသီးမှ သီလရှင်များ နှင့် ဘာသာတူများ ပါဝင်ခဲ့ပြီး ဆရာတော်ကြီး အတွက် အတူတကွ ဆုတောင်းပေးခဲ့ကြ သည်။


ဆရာတော်ကြီးက ဆုံးမဩဝါဒ မြွက်ကြား ရာတွင် ကျမ်းစာ တော်မြတ် ၌ သခင် ခရစ်တော်ကို ရည်ညွှန်း၍ ကောင်းသော သိုးထိန်းကြွလာလိမ့်မည် ဖြစ်ကြောင်း ၄င်းသိုးထိန်းသည် ပျောက်သွားသော၊ လမ်းမှားသို့ ရောက်နေသောသိုးများကို ပြန်လည် စုစည်းပြီး စားကျက်ကောင်းသော နေရာ မြက်ခင်းစိမ်းသရှိရာအရပ်တွင် သိုးများကို ပြုစု စောင့်ရှောက်လိမ့်မည်ဖြစ်ကြောင်း ဆိုထားကြောင်း ဘာသာတူများ အနေဖြင့်လည်း တနင်္ဂနွေ ဝတ်ပြုကိုးကွယ်ခြင်း အခမ်းအနားကို မှန်မှန်ပါဝင်ပြီး စိတ်ဝိညာဉ် အာဟာရ ရယူကြရန် ဘုရားသခင်၏ နှုတ်တော်ထွက်စကားများကို နာ ယူ၍ ခွန်အား ယူကြရန် တိုက်တွန်းပြောကြား ခဲ့သည်။

မစ္ဆားတရားအပြီးတွင် ဘာသာတူများနှင့် ဘာသာရေးအသင်း အဖွဲ့များက ဆရာတော်ကြီးကို သီချင်းများဖြင့် ဂုဏ်ပြု သီဆို၍ခဲ့ကြပြီး ပျော်ရွှင်သော မွေးနေ့ဖြစ်ပါကြောင်း တစ်ဦးစီလက်ဆွဲနှုတ်ဆက် ဆုတောင်းပေးခဲ့ကြသည်။

ဂိုဏ်းချုပ်ဆရာတော်ကြီး Basilio Athai သည် သက္ကရာဇ် ၁၉၅၆ ခုနှစ် ဇူလိုင်လ ၂၂ ရက်တွင် မွေးဖွားခဲ့ပြီး အသက် ၂၈ နှစ်အရွယ် ၁၉၈၄ ခုနှစ် ဧပြီလ ၁ ရက်တွင် ကက်သလစ်ရဟန်းတော် တစ်ပါး အဖြစ် ရဟန်းသိက္ခာခံယူခဲ့သည်။ တောင်ကြီးဂိုဏ်းချုပ် သာသနာ၏ ဆရာတော်ကြီး အဖြစ် ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်တွင် တာဝန်အပ် နှင်းခြင်းခံခဲ့ရပြီး သက်တော် ၆၂ နှစ်ရှိပြီ ဖြစ်သော ဂိုဏ်းချုပ် သာသနာ ဆရာတော်ကြီး Basilio Athai သည် လာမည့် နိုဝင်ဘာ ၁၈ ရက်တွင် ဆရာတော်ဝါ ၁၀ နှစ် ပြည့် မည်ဖြစ်သည်။

တောင်ကြီး လူထုဆက်သွယ်ရေးရုံး






ပြည်သာသနာ ဂိုဏ်းအုပ် ဆရာတော်ကြီး အလက်ဇန္ဒား ပြုံးချို ၏ ၆၉ နှစ်မြောက် မွေးနေ့ ကျေးဇူးတင် မစ္ဆားတရားတော်မြတ်ကို ပြည်မြို့ရှိ စိန်ပေါလ် ကာသီဒြယ် ကျောင်း တော်ကြီးတွင် ဇူလိုင်လ ၁၀ ရက် ညနေ ၅ နာရီ အချိန်တွင် ကျင်းပပြုလုပ်ခဲ့သည်။ (အင်တာနက်)

# ဖားအံ ဂိုဏ်းအုပ်သာသနာ ဆရာတော်ကြီး ဂျက်စတင်း စောမင်းသိုက်၏ ပွဲနေ့ ဂုဏ်ပြုနှုတ်ဆက်ပွဲ



ဇွန်လ (၁) ရက်တွင် ကျရောက်သော ဘားအံ ဂိုဏ်းအုပ်ဆရာတော်ကြီး ဂျက်စတင်းစောမင်းသိုက်၏ ပွဲနေ့တွင် ပွဲနေ့ ရှင် ဆရာတော်ကြီးဂျက်စတင်း စောမင်းသိုက် နှင့်အတူ Fr. မြင့်စိုးမှ ဦးဆောင်ပြီး ပွဲနေ့ မစ္ဆားတရားတော်မြတ်ကို ဟောကြားခဲ့ပါသည်။

ဆရာတော်ကြီး ၏ ပွဲနေ့ မစ္ဆား တရား တော်မြတ်တွင် ဘာသာသူများ၊ ဘော်ဒါကျောင်းသားကျောင်းသူများ၊ သီလရှင်များနှင့် ကိုယ်ရင်ကြီးများ ပါဝင်ခဲ့ကြပြီး ဆရာတော်ကြီး အတွက် ဆုတောင်းပေးခဲ့ ကြသည်။

မစ္ဆားတရားတော်မြတ် အပြီးတွင် အဖဆရာတော်ကြီး ဂျက်စတင်း စောမင်းသိုက်ကို ဘာသာဝင်များမှ ပွဲနေ့ ဂုဏ်ပြု သီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

ဇွန်လ ၁ ရက်သည် ကျောင်းများ စတင်ဖွင့်လှစ်သည့်နေ့ဖြစ်သောကြောင့် ဆရာတော်ကြီးမှ ကျောင်းသား/သူများကို ပညာကို ကြိုးစားသင်ယူကြရန် ဆုံးမစကား ပြောခဲ့သည်။

ဆရာတော်ကြီးအား ကျောင်းသား/သူ များ နှင့် ဘာသာဝင်များက ပန်း စည်း၊ လက်ဆောင်များနှင့် ဂုဏ်ပြု နှုတ် ဆက် ခဲ့ကြပြီး ဆရာတော်ကြီး၏ ပွဲနေ့ အခမ်းအနားကို အဆုံးသတ်ခဲ့သည်။

အခမ်းအနား အပြီးတွင် ပါဝင် တက်ရောက်ကြသော ဘာသာဝင်များကို ကြာဇံဟင်းခါးဖြင့် ဧည့်ခံခဲ့သည်။

MAL PHAW

# မီဒီယာသုံး သမ္မာကျမ်းစာနှင့် ဘုရားစကားသင်ကြားခြင်း ဆရာဖြစ်သင်တန်း

မီဒီယာသုံး သမ္မာကျမ်းစာနှင့်ဘုရားစကားသင်ကြားခြင်း ဆရာဖြစ်သင်တန်းကို ဇွန်လ ၂၅ ရက်မှ ၂၉ ရက်အထိ ပုသိမ်ဂိုဏ်းအုပ်သာသနာတွင် ကျင်းပခဲ့သည်။

ပုသိမ်ဂိုဏ်းအုပ် ဆရာတော်ကြီး ဂျွန်မန်းဆိန်းဟိုဳ၏ ဖိတ်ကြားမှုဖြင့် CBCM မှ Fr Bosco Saw Lar Htoo နှင့် Sr.Esther တို့မှ ယခုသင်တန်းကို ဦးဆောင်ပို့ချခဲ့ကြပြီး ပုသိမ်သာသနာတွင်ရှိသော ဘုန်းတော်ကြီးများ၊ သီလရှင်များနှင့် ဓမ္မဆရာ/ မများ စုစုပေါင်းဦးရေ ၉၀ ပါဝင်တက်ရောက်ခဲ့ကြသည်။

ကလေးငယ်များ သမ္မာကျမ်းစာနှင့် ရင်းနှီးမှုရှိလာပြီး သမ္မာကျမ်းစာတော်မြတ်၌ အသက်တာကို လျှောက်လှမ်းတက်စေရန်၊ ဘုရားစကားသင်ကြားရာတွင် စက္ကမင်းတူး အကြောင်း၊ ပညတ်တော်များအကြောင်း သာမက သမ္မာကျမ်းစာတော်မြတ် အကြောင်း သင်ကြားပေးခြင်း၊ ပုံပြင်များ၊ အက်ရှင် song ပြုလုပ်ခြင်း၊ videoများပြသခြင်း၊ စသည့် နည်းလမ်းအသွယ်သွယ်သုံး၍ သင်ကြားပေးခြင်းအားဖြင့် ကျမ်းစာတော်မြတ်နှင့် ဘဝအသက်တာအကြောင်း သိရှိ



နားလည်လာကြရန် ဖြစ်ကြောင်း သင်တန်းရည်ရွယ်ချက်နှင့် ပတ်သက်ပြီး Fr Bosco Saw Lar Htoo မှ ပြောကြားခဲ့သည်။


ဘုန်းတော်ကြီးများကို ယခုကဲ့သို့ သင်တန်းပို့ချရခြင်းအကြောင်းရင်းမှာ သီလရှင်များ၊ ဓမ္မဆရာများက ကလေးငယ်များကို ယခုနည်းစနစ်ဖြင့် ဘုရားစကားသင်ကြားလာသည့်အခါ ဘုန်းတော်ကြီးများက လိုအပ်သည့်အရာများ ထောက်ပံ့ကူညီနိုင်ရန် ဖြစ်ကြောင်း Fr Bosco Saw Lar Htoo ဆိုသည်။

"ယခုသင်တန်းက နည်းစနစ်ကျပြီး ကလေးတွေကိုဘယ်လိုသင်ကြားပေးရလဲ သူတို့ရဲ့ဘဝထဲမှာ ကျမ်းစာနဲ့ပက်သက်တဲ့ မေတ္တာတရား၊ ပေးကမ်းစွန့်ကြဲခြင်း၊ ခွင့်လွှတ်ခြင်း စတဲ့အချက်များနဲ့ ကလေးတွေရဲ့ ဘဝထဲမှာ စွဲဝင်သွားအောင် လက်တွေ့ဘဝထဲမှာလည်း ရောက်ရှိသွားအောင် သူတို့ကို ဘယ်လို သင်ကြားရမယ်ဆိုတဲ့ အသိတရား ရရှိပါတယ်" ဟု သင်တန်းတက်ရောက်သူ Fr Medard သင်တန်းနှင့် ပတ်သက်ပြီး မှတ်ချက်ပေး ပြောကြားခဲ့သည်။


တက်ရောက်ပါဝင်ခဲ့သူ သီလရှင်တစ်ပါးကလည်း ၎င်းအတွက် ယခုသင်တန်းသည် အကျိုးများစွာရှိကြောင်း၊ ဘုရားစကား သင်ကြားခြင်းတွင် ကျမ်းစာနှင့်တွဲဖက်ပြီး ကျမ်းစာကို မည်သို့တန်ဖိုးထားလိုက်ကျင့်ရမည်ဆိုသည့်အကြောင်း ဘုရားစကားသင်ကြားရာတွင် အသိပညာများစွာ ရရှိကြောင်း ဆိုသည်။

Pathein OSC

# မိုးညှင်းတိုက်နယ် ကျောင်းထိုင် ဘုန်းတော်ကြီးနှင့်အဖွဲ့ စစ်ရှောင်စခန်း (၆) ခုသို့ ကြွရောက် ခွန်အားပေး



တန့်ဖရဲ မြစ်ဆုံကျေးရွာရှိ စစ်ရှောင်ပြည်သူများအား လှူဖွယ်ပစ္စည်းများ ပေးအပ်နေစဉ်။



လမ်းခွကျေးရွာ စိန့်ပေါလ် စစ်ရှောင်ပြည်သူများအား လှူဖွယ်ပစ္စည်းများ ပေးအပ်နေစဉ်။

မိုးညှင်းတိုက်နယ် ဘုန်းတော်ကြီး ရောဘတ်လဝေါမ်၏ လမ်းညွှန်ဦးဆောင်မှုနှင့်အတူ သီလရှင်များ၊ ကိုရင် ဘရာသာရ်များ၊ ဓမ္မဆရာ ဆရာမများ၊ သာသနာ့အကျိုးဆောင် ကော်မတီဝင်များ၊ တိုက်နယ်အမျိုးသား၊ အမျိုးသမီး အသင်း ဝင်များနှင့် လူငယ်ကော်မတီဝင်များ လူဦးရေ (၂၅) ဦး တို့မှာ ကက်သလစ် အသင်းတော်မှ ဖွင့်လှစ်ထားသော စစ်ရှောင်စခန်းများ ဆီသို့ သွားရောက်ကာ စစ်ရှောင်ပြည်သူများအား ခွန်အားပေး တွေ့ဆုံခဲ့ကြကြောင်း ကျောင်းထိုင်ဘုန်းတော်ကြီး ရောဘတ်လဝေါမ်က လူထု ဆက်သွယ်ရေး သတင်းဌာနသို့ မိန့်ကြားတော်မူခဲ့သည်။

"စစ်ရှောင်နေကြရတဲ့ ပြည်သူတွေကို စိတ်ခွန်အား သွားပေးတာပါ။ ပြီးတော့ မိုးညှင်း အောင်သပြေ ရပ်ကွက်က ဦးစိုးမြင့်ဦး နှင့် ဒေါ်ရှိုစလင်း အင်ခွမ်ဆိုင်းနန် တို့မှ လှူဒါန်းတဲ့ ဆန်အိတ် ၁၀၀ ကိုလည်း လှူဒါန်း ရင်းနဲ့ပေါ့လေ" ဟု ကျောင်းထိုင် ဘုန်းတော်ကြီးက ရှင်းလင်း မိန့်ကြားခဲ့သည်။

မေလ ၂၉ ရက်နေ့တွင် နမ္မတီးမြို့ မြို့ဦး ရပ်ကွက်ရှိ ဖွပ်မိုင်ယာန် ကျေးရွာနေ ပြည်သူများ ခိုလှုံ တိမ်းရှောင်နေသော စိန့်ဒေါမိနစ် စစ်ရှောင်စခန်းနှင့် လမ်းခွကျေးရွာရှိ ကဆုန့်နေ ပြည်သူများ တိမ်းရှောင်နေသော စိန့်ပေါလ် စစ်ရှောင်စခန်းသို့လည်းကောင်း မြစ်ဆုံကျေးရွာရှိ မလိအင်မိုင်ဝလောင်ကျေးရွာမှ ပြည်သူများ တိမ်းရှောင်နေသော ကောင်းကင်ဘုံ ဘုရင်မ စခန်းသို့လည်းကောင်း သွားရောက်ခဲ့ကြသည်။

မေလ ၃၀ ရက်နေ့တွင် မိုင်းနားကျေးရွာရှိ စိန့်ဂျိုးဇက် စစ်ရှောင်စခန်း၊ လဝါးကျေးရွာရှိ စိန့်ပေါလ် စစ်ရှောင်စခန်းနှင့် ကားမိုင်းမြို့ရှိ ကက်သလစ် စစ်ရှောင်စခန်းသို့လည်းကောင်း အသီးသီး သွားရောက်တွေ့ဆုံ၍ ဆရာ ဆရာမများမှ အထူး ဆုတောင်းပေးခြင်း၊ ဘုန်းတော်ကြီး ရောဘတ်လဝေါမ်မှ ခွန်အားပေးစကား မြွက်ကြားခြင်း၊ ဆန်၊ ဆီ၊ ဆား၊ ဆေးဝါး၊ ဆပ်ပြာ၊ ခေါက်ဆွဲခြောက်နှင့် အဝတ်အထည်များကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ရှောင်ပြည်သူ လူထုများမှာ ဧပြီလဆန်းပိုင်းမှ တကျော့ပြန် ပြင်းထန်လာခဲ့သော တပ်မတော်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော်များ၏ တိုက်ပွဲများကြောင့် တိမ်းရှောင်လာသူများဖြစ်ကြပြီး ကက်သလစ် ဘာသာဝင် လူဦးရေ ၆၀၀၀ ဝန်းကျင်ခန့်ရှိကြောင်း သိရသည်။

*မြစ်ကြီးနားလူထုဆက်သွယ်ရေးရုံး*

မြန်မာနိုင်ငံ၏ အနာဂတ်သည် ငြိမ်းချမ်းရေး ဖြစ်ရမည်။ ထိုငြိမ်းချမ်းရေးသည် လူသားတိုင်း၏ လူ့ဂုဏ်သိက္ခာနှင့် အခွင့်အရေးကို လေးစားမှု၊ တိုင်းရင်းသား လူမျိုးစုတိုင်းနှင့် ၎င်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာကို လေးစားမှု၊ တရားဥပဒေအား လေးစားလိုက်နာမှု၊ မည်သူ့ကိုမျှ ချန်လှပ်ထားခြင်း မရှိဘဲ အများအကျိုးအတွက် ပံ့ပိုးမှု ပေးနိုင်ရန် လူတစ်ဦးစီတိုင်းနှင့် အဖွဲ့တိုင်းအား မြှင့်တင်ပေးသည့် ဒီမိုကရေစီ စနစ်ကို လေးစားမှု စသည်တို့ အပေါ် အခြေခံသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ် နေပြည်တော်တွင် ပြောကြားသော မိန့်ခွန်း မှ ၂၈ နိုဝင်ဘာလ ၂၀၁၇

# အောင်လောဒ့်ကျေးရွာမှ ပြည်သူ ၂၈၆ ဦးအား ဦးဆောင်ကယ်ထုတ်ခဲ့သူ ဆရာအောင်လတ်

၂၀၁၈ ခုနှစ် ဧပြီလ ၁၁ ရက်နေ့မှ စတင်၍ ကချင်ပြည်နယ် အနောက်ပိုင်းဒေသအတွင်း တကျော့ပြန် ပြင်းထန်ခဲ့သော မြန်မာ့ တပ်မတော်နဲ့ ကေအိုင်အေ လွတ်လပ်ရေး တပ်မတော်တို့၏ တိုက်ပွဲများကြောင့် ပြည်သူလူထု တစ်ချို့ ပိတ်ဆို့ခံနေခဲ့ရချိန် အောင်လောဒ့် ကျေးရွာ တာဝန်ခံ ဓမ္မဆရာ ဂျေရွမ်း ပလောင့် အောင်လတ်က အောင်လောဒ့်ကျေးရွာသူ ကျေးရွာသား ၂၈၆ ဦးအား ဘေးကင်းလုံခြုံသော နေရာသို့ ဦးဆောင်ကယ်ထုတ်နိုင်ခဲ့သည်။


စစ်၏ တစားခံအဖြစ် ဒုက္ခဆင်းရဲ ရောက်နေသူ ဘာသာဝင်များအား ဘေးလွတ်ရာ နေရာသို့ ဦးဆောင်နိုင်ခဲ့ခြင်းကြောင့် မြစ်ကြီးနား ဂိုဏ်းအုပ် ဆရာတော်ကြီး ဖရန်စစ် ဒေါ်တန်နှင့် အသင်းတော် ခေါင်းဆောင်များမှ အထူး မှတ်တမ်းတင် ဂုဏ်ပြုခဲ့ကြပြီး နိုင်ငံတကာ အဖွဲ့အစည်း တစ်ချို့မှလည်း စံပြ ပုဂ္ဂိုလ် တစ်ဦးအဖြစ် သတ်မှတ်ဂုဏ်ပြုခဲ့ကြသည်။

**သာသနာတော်၏ ချီးကျူး ဂုဏ်ပြုထိုက်သူ ဆရာ ဂျေရွမ်း ပလောင့် အောင်လတ်၏ သမိုင်းအကျဉ်း**

ဆရာပလောင့် အောင်လတ်သည် ကချင်လူမျိုး အင်ဒိန်နန်ပြင် ဒိန်ဆာ (Nding Nang Pyen Dingsa) အမျိုးဖြစ်ပြီး အဖ ဦး ပေါလ်လု ပလောင့် မဇော်တူးနှင့် အမိ ဒေါ်မော်နီကား ကွမ်ထုန် ဂျာဘောက်တို့မှ ၁၉၈၁ ခုနှစ် ဇွန်လိုင် ၁၈ ရက်နေ့ အောင်လောဒ့်ကျေးရွာ၌ မွေးဖွားသန့်စင်ခဲ့သည်။

အခြေခံပညာရေးအား တနိုင်းမြို့ရှိ အသင်းတော် ဘော်ဒါဆောင်တွင် နေထိုင်ရင်း လေ့လာ သင်ယူခဲ့ပြီး အထက်တန်းပညာကို မြစ်ကြီးနားမြို့ စိန့်ကိုလန်ဘန် အမျိုးသား ဘော်ဒါဆောင်၌နေ၍ မြစ်ကြီးနားမြို့ အ.ထ.က (၃) အထက်တန်းကျောင်းတွင် ၁၀ တန်းပညာကို လေ့လာဆည်းပူးခဲ့သည်။

၂၀၀၄ ခုနှစ်တွင် တနိုင်းကျောင်းထိုင် ဘုန်းတော်ကြီး ပီတာ နောင်မော်၏ လမ်းညွှန်ချက်ဖြင့် ဧပြီလ ၂၂



ရက်နေ့ မြစ်ကြီးနားမြို့ သံလုကာ ဓမ္မကောလိပ်ကျောင်းသို့ ရောက်ရှိ ခဲ့ပြီး ၂၀၀၆ ခုနှစ် မတ်လ ၇ ရက်နေ့တွင် ကက်သလစ် ဓမ္မဆရာ တစ်ဦး တတ်မြောက်ထားသင့်သည့် ဓမ္မပညာရပ်ကို အောင်မြင်စွာ သင်ယူခဲ့သည်။

၂၀၀၈ ခုနှစ် ဧပြီလ ၁၈ ရက်နေ့၌ ဇနီးဖြစ်သူ ဒေါ်ထရေဇာ အင်မီဂျာမြတ်နဲ့ အဖ ဘုန်းတော်ကြီး အင်လမ်း တူးအောင်၏ လက်တော်၌ ထိမ်းမြားခြင်း စက္ကမင်းတူး မင်္ဂလာကို လက်ခံရယူခဲ့ပြီး သားရတနာ ၃ ဦး၏ ဖခင်ကြီးလည်း ဖြစ်သည်။

၂၀၁၈ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် တနိုင်းဒေသသို့ မြန်မာ့ တပ်မတော်နှင့် ကချင် လွတ်မြောက်ရေး တပ်မတော် (ကေအိုင်အေ)တို့ တိုက်ပွဲ စတင်ဖြစ်ပွားခဲ့သည်။ ထိုအချိန်တွင် ဆရာအောင်လတ်မှာ တနိုင်းမြို့၌ ငြိမ့်ငြိမ့်သဲသဲ ကျင်းပနေသော တနိုင်းဒေသသို့ ကက်သလစ် သာသနာတော် ရောက်ရှိခြင်း နှစ် ၅၀ ပြည့် ရွှေစင် ဂျူဘီလီပွဲတော်၌ ဆက်ကပ် ပါဝင်နေခဲ့သည်။

ထိုကဲ့သို့ တိုက်ပွဲများ စတင်ဖြစ်ပွားချိန် သတင်းထောက်များအား ဘာသာဝင်များနှင့်အတူ သန့်ရှင်းသော ကိုယ်တော်မြတ်၊ မဏ္ဍပဖော်ခြင်းဆိုင်ရာ ပစ္စည်းများ ယူဆောင်ကာ ဘေးလွတ်ရာသို့ ထွက်ပြေးနိုင်ရန် ညွှန်ကြားခဲ့သည်။

ထို့နောက် ဆရာအောင်လတ်မှာ ဖြတ်လမ်းဖြင့် အောင်လောဒ့်ကျေးရွာသို့ ပြန်လာခဲ့ပြီး လမ်းခရီး၌ တစ်ညအိပ်ခဲ့ရသည်။ နောက်တစ်ရက် သင်းထောက်များနှင့် ဘာသာဝင် အဖွဲ့များနဲ့ တွေ့ဆုံခဲ့သည်။ အများစုမှာ ကလေးငယ်များ၊ သက်ကြီး ရွယ်အိုများ၊ မွေးဖွားခါနီး မိခင်များ ဖြစ်နေသည်။

သို့သော် စိတ်ဓါတ်ခွန်အား ကျဆင်းခြင်းမရှိ လမ်းခရီးစဉ် တစ်လျှောက် ဆုတောင်းခြင်း၊ ကိုယ်တော်မြတ် ဖူးမျှော်ခြင်း၊ စိပ်ပုတီးစိပ်ခြင်း အမှုတို့၌ ဦးဆောင်ခဲ့သည်။ ဘာသာဝင်များကပင် သိုးထိန်းကောင်း တစ်ဦး (သို့) မိုးဇက်ဟုပင် တင်စား ခေါ်ဝေါ်ခဲ့ကြသည်။

မေလ ၉ ရက်နေ့ တနိုင်မြို့သို့ ဘေးမတီ ရန်မခပဲ ဘာသာဝင် ၂၈၆ ယောက်နှင့်အတူ ရောက်ရှိလာပြီး ဘုန်းတော်ကြီး နော်ဇ နော်လတ် ဦးဆောင်သော အဖွဲ့မှ သွားရောက် ကူညီခဲ့ကြသည်။ လမ်းခရီးအတွင်း ၁ လသာ ကြာမြင့်ခဲ့သည်။

ယုံကြည်ခြင်း ခိုင်မြဲသူ၊ ကိုယ်တော်မြတ်အား တန်ဖိုးထား မြတ်နိုးသူ၊ ကိုယ်ပိုင် အသိဉာဏ်နဲ့ ကောင်းသော အမှုကို ဦးစီး လုပ်ဆောင်တတ်သူ၊ သိုးထိန်း ကောင်းတစ်ဦး၊ ဒုက္ခဆင်းရဲ ရောက်သူများအတွက် အဖော်မွန်ကောင်း တစ်ဦးအဖြစ် မြစ်ကြီးနား ဂိုဏ်းအုပ်သာသနာမှ သတ်မှတ်လိုက်သည်။ ကချင် ဘာသာဖြင့် "Hkristu A Shangun Ma Kaja" ဟု တင်စား သတ်မှတ်သည်။

*ရေးသား ပြုစုသူ - ဆရာအင်ခွမ် နော်ဆိုင်း*
*(သာသနာနယ်လုံးဆိုင်ရာ အထွေထွေ အတွင်းရေးမှူး)*
*ဘာသာပြန်သူ - ဂွန်ဆိုင်းလတ်အောင်*

# "တန်ဖိုး" ရုပ်ရှင်ပြီးစီးနိုင်ရန် သိန်း ၁၀၀ ကျော် လိုအပ်သေးကြောင်း သိရ

"တန်ဖိုး" ရုပ်ရှင် ဇာတ်ကားကြီး ဖြစ်စီးနိုင်ရန် သိန်း ၁၀၀ ကျော် လိုအပ်နေသေးကြောင်း ဒါရိုက်တာ ဘုန်းတော်ကြီး ဂွန်း ဂလန် လရော်ထံမှ သိရသည်။

"အစတုန်းကတော့ ဒီရုပ်ရှင် ဇာတ်ကားကို ဒီနှစ် ၂၀၁၈ ခုနှစ် ကုန်ပိုင်းမှာ ပြသသွားဖို့ ရည်ရွယ်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ငွေရေး လိုအပ်ချက် တစ်ချို့ကြောင့် ၂၀၁၉ နှစ်ဆန်း ပိုင်းမှာပဲ ပြသနိုင်မယ့် အခြေအနေ ဖြစ်နေပါပြီ" ဟု ဒါရိုက်တာ ဘုန်းတော်ကြီး ဂွန် လရော် က ပြောကြားသည်။

လောလောဆယ်တွင် နောက်ခံ တေးဂီတ အတွက် သိန်း ၄၀၊ အသံပိုင်းဆိုင်ရာ အတွက် သိန်း ၁၀၊ ကာလာ အရောင် အလှဆင်ခြင်းအတွက် သိန်း ၁၀၊ ကွန်ပျူ တာ ဂရပ်ဖ်ဖွေဖ် ပိုင်းအတွက် သိန်း ၂၀၊ DCP ( ရုပ်ရှင်ရုံတိုင်း ပြသနိုင်ဖို့ရန် စီစဉ် ခြင်း) အတွက် ၁၅ သိန်း လိုအပ်နေသေး ကြောင်း သိရသည်။

"တည်းဖြတ်တဲ့ အပိုင်းတော့ ပြီးသွားပါပြီ။ ဒီအပိုင်းအတွက် ကျေးဇူးရှင် အဖ ဆရာတော်ကြီး ဖရန်စစ် ဒေါ်တန်မှ သိန်း ၅၀ ကူညီပေးခဲ့ပါတယ်။ ဒါပေမဲ့ ခုနက ပြောတဲ့ Sond, Music, Color, Computer Graphic ပိုင်း လုလုပပ လုပ်ဖို့ လိုသေးတာပါ။ အခု လောလောဆယ်မှာတော့ ရပ်နားထားရပါတယ်" ဟု ဘုန်းတော်ကြီးက ဆက်လက် ပြောကြားသည်။

အဆိုပါ တန်ဖိုး ရုပ်ရှင်ဇာတ်ကားအား ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ စတင်ပြီး မြန်မာပြည် နေရာအနှံ့ ရိုက်ကူးခဲ့သော ရုပ်ရှင် ဇာတ်ကားကြီး ဖြစ်ပြီး လမ်းမှားရှိ ရည်မှန်းချက် ပန်းတိုင် ပျောက်ဆုံးနေသော လူငယ်များအား ခွန်အားပေး၊ ပညာပေး ရုပ်ရှင် ကားကြီး ဖြစ်ကြောင်း သိရသည်။

*မြစ်ကြီးနားလူထုဆက်သွယ်ရေးရုံး*

# ငြိမ်းချမ်းရေးနှင့် ပြန်လည် သင့်မြတ်ရေး ဆောင်းပါးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်နေ

မြစ်ကြီးနား ဂိုဏ်းအုပ်သာသနာ ငြိမ်းချမ်းရေးနှင့် တရားမျှတရေး ကော်မရှင် (JUSTICE AND PEACE COMMISSION) မှ ဦးစီးပြုလုပ်မည့် ကချင် လူမျိုးများအကြား ငြိမ်းချမ်းရေးနှင့် ပြန်လည် သင့်မြတ်ရေး မြှင့်တင်ပေးနိုင်ရန် ရည်ရွယ် ကျင်းပမည့် ငြိမ်းချမ်းရေးနှင့် ပြန်လည် သင့်မြတ်ရေး ဆောင်းပါးပြိုင်ပွဲ ကျင်းပသွားမည် ဖြစ်သောကြောင့် ဘာသာဝင်များ ပါဝင်ယှဉ်ပြိုင်ကြပါရန် ကော်မရှင်အဖွဲ့မှ ဖိတ်ခေါ်ထားပါသည်။

အဆိုပါ ပြိုင်ပွဲသို့ ကိုယ်ပိုင် ဖြစ်ရပ်မှန် အတွေ့အကြုံ ဆောင်းပါး ဖြစ်စေ၊ မိမိတို့ ပတ်ဝန်းကျင် (သို့) ဆွေမျိုးသားချင်းများ၏ ဖြစ်ရပ်မှန် ဆောင်းပါး ဖြစ်စေ ရေးသား ယှဉ်ပြိုင်နိုင်ပြီး "ငြိမ်းချမ်းရေးနှင့် ပြန်လည် သင့်မြတ်ရေး"၊ "အကြမ်းမဖက်သော နည်းလမ်း (အနုနည်း) ဖြင့် ပဋိပက္ခ ဖြေရှင်းခြင်း" စသော ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ဆုကြေးငွေများအဖြစ် ပထမဆုအတွက် (၁ ဦး) ၅၀၀၀၀ ကျပ်၊ ဒုတိယဆု (၂ ဦး) ၂၀၀၀၀ ကျပ်၊ တတိယဆု (၃ ဦး) ၁၀၀၀၀ ကျပ်၊ စတုတ္ထဆု (၄ ဦး ) ၅၀၀၀ ကျပ်၊ နှစ်သိမ့်ဆုအတွက် (၁၀ ဦး) ၂၀၀၀ ကျပ်တို့ ချီးမြှင့်ပေးသွားမည် ဖြစ်ပြီး မိမိတို့ နှစ်သက်ရာ ဘာသာစကားဖြင့် ဆောင်းပါး စာမျက်နှာ ၃ မှ ၆ ကြား ရှိရမည် ဖြစ်ကြောင်း သိရသည်။

ဆောင်းပါးများအား ဘုန်းတော်ကြီး ALOYSIUS တူးနီ၊ စိန့်လုကာ ဓမ္မကောလိပ်၊ မြစ်ကြီးနားမြို့သို့ ဩဂုတ်လ ၃၁ ရက်နေ့ ညနေ ၆ နာရီနောက်ဆုံးထား ပေးပို့ရမည် ဖြစ်ကြောင်း သိရသည်။ ဆက်သွယ်ရန် ဒေါ်ဆန်ဘူရာ

PH: 09763620224, EMAIL: MYITKYINA.PD@JRSAP.ORG

သတင်း - မြစ်ကြီးနားလူထုဆက်သွယ်ရေးရုံး

# သာသနာနယ်လုံးဆိုင်ရာ မူးယစ်တိုက်ဖျက်ရေး အဖွဲ့ဝင်များ နှစ်ပတ်လည် အစည်းအဝေး ကျင်းပ




မြစ်ကြီးနား သာသနာနယ်လုံးဆိုင်ရာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ကော်မတီ အဖွဲ့ဝင်များ၏ နှစ်ပတ်လည် အစည်းအဝေးကို စိန်ကိုလန်ဘန် ဗဟိုသာသနာ့အကျိုးဆောင် ၃ ထပ် ဆောင်တွင် ပြုလုပ်ကျင်းပခဲ့ကြသည်။

ဂိုဏ်းအုပ် သိုးထိန်း ဆရာတော်ကြီး ဖရန်စစ် ဒေါ့တန်၏ လမ်းညွှန်ချက်နှင့် အညီ ဘုန်းတော်ကြီး ဂျိုးဇက် ဂေါ့လူ ယုံဝါနှင့် ဦးလဗျမုန်ထွယ် (နယ်လုံးဆိုင်ရာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး ဥက္ကဋ္ဌ) တို့မှ ဦးစီး ပြုလုပ်ခြင်း ဖြစ်ပြီး ဘုန်းတော်ကြီး တိုက်နယ် ၁၁ ခုမှ ဘုန်းတော်ကြီးများ၊ ကိုယ်စားလှယ်တော်များ (၇၂) ယောက် တက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် လူ ပုဂ္ဂိုလ်တစ်ဦး မူးယစ်ဆေးဝါး သုံးစွဲလာခြင်း အကြောင်းရင်းများ တင်ပြခြင်း၊ မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့် ရရှိလာသည့် ဆုံးရှုံးမှုများ၊ မူးယစ်ရန်သူကို မည်သို့ မည်ပုံ တိုက်ထုတ် ရမည့်အကြောင်း စသည့်အချက်များ တင်ပြခဲ့ကြောင်း ကော်မတီ မှတ်တမ်းအရ သိရသည်။

ထို့အပြင် အများအမြင်တွင် မူးယစ်ဆေးဝါးဟု ဆိုရာ၌ ဘိန်း၊ ဖူးများကိုသာ ထင်မြင်တတ်ကြပြီး အမှန်တကယ်တွင် အရက်သေစာလည်း ဒုတိယအကြီးစား မူးယစ်ဆေးဝါး ဖြစ်ကြောင်း အထူး ဆွေးနွေးခဲ့ကြသည်။

"ကျွန်ုပ်တို့ ကချင်လူမျိုးများ အဓိက ကျဆုံး နေရတာက အရက်သေစာကြောင့်ဖြစ်တယ်။ ကချင် လူမျိုးများ အနေဖြင့် အရက်ကို နတ်ကိုးကွယ်စဉ်က မိရိုးဖလာ သောက်သုံးခဲ့ကြသော်လည်း ယနေ့ချိန် ကချင် လူမျိုးများ ခရစ်ယာန်ယုံကြည်သူများ ဖြစ်လာပြီး ဖြစ်၍ မသောက်သုံးသင့်တော့ကြောင်း" မှတ်တမ်းတွင် ဖော်ပြထားသည်။

အရက်သေစားကို အလွန်အကျွံ သောက်သုံးခြင်းကြောင့် ဆုံးရှုံးမှု မြောက်များစွာကို တွေ့ရှိရပြီး အဓိကမှာ စိတ်ရောဂါ၊ အသဲရောင်၊ အသဲခြောက်နှင့် အသဲကင်ဆာ စသည့် ကျန်းမာရေး ပြဿနာများကို ဖြစ်ပေါ်စေကြောင်း သိရသည်။

ကျမ်းစာတော်မြတ်၌ အရက်သေစာ သောက်သုံးခြင်းနှင့် ပတ်သက်၍ "သေရည် သေရက်နှင့် ယစ်မူးသောသူ၊ ဆဲရေး ကဲ့ရဲ့သောသူ၊ အနိုင်အထက် လုယူသော သူတို့သည် ဘုရားသခင်၏ နိုင်ငံတော်ကို အမွေမခံရကြ။ (၁ ကောရိန္သု ၆း၁၀)၊ ဆေးနှင့် ရောသော သေရည်သေရက်ကို သောက်ခြင်းအမှု၌ အားကြီးသော သူတို့သည် အမင်္ဂလာရှိ၏ (ဟေရှာယ ၅း၂၂)၊ အရက်သေစာ မူးယစ်ခြင်း၊ သောက်စားမူးရူးခြင်းနှင့် သေရည် သေရက်သောက်ပြိုင်ခြင်း စသည်တို့ကို ကျူးလွန်ခဲ့သော အတိတ်ကာလသည် ယခုတော်သင့်လေပြီ (၁ ပေ ၄း၃)၊ သေရည်သေရက်ကို သောက်အံ့သောငှါ နံနက်စောစောထ၍ စပျစ်ရည်နှင့် ယစ်မူးအံ့သောငှါ ညဥ့်ကိုလည်း လွန်စေတတ်သော သူတို့သည် အမင်္ဂလာရှိကြ၏ (ဟေရှာယ ၅း၁၁)၊ သင်တို့သည် သုံ့ဖြုန်းပျော်ပါးခြင်း၊ သောက်စားမူးယစ်ခြင်းနှင့် လောကီရေးရာ အတွက် စိုးရိမ်ခြင်းတို့ဖြင့် စိတ်နှလုံးလေးလံ ဖိစီးမှု ရှိစေရန် သတိပြုကြလော့ (လုက ၂၁း၃၄)၊ သူ့ကို ယစ်မူးစေခြင်းငှါ သေရည်သေရက်ကို လောင်း၍ သောက်စေသောသူသည် အမင်္ဂလာရှိ (ဟဗက္ကုတ် ၂း၁၅)၊ သေရည်သေရက်နှင့် ယစ်မူးခြင်း၊ အနိုင်အထက်လုယူခြင်းမှ စ၍ ထိုသို့သော အမှုကို ပြုသောသူနှင့် မပေါင်းမဖော် ရသည် သာမက ထိုသူနှင့်အတူ စားသောက်ခြင်း ကိစ္စကိုမျှ မပြုရဟု ငါရေးသား၍ ပညတ်၏ (၁ကောရိန္သု ၅း၁၁) နှင့် စပျစ်ရည်၊ သေရည်သေရက်ကို သောက်ခြင်း၌ မှီဝဲသော ကြောင့် ထာဝရ ဘုရားကို စွန့်ပစ်ကြပြီ (ဟောရှေ ၄း၁၁) " စသဖြင့် ဖော်ပြထားကြောင်း သိရသည်။

ထို့အပြင် အဆိုပါ အစည်းအဝေးကြီးတွင် ဘုန်းတော်ကြီး တိုက်နယ် အသီးသီးရှိ မူးယစ်ဆေးဝါး သုံးစွဲသူစာရင်းများ ကောက်ခံသွားရန်နှင့် တိုက်နယ်တိုင်း မူးယစ်ဆေးဝါး တိုက်ဖျက်စခန်းများ ဖွင့်လှစ်သွားရန်၊ အမြင်ဖွင့် ပညာပေး သင်တန်းများ ပြုလုပ်သွားရန် အဓိက ဆွေးနွေး ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ အဖွဲ့အစည်းအား ၂၀၁၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပြီး နှစ်စဉ် နှစ်ပတ်လည် အစည်းအဝေး ပြုလုပ်ပြီး ဆောင်ရွက်မှု အခြေအနေအရပ်ရပ်အား ဆွေးနွေး သုံးသပ်သည်။

*မြစ်ကြီးနားလူထုဆက်သွယ်ရေးရုံး*

# ဦးပဥ္စင်းကြီး အသစ် ၅ ပါး၏ ရဟန်း သိက္ခာတင်ပွဲကို နိုဝင်ဘာလ၌ ကျင်းပသွားမည်

မြစ်ကြီးနားမြို့ ဒေင်ရပ်ကွက်ရှိ သံလုကာ ဓမ္မကောလိပ် ကျောင်းဝင်းတွင် ဂိုဏ်းအုပ် ဆရာတော်ကြီး ဖရန်စစ် ဒေါ့တန်၏ လက်တော်၌ ဦးပဥ္စင်းကြီး သိက္ခာတော်မြတ် ခံယူခဲ့ကြသော ဦးပဥ္စင်းကြီး အသစ် ၅ ပါးတို့၏ ရဟန်းသိက္ခာတင်ပွဲအား လာမည့် နိုဝင်ဘာလတွင် ကျင်းပသွားမည် ဖြစ်ပါကြောင်း သိုးထိန်း ဆရာတော်ကြီး ဖရန်စစ် ဒေါ့တန်က မိန့်ကြားတော်မူခဲ့သည်။

အဆိုပါ ရဟန်းသိက္ခာတင်ပွဲအား စိန်ကိုလန်ဘန် ရဟန်း အသင်းဂိုဏ်း တည်ထောင်ခြင်း နှစ် ၁၀၀ ပြည့် ဂျူဘီလီပွဲတော်ကြီး နှင့်အတူ ဒေင်ရပ်ကွက်၌ပင် ကျင်းပသွားမည် ဖြစ်ကြောင်း အဖ သိုးထိန်း ဆရာတော်ကြီးက ဦးပဥ္စင်းကြီး သိက္ခာတင်ပွဲ၌ မိန့်ကြားတော်မူခဲ့သည်။

ဦးပဥ္စင်းကြီးသစ် ၅ ပါးတို့မှာ လုကာ မရောင်းဖော်တူး (ကကျီးထူ ဘုန်းတော်ကြီး တိုက်နယ်)၊ ပီတာ လဂိုင် တူးခေါင် (စီတာပူ တိုက်နယ်)၊ ဂျွန် အင်ဖွမ် မှန်မိုင် (စီတာပူ တိုက်နယ်)၊ ဖရန်စစ် ဂျန်မာ အောင်လီ (မိုးညှင်း တိုက်နယ်)နှင့် ပီတာ ဘုန်ရှူး လောဒ်နော် (ဖားကန့် တိုက်နယ်) တို့ ဖြစ်ကြသည်။

*မြစ်ကြီးနားလူထုဆက်သွယ်ရေးရုံး*



ပန်းဥယျာဉ် သို့မဟုတ် စိုက်ခင်းတခုကို ပြုစုသကဲ့သို့ သင်တို့၏ စိတ်နှလုံးဘဝ အသက်တာအား ပြုစုပျိုးထောင်ပါ။ ထိုသို့ လုပ်ဆောင်ရန် အချိန်လိုပါသည်၊ စိတ်ရှည်တတ်ရန် လိုအပ်ပါသည်။ သူတပါးအား ဝေမျှပေးနိုင်မည့် ကျေးဇူးတော် အသီးအပွင့်ကို ပေးသနားနိုင်သော ဘုရားသခင်အား စောင့်ဆိုင်းခြင်းသည် စိုက်ခင်းသီးနှံများ ကြီးထွားရန် စောင့်ဆိုင်းသည့် လယ်သမား တစ်ဦးနှင့် တူညီပေသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ် စိန်မေရီ ကာသီဒြယ်တွင် လူငယ်များအား မိန့်ကြားသော ဩဝါဒ ၃၀ နိုဝင်ဘာလ ၂၀၁၇

# ဗန်းမော်နယ်လုံးဆိုင်ရာ မိခင်အသင်း၏ လှုပ်ရှားဆောင်ရွက်မှုများအကြောင်း အသင်း ဥက္ကဋ္ဌ ဒေါ်ဂျူလီယာ ဘောက်ဂျာ ၏ ပြောစကား



အားလုံးပဲ မင်္ဂလာပါနော်။ ဘုရားရှင် ကောင်းချီး ပေးပါစေ။ ကျွန်မ အသင်းတော်မှာ ဆက်ကပ်နေတာ ၁ နှစ်ကျော် ရှိပါပြီ။ ကျွန်မတို့ ဗန်းမော် သာသနာနယ် မိခင် အဖွဲ့အစည်းတွေရဲ့ လှုပ်ရှားမှုတွေကို ပြောရမယ်ဆိုရင် ဘုန်းတော်ကြီး တိုက်နယ် အသီးသီးက မိခင်တွေနဲ့ ၁ နှစ်တစ်ခါ တွေ့ဆုံလျက်ရှိပါတယ်။

ပြီးခဲ့တဲ့ ဧပြီလမှာ ဘုန်းတော်ကြီးတိုက်နယ် အသီး သီးက မိခင် အဖွဲ့ဝင်တွေကို ခေါ်ပြီး ယုံကြည်ခြင်း ဆိုင်ရာ အကြောင်း၊ သားသမီးများကို ဘယ်ပုံဘယ်နည်းဖြင့် သွန်သင် ဆုံးမရမယ့် အကြောင်း၊ မိဘများနဲ့ သားသမီးအကြား ကောင်းမွန်သော ဆက်ဆံရေး တည်ဆောက်ခြင်း ဆိုင်ရာ အကြောင်းအရာများကို သင်ကြားပေးခဲ့ပါတယ်။

ပြီးတော့ ဗန်းမော်နဲ့ နီးတဲ့ မံစီ၊ နန့်လိုင်၊ မိုးမောက်တို့လို နေရာတို့မှာ အချိန်ယူပြီး သွားရောက် တွေ့ဆုံ အား ပေးဖို့ စီစဉ်နေပါတယ်။ ခုနက ပြောသလို လတိုင်း တွေ့ဆုံနိုင်မှု မရှိတဲ့အတွက် လှုပ်ရှားမှုတော့ နည်းပါး သေးတယ် ပေါ့လေ။ ကျွန်မအနေနဲ့လည်း ဒီလို အသင်းတော်မှာ ဆက်ကပ်နေတဲ့အတွက် အကျိုးကျေးဇူးတွေ ခံစားရပါ တယ်။ အရင်က သားသမီးတွေ မလိမ်မာတာတွေတောင် ဆက်ကပ်ပြီး နောက်ပိုင်း လိမ်မာလာတာတွေ့ရပါတယ်။ မိဘတွေကိုလည်း ကူညီ လာကြတယ်။ ကျွန်မရဲ့ သက်မွေး လုပ်ငန်းကလည်း အောင်မြင်လာပါတယ်။ လူထု ဆက်သွယ် ရေး သတင်းဂျာနယ်ကိုလည်း အထူး ကျေးဇူးတင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဂျာနယ်မှာ သာသနာ့ သတင်းတွေ ပါတော့ ဘယ်သာသနာမှာ ဘာတွေ လုပ်နေတာကို သိရှိရတာ ကြောင့် ဖြစ်ပါတယ်။

*မြစ်ကြီးနားလူထုဆက်သွယ်ရေးရုံး*

## စိန့်ပီတာနှင့် စိန့်ပေါလ် ပွဲနေ့ကျင်းပခြင်း



စိန့်ပီတာနှင့် စိန့်ပေါလ်ပွဲနေ့သည် ဖယ်ခုံ ကက်သလစ် ဂိုဏ်းအုပ်သာသနာမှ အဖ ဆရာတော် ပီတာလတ်၏ ပွဲနေ့နှင့် ပီတာနှင့်ပေါလ်နာမည်ခံသော ရဟန်းများပွဲနေ့ဖြစ်သည် နှင့်အညီ စိန့်ပီတာနှင့်စိန့်ပေါလ်ပွဲနေ့ မစ္ဆားတရားတော်ကို ဇွန်လ ၂၉ ရက်နေ့တွင် ဖေဝံဂေလိ ကြယ်တော်ရဟန်းဖြစ်သင်ကျောင်း၌ အဖဆရာတော်ဘုရားမှ ဦးဆောင်ကျင်းပ ပြုလုပ်ခဲ့ပါသည်။

ထိုမစ္ဆားတရားတော် ကိုဦးဆောင်သော ဆရာတော်ဘုရားမှ "စိန့်ပီတာသည် ယုံကြည်ခြင်းကိုထုတ် ဖော်ကြေညာပြီး စိန့်ပေါလ်သည် ထိုယုံကြည်ခြင်းကိုတိုးပွားဟော ပြောသောသူဖြစ်သည်။ စိန့်ပီတာသည်ပထမဆုံးသော ကက်သလစ် အသင်းတော်၏ ရဟန်းမင်းကြီးဖြစ်သည်နှင့်အညီ ရဟန်းမင်းကြီး ဖရန်းစစ်အတွက်နှင့် စိန့်ပီတာနှင့် စိန့်ပေါလ် နာမည်ခံသော သူများတွက်ဆုတောင်းပေးကြပါရန်" မစ္ဆားတရားအစတွင်မိန့်မှာသွားခဲ့ပါသည်။

ထိုမစ္ဆားတရားတွင် တရားဒေသနာဟောကြားသော ဘုန်းတော်ကြီး သောမတ်စ် မားရှိုမှ "စိန့်ပီတာနှင့်စိန့်ပေါလ်သည် မတူညီသော နောက်ကြောင်း၊ မတူညီသော ခံယူချက်၊ မတူညီသော အားနည်းချက်ကိုယ်စီရှိကြသော်လည်း တူညီသောသာသနာပြုစိတ်ဓါတ်ရှိကြသဖြင့် သာသနာ့ လယ်ကွင်းမှ မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ဟောပြောကြေညာခဲ့ပါသည်။ ထိုအနစ်နာခံစိတ်ဓါတ်၊ သာသနာအ တွက်ရဲရဲဝံ့ဝံ့ သက်သေခံသောစိတ်ဓါတ်သည် သာသနာတော်မှ အထူးလိုအပ်နေပြီဖြစ်ကြောင်း" ဟောကြားဝေမျှသွားခဲ့ပါသည်။

မစ္ဆားတရားအပြီးတွင် စိန့်ပီတာနှင့်စိန့်ပေါလ်ကို ဂုဏ်ပြုသောအားဖြင့် ရဟန်းပျို အသင်းနှင့် ဓမ္မကျောင်းသားများ အသင်း ချစ်ကြည်ရေးဘော်လုံးပွဲကိုဆက်လက်ကျင်းပပြုလုပ်ခဲ့ပါသည်။

OSC PEKHON

## ဖယ်ခုံဂိုဏ်းအုပ်သာသနာ ရဟန်းဘုန်းတော်ကြီးများ ဝတ်စောင့်ခြင်း



ဖယ်ခုံကက်သလစ်ဂိုဏ်းအုပ်သာသနာမှ ရဟန်းဘုန်းတော်ကြီးများ ခြောက်လပါတ် ဝတ်စောင့်ခြင်းနှင့် အစည်းအဝေးကို ဖယ်ခုံကက်သလစ်ဆရာတော်ကျောင်းတိုက်တွင် ၂၀၁၈ ခု ဇူလိုင်လ ၂၇ နှင့် ၂၈ ရက်များ တွင်ပြုလုပ်ခဲ့ပါသည်။

ထိုဝတ်စောင့်ခြင်းတွင် မိမိကျင့်စဉ်များပြန်လည်ဆန်းစစ်ခြင်း၊ အတူတကွ ဝတ်ပြုဆုတောင်းခြင်းများ၊ ရဟန်းများအချင်းချင်း အပြန်အလှန် အားပေးကူညီနှစ်သိမ့်မှုများပေးခြင်းများနှင့် မိမိတိုက်နယ်အတွင်းရှိ ဘာသာတူများ၏ဘဝအခြေအနေများကို ဝေမျှခြင်းများပြုလုပ်ခဲ့ကြပါသည်။

ထိုဝတ်စောင့်ခြင်းကို ဦးဆောင်တရားဓမ္မ ဝေမျှသော ဘုန်းတော်ကြီး ဂျိုဝါကင်းကီးနိမှ "ဘုရားသခင်ပေးထားသော ရဟန်းတစ်ပါး၏ တာဝန်ဝတ္တရားများမှာ Mediator ဟူသော ဘုရားနှင့်လူကြား ဆက်သွယ်ပေးသော ပေါင်းကူတံတား၊ Redemption ဟူသော ကယ်တင်ခြင်းလုပ်ငန်း နှင့် Sanctification ဟူသော သန့်ရှင်းစင်ကြယ်ခြင်းလုပ် ငန်းများဖြစ်ကြောင်းနှင့် ဒီလုပ်ငန်းသုံးခုကို အဓိကလုပ်ဆောင် နေရသော ရဟန်းများအနေ ဖြင့် ခရစ်တော်၏အတွေးများတွေးဖို့လိုအပ်ပါသည်။ သာသနာ့လယ်ကွင်းမှာ စီးပွားအရေး အတွေးသာ တွေးလျှင် အသာပြာသာရမည်ဖြစ်၍ ခရစ်တော်အတွေးမျိုးတွေးမှ ဝိညာဉ်ကို ရမည်ဖြစ်သည်။ ထိုအပြင်ဆုတောင်းခြင်း အသက်တာဆိုတာ ဆုတောင်းမေတ္တာအားဖြင့် နေ့စဉ်ဘဝအသက်တာပြောင်းလဲခြင်းကို ဆိုလိုသည်ဟု" မိန့်မှာဝေမျှ သွားခဲ့ပါသည်။ ထိုဝတ်စောင့်ပွဲကို (၂၈)ရက်နေ့လည်တွင်အဆုံးသတ်ပြီး သာသနာတော် တိုးတက်ရာတိုးတက်ကြောင်းကို ညနေပိုင်းတွင်ဆက်လက် ဆွေးနွေးသော အစည်းအဝေတစ်ရပ်ကိုပြုလုပ်သွားခဲ့ပါသည်။

ထိုဝတ်စောင့်ခြင်းနှင့် အစည်းအဝေးကို ဖယ်ခုံသာသနာမှ အဖဆရာတော်ကြီးနှင့် အတူ ရဟန်းဘုန်းတော်ကြီး (၄၁) ပါး တက်ရောက်ခဲ့ကြပါသည်။

OSC PEKHON

## သံမိုးတောင် တိုက်နယ်လုံး ဆိုင်ရာ လူငယ်များ ခေါင်းဆောင်မှု စွမ်းရည် မြှင့်တင်ခြင်း သင်တန်းကျင်းပ

တောင်ငူ ဂိုဏ်းအုပ် သာသနာ၊ သံမိုးတောင် တိုက်နယ်လုံးဆိုင်ရာ လူငယ် များအတွက် ခေါင်းဆောင်မှု စွမ်းရည် မြှင့် တင်ခြင်း သင်တန်းကို ဇွန်လ ၂၁ ရက်မှ ၂၄ ရက်အထိ သံမိုးတောင် ကျေးရွာ ဗဟို ကျောင်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

၎င်း သင်တန်းတွင် သာသနာလုံး ဆိုင်ရာ လူငယ်တာဝန်ခံ Rev.Fr. ဝွန် ငြိမ်း မင်းသူ၊ Sr. B. မြတ်နှင်းနွယ်၊ Rev. Fr. Stalin, Sr. M. ခင်မာဝင်း၊ Sr. Judith မိငယ်တို့မှ အတူတကွ ပို့ချပေးခဲ့ကြပြီး လူငယ်ခေါင်း ဆောင်များ မှပါဝင်ကူညီပေးခဲ့ကြပါသည်။

ယခု သင်တန်းတွင် ပါဝင်တက် ရောက်သူ (၅၁) ဦး အထိ ရှိခဲ့သည်။

ဒက်ဖူးမယ် (ISR)

# ကမ္ဘာမြေအား စောင့်ရှောက် ထိန်းသိမ်းရေး

လွန်ခဲ့သည့် သုံးနှစ်က ပုပ်ရဟန်းမင်းကြီး ဖရန်စစ် က သဘာဝ ပတ်ဝန်းကျင်း စောင့်ရှောက်ထိန်းသိမ်းရေးအတွက် ပြောစမှတ်တွင်စေမည့် စာချွန်တော် တစ်စောင် ထုတ်ပြန်ခဲ့သည်။ Laudato Si' ဟု အမည် ပေးထားသော ထိုစာချွန်တော်တွင် ဖန်ဆင်းခံ ကမ္ဘာမြေကြီးနှင့်အတူ ကမ္ဘာတဝှမ်းရှိ အင်အား နည်းသော လူ့အဖွဲ့အစည်းများအားလည်း ကာကွယ်ပေးရန် တိုက်တွန်းထားသည်။ ထိုစာချွန်တော်သည် သီအိုရီများကို စိတ်ကူးယဉ် ဆန်ဆန် ရေးဖွဲ့ ထားခြင်းမဟုတ်ဘဲ လက်တွေ့ လိုက်နာ ဆောင်ရွက်ရမည့် အချက်များ ပါဝင်သည်။

ထိုစာချွန်တော် ထုတ်ဝေခြင်း သုံးနှစ်ပြည့် အထိမ်းအမှတ် အဖြစ် ဗာတီကန်တွင် ၂၀၁၈ ခု ဇူလိုင်လ ၅ ရက်နှင့် ၆ ရက်နေ့များတွင် "Saving our common Home and the Future of Life on Earth" ခေါင်းစဉ် ဖြင့် အပြည်ပြည်ဆိုင်ရာ ညီလာခံ တစ်ခု ပြုလုပ်ခဲ့သည်။ "ကျွန်ုပ်တို့ အားလုံး မျှဝေ နေထိုင်ရာ အိမ်နှင့် ကမ္ဘာမြေပေါ်တွင် အသက်တာ၏ အနာဂတ်ကို ကယ်တင်ခြင်း" ဟူသော အကြောင်းအရာကို လေ့လာသုံးသပ်သော ဤ ညီလာခံတွင် ပါဝင် တက်ရောက်လာကြသူများအား ပုပ်ရဟန်းမင်းကြီးက ဇူလိုင်လ ၆ ရက်နေ့တွင် စိန့်ကလေးမင်တီးနား ခန်းမတွင် လက်ခံတွေ့ဆုံကာ အမှာစကား ပြောကြားခဲ့သည်။



ညီလာခံသို့ တက်ရောက်လာကြသူများအား ပုပ်ရဟန်းမင်းကြီးက ကမ္ဘာမြေကြီးအား ထိန်းသိမ်း စောင့်ရှောက်ရန် စိတ်အား ထက်သန်စွာ ပါဝင်ကြခြင်းသည်ကမ္ဘာမြေကြီးအား ကယ်တင်ရန်နှင့် ကမ္ဘာပေါ်၌ ရှိသော အသက်တာများကို စောင့်ထိန်းရန် လက်တွေ့ကျသော ခြေလှမ်းများလှမ်းကြဖို့ စိတ်အား ထက်သန်နေကြလိမ့်မယ်လို့ ယုံကြည်ကြောင်း ပြောကြား ခဲ့သည်။ သူ၏ စာချွန်တော်တွင် ဆိုထားသည့် အတိုင်း ကမ္ဘာ ပေါ်တွင် ရှိသမျှ အရာတို့သည် တစ်ခုနှင့်တစ်ခု ဆက်နွယ်နေသောကြောင့် ကမ္ဘာကြီးအား ကယ်တင်ခြင်းသည် အားလုံး အကျုံးဝင်သောပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် တည်နေသည်။

ကမ္ဘာကြီးအား ထိရောက်စွာ ထိန်းသိမ်းစောင့်ရှောက်ခြင်း မရှိပါက နောင်လာနောက်သားများအတွက် အမှိုက်ပုံ၊ ကန္တာရနှင့် ညစ်ညမ်းမှု မျိုးစုံသာ ချန်ထားရစ်ကြလိမ့်မည်ဟု သတိပေးခဲ့သည်။

နိုင်ငံခေါင်းဆောင်များအား ရာသီဥတု ဖေါက်ပြန်ခြင်း၏ ဆိုးကျိုးများကို ကာကွယ်ရေး အတူလုပ်ဆောင်ကြရန် ၂၀၁၅ ခုနှစ်က ရေးထိုးခဲ့သော ပဲရစ် သဘောတူစာချုပ်ကို လေးစား လိုက်နာကြရန် တောင်းဆိုခဲ့ပြီး ကမ္ဘာမြေကြီးအား ကာကွယ်စောင့်ရှောက်ခြင်း အစီအစဉ်များ လက်တွေ့ အကောင်အထည် ဖေါ်နိုင်ကြလိမ့်မည်ဟု ယုံကြည်ကြောင်း ထုတ်ဖေါ်ပြောကြားခဲ့သည်။

စက်တင်ဘာလတွင် ဆန်ဖရန်စစ္စကို၌ ပြုလုပ်မည့် "Global Climate Action Summit" ကမ္ဘာတဝှမ်း ရာသီဥတုဆိုင်ရာ လှုပ်ရှားမှု ထိပ်သီးညီလာခံ ကိုထည့်သွင်း ပြောကြားကာ အောင်မြင်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးကြရန် နှိုးဆော်ခဲ့သည်။

ကမ္ဘာကြီးအား ကယ်တင်ရန် အလိုအပ်ဆုံးမှာ ကျွန်ုပ်တို့၏ အသိတရား နှင့် နလုံးသားများကို ပြုပြင်ပြောင်းလဲရေး သည် အဓိကကျကြောင်း၊ သဘာဝပတ်ဝန်းကျင် အပေါ်ထားရှိသော ကျွန်ုပ်တို့၏ သဘောထားများ ပြောင်းလဲဖို့ လိုသည် ဟုဆိုသည်။

လူငယ်များအတွက် ကောင်းမွန်သော ကမ္ဘာတစ်ခု ဖန်တီးပေးရန်နှင့် တောတောင် ဒေသများကိုသာ မှီးတင်းနေထိုင်ကြသော သူများ၏ ဘဝကို ကာကွယ်ပေးရန် အရေးကြီးပုံကို ပြောကြားခဲ့သည်။

နိဂုံးချုပ်အနေနှင့် စိန်ခေါ်မှုများ ရှိနေသည်မှန်သော်လည်း ကျွန်ုပ်တို့၏ သားစဉ် မြေးဆက်များအတွက် ကြိုးပမ်းအားထုတ်နေသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ဆောင်နေခြင်းများအတွက် ကျေးဇူးတင်စကားဆိုခဲ့ပြီး ဖွဲ့ မလျော့ဘဲ ဆက်လက် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံခဲ့သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အပြည်ပြည်ဆိုင်ရာ ညီလာခံ၏ အဆုံးတွင် ရန်ကုန်ဂိုဏ်းချုပ် ဆရာတော်ကြီး ကာဒီနယ် ချားလ်စ်ဘိုက နိဂုံးချုပ်စကား ပြောကြားခဲ့သည်။

ကျွန်ုပ်တို့ လူသားများနဲ့ ကျွန်ုပ်တို့ နေထိုင်ရာ ကမ္ဘာမြေကြီးရဲ့ သမိုင်းဟာ အလွန် အကဲဆတ်တဲ့ လမ်းဆုံတစ်ခုကို ရောက်နေပါပြီ။ "ကြည့်ပါ၊ သုံးသပ်ပါ၊ လုပ်ဆောင်ပါ" ဆိုတဲ့အတိုင်း ကျွန်ုပ်တို့မှာ လုပ်ဆောင်ရမယ့် အရာတွေရှာဖွေတွေ့ရှိခဲ့ကြပါပြီ။ အလုပ်မပါတဲ့ ယုံကြည်ဟာ အသေသာ ဖြစ်တယ်လို စိန့်ဂျိမ်းစ်က သတိပေးခဲ့ပါတယ်။ ကျွန်ုပ်တို့ရဲ့ ခံယူချက်တွေကို လက်တွေ့ အကောင်အထည်ဖေါ်ဖို့ လိုအပ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေတဲ့ အပြစ်ရှိသူတွေဟာ ဘယ်သူတွေလဲဆိုတာ ကျွန်ုပ်တို့ ပြောခဲ့ကြတယ်။ အစိုးရတွေ၊ လုပ်ငန်းရှင်တွေ အမှားအယွင်းတွေ လုပ်ကြတယ်၊ အပြစ်ရှိကြတယ်။

လူ့အခွင့်အရေးအတွက် ကြိုးပမ်းခဲ့တဲ့ဒေါက်တာ မာတင်လူသာကင်း ရဲ့ အဆိုနဲ့ ကျွန်ုပ်တို့အားလုံးကို သတိပေး ချင်ပါတယ်။ "Some are guilty and all are responsible!" အချို့က အပြစ်ရှိတယ်၊ ပြီးတော့ အားလုံးမှာ တာဝန်ရှိပါတယ်။ အမှန်တရားကို သိပါလျက်နဲ့ တိတ်တိတ်နေခြင်း၊ ဘာမှ မလုပ်ခြင်းတွေက ကျွန်ုပ်တို့ကို အလိုတူ အလိုပါတွေ ဖြစ်စေပါလိမ့်မယ်။



Laudato Si' က လုပ်ဆောင်ဖို့ နှိုးဆော်ပါတယ်။ အစည်းအဝေးတွေ ထပ်လုပ်ဖို့ မဟုတ်ပါဘူး။ ယခု ကမ္ဘာမြေမှာ ဖြစ်ပျက်နေတာတွေက အေးတိအေးစက် နေလို့ မရတော့အောင် ကျွန်ုပ်တို့ကို တွန်းနေပါတယ်။

ယခုအချိန်ဟာ လုပ်ဆောင်ရမယ့် အချိန်ဖြစ်ဖြစ်ပါတယ်။ လုပ်ကြစို့၊ ကမ္ဘာကြီးဟာ သဘာဝ ပတ်ဝန်းကျင် ယိုယွင်းခြင်းရဲ့ သားကောင် ဖြစ်ပါတော့မယ်။ သတိပေးချက်တွေလည်း ရှိနေပါပြီ။

အခုအချိန်မှာ ထိရောက်တဲ့ လုပ်ဆောင်ချက်တွေ မရှိဘူးဆိုရင် ၂၀၅၀ ခုနှစ်ရောက်တဲ့အခါ လူသန်းပေါင်း ၁၅၀ ဟာ သောက်ရေ မရှိတဲ့အဖြစ်ကို ရောက်ရလိမ့်မယ်။ လူတွေဟာ သောက်ရေအတွက် စစ်ပွဲတွေ ဆင်နွှဲကြရပါလိမ့်မယ်။ ဒီအရာတွေ ဖြစ်လာရင် ဆင်းရဲသားတွေဟာ အနာကျင်ဆုံး သားကောင်တွေ ဖြစ်ရပါလိမ့်မယ်။

နိုင်ငံတော်တော်များများဟာ သဘာဝ ဘေးအန္တရာယ်များကို ရင်ဆိုင် နေကြရပါပြီ။ မုန်တိုင်းတွေနဲ့ ရေကြီးရေလျှံခြင်းတွေ၊ မြေငလျင်လှုပ်ခြင်းတွေ၊ ကမ္ဘာကြီး ပူနွေးလာခြင်းတွေ နေရာအနှံ့မှာ ဖြစ်နေပါပြီ။ ဒီသဘာဝဘေးအန္တရာယ်ရဲ့ သားကောင်တွေဟာ ဆင်းရဲသားတွေပါပဲ။

သဘာဝပတ်ဝန်းကျင်ကို လျစ်လျူရှုခြင်းဟာ အကြမ်းဖက်ခြင်းပါပဲ။ လူတွေကို အစုလိုက် အပြုံလိုက် သေစေတဲ့ လူမျိုးတုန်း သတ်ဖြတ်မှုပါပဲ။ ဘယ်သူတွေဟာ တရားခံလဲဆိုတာ ကမ္ဘာကြီးက သိပါတယ်။ ဒါပေမဲ့ ထိထိရောက်ရောက် မတားဆီးဘူး။

ယခုအချိန်မှာ ထိရောက်စွာ အဆောတလျင် လုပ်ဆောင်ကြပါစို့။ အခြားသူတွေနဲ့ အတူတကွ လက်တွဲ လုပ်ဆောင်ကြရအောင်။ ကျွန်ုပ်တို့ တာဝန် ပျက်ကွက်ရင် မာတင်လူသာကင်းရဲ့ သတိပေးစကား အတိုင်း သတိပေးပါရစေ။

"လူမျိုးဆက်တွေဟာ လူဆိုးတွေ လုပ်ခဲ့တဲ့ မကောင်းမှုတွေအတွက် မျက်ရည်ကျမှာ မဟုတ်ဘူး။ လူကောင်းတွေ အံ့ဩစရာ ကောင်းလောက်အောင် တိတ်ဆိတ် နေခဲ့ကြတဲ့ အတွက် ငိုကြလိမ့်မယ်။"



# လူမှုရေး ဘာသာရေး တို့ လွှမ်းခြုံခဲ့သော ၂၀၁၈ ကမ္ဘာ့ဖလား

၂၀၁၈ ခုနှစ် ဖီဖါ ကမ္ဘာ့ဖလားဘောလုံး ပွဲကို ဇွန်လ ၁၄ ရက်မှ ဇူလိုင် ၁၅ ရက်နေ့ အထိ ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပခဲ့သည်။





| | |
|---|---|
| ကစားပွဲပေါင်း | ၆၄ ပွဲ |
| ဂိုး ပေါင်း | ၁၆၉ ဂိုး |
| အဝါကဒ် | ၂၁၉ ကဒ် |
| အနီကဒ် | ၄ ကဒ် |

ကွင်းတွင်း ဝင်ကြည့်သော ပရိတ်သတ်
၃၃၂၂၃၁၉ ဦး


| | |
|---|---|
| ဂိုးအများဆုံးရသော အသင်း | |
| ဘယ်လ်ဂျီယံ | ၁၆ ဂိုး |
| တိုက်စစ်ထိုးဖေါက်ဆုံးအသင်း | |
| ခရိုအေရှား | ၃၅၂ ကြိမ် |
| အများဆုံး ပါစင်ပေးသော အသင်း | |
| အင်္ဂလန် | ၃၃၃၆ ကြိမ် |
| အကောင်းဆုံးခံစစ် (ကာကွယ်) | |
| ခရိုအေရှား | ၃၀၁ ကြိမ် |




၂၀၁၈ ကမ္ဘာ့ဖလား ချန်ပီယံ ပြင်သစ်အသင်း



ရွှေဘော်လုံးဆုရှင်
မော်ဒရစ်ချ် (ခရိုအေရှား)



အကောင်းဆုံးလူငယ်
မတ်ပေ (ပြင်သစ်)





ရွှေဖိနပ်ဆုရှင်
ဟာရီကိန်း (အင်္ဂလန်)



ရွှေလက်အိတ်ဆုရှင်
ကော့တွစ် (ဘယ်လ်ဂျီယံ)



ပရိတ်သတ်များ မျှော်လင့်မထားဘဲ ဗိုလ်လု ပွဲတက်ရောက်ခဲ့သည် ခရိုအေရှား နိုင်ငံ အသင်း၏နည်းပြ ဇလက်ကို ဒါးလစ်ချ် သည် စိတ်ပုတီးကို အမြဲဆောင်ထားပြီး မယ်တော်အား သဒ္ဓါကြည်ညိုသူ ဖြစ်ကြောင်း ပြိုင်တလျှောက်တွင် ကက်သလစ် သတင်းစာများက ရေးသား ဖေါ်ပြကြသည်။



ခရိုအေရှား နိုင်ငံအသင်းမှ ကစားသမား မာတေအို ကိုဗာစစ်ချ်က သူရရှိသော ငွေတံဆိပ် ဆုအား ရဟန္တာ အန်ထော်နီထံ ပူဇော်ခဲ့သည်။ သူ၏ ဇာတိမြေ သာသနာ အုပ်စုအား ရဟန္တာ အန်ထော်နီထံ အပ်နှံထားသည်။ သူသည် ငယ်စဉ်ကပင် ရဟန္တာအား ကြည်ညိုခဲ့သူ ဖြစ်သည်။ ကစားပွဲတိုင်းကိုလည်း ကောင်းမွန်စွာ ကစားနိုင်ရန် ရဟန္တာ အန်ထော်နီထံ အပ်နှံ ဆုတောင်းခဲ့သည်ဟု ဆိုရှယ်မီဒီယာတွင် သက်သေခံ ရေးသားခဲ့သည်။



အသက် ၁၉ နှစ်သာ ရှိသေးသော ပြင်သစ်ရှေ့တန်းကစားသမား ကီလီယန် မတ်ပေသည် အသက်ငယ်ဆုံးဖြစ်ရုံမက ကောင်းမွန်သော ခြေစွမ်းကြောင့် ထင်ရှားလာခဲ့သည်။ ကမ္ဘာ့ဖလား ကစားခြင်းကြောင့် ရရှိမည့် ငွေအားလုံး အမေရိကန် ဒေါ်လာ ၆ သိန်းနီးပါးကို မသန်စွမ်း ကလေးငယ်များ စောင့်ရှောက်ရေးအဖွဲ့သို့ လှူဒါန်းခဲ့သည်။ "ကျနော့်နိုင်ငံအတွက် ကစားတာ အခကြေးငွေမလိုပါဘူး" ဟု ပြောခဲ့သည်။



၂၀၁၈ ခု ကမ္ဘာ့ဖလားတွင် ဆီမီးဖိုင်နယ် တက်နိုင်ခဲ့သော အင်္ဂလန် အသင်း အတွက် ၂၈ နှစ်အတွင်း အမြင့်မားဆုံး အဆင့်သို့ တက်လှမ်းနိုင်ခြင်း ဖြစ်သည်။ ဟာရီကိန်းသည်လည်း ၁၉၈၆ နောက် ပထမဦးဆုံး ရွှေဖိနပ်ဆု ရရှိသည့် အင်္ဂလန် ကစားသမားတစ်ဦးဖြစ်လာသည်။

ဤအောင်မြင်မှုများနှင့်အတူ အင်္ဂလန် အသင်းအား ပရိတ်သတ်တို့၏ နှလုံးသားထဲ ရောက်စေသော အရာမှာ သူတို့သည် အခကြေးငွေမယူဘဲ ကစားကြခြင်း ဖြစ်သည်။ ရသမျှ ငွေအားလုံးကို England Football Foundation (EFF) အင်္ဂလန် ဘောလုံး ဖေါင်ဒေးရှင်း သို့ လှူဒါန်းကြသည်။ ဤဖေါင်ဒေးရှင်းကို ၂၀၀၇ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ၁၀ နှစ်တာ အတွင်း ကစား သမား ၃၀၀ ခန့်၏ ထည့်ဝင်ငွေဖြင့် ယခု အခါ စတာလင်ပေါင် ၅ သန်းရှိပြီဟု သိ ရသည်။ ဤငွေများဖြင့် ကရုဏာရေး လုပ်ငန်းများစွာ လုပ်ခဲ့ကြောင်း ဖေါင်ဒေး ရှင်း၏ ဝဘ်ဆိုဒ်တွင် ရေးသားထားသည်။



လူဦးရေ ၄.၁ သန်းသာရှိသောခရိုအေရှား နိုင်ငံသည် ကမ္ဘာ့ဖလားတွင် ဗိုလ်လုပွဲ တက်ရောက်နိုင်သည်မှာ အံ့အားသင့်စရာ ဖြစ်ခဲ့ရသည်။ ချန်ပီယံမဖြစ်ခဲ့သော်လည်း ဒုတိယဆု ဆွတ်ခူးနိုင်ခြင်းသည် ထူးခြားသော အောင်မြင်မှု ဖြစ်သည်။ သူတို့ရရှိသော ဆုကြေးငွေ ယူရို ၂၃.၅ သန်းကို နိုင်ငံအတွင်းမှ ကလေးများ အတွက် လှူဒါန်းမည်ဟူသော သတင်းများ မီဒီယာတွင် ပျံ့နှံ့ခဲ့ပြီး လူတိုင်းအတွက် ထပ်ဆင့် ဝမ်းသာဂုဏ်ယူစရာ ဖြစ်ခဲ့ရသည်။

CBCM OSC မှ စုစည်း တင်ပြသည်

# မိဘများပွဲနေ့အတွက် သိကောင်းစရာ

မိဘ တို့နှင့် စပ်လျဉ်းသည့် ပွဲများကို အသင်းတော် အတွင်း ကျင်းပပုံ၊ ကျင်းပသည့်နေ့များဟာ တစ်နေရာနှင့် တစ်နေရာမတူကြဘဲ နေရာဒေသနှင့် ဓလေ့ထုံးစံအရ ကွဲ ပြားစွာကျင်းပကြကြောင်း သတိထားမိပါတယ်။ တစ်ချို့နေ ရာမှာတွေမှာ ဖခင်များနေ့၊ မိခင်များနေ့ ဟူပြီးကျင်းပတတ် ကြသဖြင့်မိဘဟူ၍သီးသန့်မကျင်းပကြတာကို တွေ့ရှိသတိ ထားမိသလို၊ အချို့နေရာတွေမှာတော့ မိဘများပွဲနေ့ ဟူ၍ ကျင်းပနေ ကြတာကို သတိထားမိပါတယ်။

ကျွန်တော်တို့ မြန်မာပြည် ကက်သလစ်အသင်းတော်တွင် မိဘများပွဲနေ့အား မယ်တော်မာရိယာ၏ မိဘများဖြစ်သည့် စိန်ဂျော်ကင်း နှင့် စိန်အာနားပွဲနေ့၊ ဇူလိုင် ၂၆ ရက်နေ့မှာ ကျင်းပကြတာဟာ ဓလေ့တစ်ခုပင် ဖြစ် နေပြီဟု ဆိုရပါလိမ့်မယ်။ ထို့ကြောင့် ဇူလိုင်လ ၂၆ ရက် ဟာ မယ်တော်မာရိယာ၏ မိဘများပွဲနေ့ ဖြစ်သလို၊ မိဘများပွဲနေ့ဟုလည်း မြန်မာကက်သ လစ်ဘာသာဝင်များ သိထားကြပါတယ်။

အသင်းတော်အတွင်း တရားဝင်လက်ခံ အသိမှတ်ပြုထားတဲ့ ကျမ်းစာတော်များတွင် ဂျော်ကင်းနှင့်အာနားဟာ မယ်တော်မာရိယာ၏ မိဘများဟုဖော်ပြထားခြင်းမရှိပါဘူး။ သို့သော်လည်း ယာဂုတ်ကျမ်းဟုခေါ်သော ရှေးကျမ်းတစ်ခုတွင် ဂျော်ကင်းနှင့်အန်းဟုခေါ်သော အိမ်ထောင်သည်စုံတွဲတွင် အသက်အရွယ်လွန်သည်အထိ သားသမီးတစ်ယောက်မျှ မထွန်းကားဘဲရှိနေခဲ့ပါတယ်။ ထို့နောက် တစ်နေ့မှာ ဘုရားသခင်၏ သိကြားတမန်တော်တစ်ပါးဟာ ထိုစုံတွဲရှေ့ပေါ်လာပြီး ၎င်းတို့တွင် ကလေးငယ်တစ်ဦး ထွန်းကားမည်ဖြစ်၍ ထိုကလေးငယ်ကို ဘုရားသခင်အား ဆက်ကပ်ရမည်ဟု ပြောဆိုခဲ့ပါတယ်။ ထို့နောက် သမီးငယ်လေး မာရိယာကိုဖွားမြင်ခဲ့ပြီး ကျွေးမွေးစောင့်ရှောက်ကာ ဘုရားစကားများသင်ကြားပေးရင်း နောက်ဆုံး မာရိယာ အား ဘုရား၏မယ်တော်အဖြစ်သို့ ထိုက်တန်စေခဲ့သည်ဟု ယာဂုတ်ကျမ်းတွင် ဖော်ပြထားပါတယ်။

၎င်းတို့၏ သွန်သင်ဆုံးမမှုကြောင့်သာ မာရိယာသည် *"ကိုယ်တော်၏ အလိုတော်အတိုင်းဖြစ်ပါစေ"* ဟု ပြောဆိုနိုင်ခြင်းဖြစ်သည်ဟုလည်း ရေးသားထားပါတယ်။ မည်သည့် ဓလေ့ထုံးတမ်းစဉ်လာ အရပဲဖြစ်ဖြစ် အသင်းတော်အတွင်းမှာတော့ ဂျော်ကင်းနှင့် အန်းတို့ ဇနီးမောင်နှံဟာ အတုယူထိုက်သည့် မိဘစုံတွဲတစ်ခုအဖြစ် ရှေးဦး ခရစ်ယာန်များအချိန်မှ စ၍ ယနေ့တိုင် အရိုအသေပေးခံ သူတော်စင်များအဖြစ်ပင် လက်ခံကြပါတယ်။

မိဘများနှင့် စပ်လျဉ်း၍ အသင်းတော်အတွင်း ဓမ္မဟောင်း၊ ဓမ္မသစ်ကျမ်းများအားဖြင့် ရှင်းလင်းသေချာတဲ့ သွန်သင်ချက်တွေရှိပါတယ်။ ပညတ်တော် ၁၀ပါး၏ စတုတ္ထမြောက်ပညတ်တော်မှာ *"မိဘတို့အား ရိုသေခြင်းကို ပြုလော့"* ဟုသွန်သင်ထားပါတယ်။ ကက်သလစ်အသင်းတော်၏ မြတ်သောအယူဝါဒ သွန်သင်ချက်များ တွင်လည်း ၂၂၁၄-၂၂၂၀ အတွင်း ရှင်းလင်းပြတ်သားစွာ သွန်သင်ထားပါတယ်။

ကမ္ဘာပေါ်ရှိ လူသန်းပေါင်းများစွာထဲမှာမှ ကျွန်တော် တို့အတွက် မိဘဆိုတာ တိတိကျကျ ပြောရလျှင်တော့ ဖေဖေနှင့်မေမေဟူသော လူသားနှစ်ဦးတည်းသာဖြစ်ပါလိမ့်မယ်။ သို့သော်လည်း ကျွန်တော်တို့ဘဝမှာ ထိုဖေဖေနှင့်မေမေကဲ့သို့သော ပုဂ္ဂိုလ်များဟာလည်း မိဘများအဖြစ် အရိုသေပေးခြင်းခံထိုက်သူများ ဖြစ်ပါတယ်။ ဗုဒ္ဓအယူဝါဒ လွှမ်းမိုးထားသည့် မြန်မာ့နီတိကျမ်းသွန်သင်ချက်ထဲမှာ မိဘဆိုတာ အနန္တော အနန္တ ဂိုဏ်းဝင်ဖြစ်ပြီး ပူဇော်ရှိသေထိုက်သူအဖြစ် သွန်သင်ထားတာ ဖြစ်ပါတယ်။ ထို့အတူ ကျွန်တော်တို့ ခရစ်ယာန်သွန်သင်ချက်မှာလည်း မိဘဆိုတာ ရိုသေထိုက်သူသာ မဟုတ်ဘဲ၊ သားသမီးများအတွက် လောကတွင် ဘုရားသခင်ခန့် အပ်ထားသည့် ဘုရားသခင်၏ကိုယ်စားလှယ်များဖြစ် ကြောင်း ရှင်းရှင်းလင်းလင်း သွန်သင်ထားပါတယ်။ သခင်ခရစ်တော် ကိုယ်




တိုင်လည်း လောကသို့ ဆင်းကြွခဲ့စဉ် သံဖူဇယ်နှင့် မယ်တော် မာရိယာတို့အား ရိုသေစွာ၊ နာခံစွာ နေထိုင်ခဲ့ကြောင်း ဧဝံဂေလိကျမ်းများ တွင်မှတ်တမ်းတင်ထားပါတယ်။

ပညတ်တော် ၁၀ပါးအား အပိုင်းနှစ်ပိုင်းခွဲခြား၍ သုံးသပ်နိုင်ပါတယ်။ ပထမ ပညတ် ၃ ချက်မှာ ဘုရားသခင်အပေါ် ကျွန်ုပ်တို့လူသားများထားရမည့် စိတ်နေသဘောထားနှင့် စပ်လျဉ်း၍သွန်သင်ထားပြီး ကျန် ပညတ် ၇ ချက်မှာ ကျွန်ုပ်တို့လူသားအချင်းချင်း အပြန်အလှန် ထားရှိ ရမည့် စိတ်နေသဘောထားနှင့်စပ်လျဉ်း၍ သွန်သင်ထား ပါတယ်။

ထိုသို့ ကျွန်ုပ်တို့ လူသားအချင်းချင်း အပြန်အလှန်ထားရှိရမည့် စိတ်နေသဘောထားတွင် မိဘအပေါ်ထားရှိရမည့် စိတ်နေသဘောထားဟာ ပထမဆုံးနေရာမှာဖြစ်ပါတယ်။ ထို့ကြောင့် စတုတ္ထပညတ်တော်မှာ "မိဘတို့အား ရိုသေခြင်းကို ပြုလော့" ဟု မိန့်ဆိုထားပါတယ်။ ပညတ် ၇ ချက်၏ ပထမဆုံးပညတ်ဖြစ်သည့် အလျောက် မိဘတွေဟာ ကျွန်တော်တို့ဘဝမှာ ပထမဆုံးနေရာယူထားသူတွေပါပဲ။ ကျွန်တော်တို့အား လူ့ဘဝသို့ ခေါ်ဆောင်ပေးသူ ပထမဆုံးထိတွေ့ ရသူတွေဟာ မိဘတွေပါပဲ။ ကျွန်တော်တို့ကို ပထမဆုံး ပညာပေးသူများဟာလည်း မိဘတွေဖြစ်၍ လက်ဦးဆရာဟုပင် တင်စားခံရသူတွေပါ။ ကျွန်တော်တို့အား နားလည်ပေးနိုင်ဆုံးသော ပထမဆုံးသူတွေဟာလည်း မိဘတွေဖြစ်တာမို့ "တောင်းစုတ် ပလုပ်စုတ်တွေသာပစ်ရိုးထုံးစံရှိပေမယ့် သားဆိုးသမီးဆိုးတော့ ပစ်ရိုးထုံးစံမရှိ" စာဆိုပေါ်ထွက်လာခဲ့တာပါ။ မိဘ မေတ္တာဟာ ရိုးရှင်းပေမယ့် မရိုးနိုင်အောင် ကြီးမြတ်တာမို့ စာပေဖွဲ့မမီအောင်ပင် ရှိလှပါတယ်။ မြင့်မိုရ်တောင်ပင် သေးငယ်ရပါတယ်။ တကယ့်ကို မာတုရမေတ္တာပါပဲ။

သို့သော်လည်း ယနေ့ခေတ် သက်ကြီးရွယ်အို မိဘတွေဟာ သနားစရာအဖြစ်သို့ ရောက်နေပါပြီ။ စီးပွားရေးကို ဦးစားပေးလွန်းတဲ့ခေတ်မို့ အရာရာဟာ တွက်ချက်ခံ နေရတဲ့အခါ မိဘတွေဆိုတာလည်း ဘယ်လောက်အသုံးဝင် သလဲလို့ တွက်ချက်ခံ နေကြရပြီ။ မိဘဟာ အသက်အရွယ် ထောက်လာလို့ အသုံးမဝင်တော့ဘူးလို့ တွက်ချက်ခံလိုက်ရပြီဆိုရင် ပို့ခံရမည့်နေရာက သက်ကြီးရွယ်အိုဂေဟာပါပဲ။ တချို့ပိုဆိုးတာက သားသမီးများက စွန့်ခွာထွက်ပြေးသွားကြတာပဲ။

အချို့သော သက်ကြီးရွယ်အို မိဘများဆိုလျှင် လမ်းဘေးစွန့်ပစ် ပစ္စည်းများနှင့်အတူ စွန့်ပစ်ခံရသည်မို့ ဆိုးရွား လွန်းလှပါတယ်။ လူ့မိသားစု အသိုက်အမြုံမှာ မေတ္တာတရားတွေလည်း စီးပွားရေးဆန်ဆန် တွက်ချက်ခံနေရပြီလား။ သက်ကြီးရွယ်အို ဂေဟာများကိုလည်း အသင့်ပြုလုပ်ထားတဲ့ မိဘစွန့်ပစ်ရာ နေရာတစ်ခုလိုပဲ လူအများ တွက်ဆလာကြတယ်။ တကယ့်ကို စိတ်မကောင်းစရာ ဖြစ်ရပါတယ်။

မိတ်ဆွေများခင်ဗျာ - ကျွန်တော်တို့တတွေ ယနေ့ မိဘများပွဲနေ့မှာ ဒါတွေကို လေးလေးနက်နက် စဉ်းစားဖို့ ဖိတ်ခေါ်ပါရစေ။ အထူးသဖြင့် ခရစ်တော်သခင်အား အတုယူကျင့်ကြံနေကြသော ခရစ်ယာန်၏ မြတ်သောအယူဝါဒတွင် မေတ္တာတရားဟာ အင်မတန်ကြီးမြတ် လေးနက် ပါတယ်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည် အထိပင် ကျွန်တော်တို့ တတွေဟာ ချစ်ခြင်းမေတ္တာအားဖြင့် ဘုရားသခင်၏ သားသမီးများအဖြစ် ဒီကမ္ဘာလောကကြီးကို သက်သေ ခံသွားကြရမှာဖြစ်ပါတယ်။ ထိုသို့ မေတ္တာတရားကို သက်သေခံရာတွင် ဘဝအစ ပထမဆုံး ထိတွေ့ရတဲ့ မိဘတွေဟာ သက်သေခံရာ ပထမဆုံးသော မေတ္တာရှင်တွေ ဖြစ်တာမို့ ထိုမေတ္တာရှင်တွေနဲ့ ပူးတွဲ ကျင့်ကြံခြင်းဟာ ဘုရားသခင်၏ မိသားစု တည်ဆောက်ရာ စံနမူနာများ ဖြစ်ပါလိမ့်မယ်။ ထို့ကြောင့် အသင်းတော်၏ သွန်သင်ချက်အတိုင်း မိဘတွေဟာ ရိုသေထိုက်ပြီး နာခံထိုက်သူများဖြစ်ပါတယ်။ ၎င်းတို့ ၏အခွင့်အရေးအရပင် ကျွန်တော်တို့တွေဟာ မိဘတွေကို နာခံရမှာ ဖြစ်ပါတယ်။ တနည်းအားဖြင့် ဘုရားသခင်အပေါ် ကျွန်တော်တို့၏ စိတ်နေသဘောထားကို မိဘများအား နာခံခြင်းအားဖြင့် လက်တွေ့ကျကျ ကျင့်ကြံနိုင်စေတာလည်း ဖြစ်ပါတယ်။

ယနေ့ မိဘများပွဲနေ့ဟာ ကျနော်တို့ တစ်ဦးချင်းစီအား စတုတ္ထပညတ်တော်ဆီသို့ မီးမောင်းထိုးပြနေပါတယ်။ ၎င်းစတုတ္ထပညတ်တော်အားဖြင့် ကျနော်တို့အား ဘဝရှင်သန်ခြင်း၊ တနည်းအားဖြင့် မိသားစု တည်ဆောက်ခြင်း၊ မေတ္တာအိမ်လေးကို အနွေးထွေးဆုံး တည်ဆောက်နိုင်ဖို့ မီးမောင်းထိုးပြနေပါတယ်။

ထို့ကြောင့် မိမိတို့၏လမ်းညွှန်ဆရာ မိဘများအား အရိုသေးပေးပါ။ ၎င်းတို့ထံမှ များစွာလေ့လာပါ။ ထို့နောက် မိမိတို့ဘဝတွေမှာ ကျင့်ကြံပါ။ ဘုရားသခင်၏ ကောင်းကြီးများမိဘတိုင်းအပေါ် သက်ရောက်စေတော်မူပါ။ သားသမီးတိုင်းအပေါ် သက်ရောက်စေတော်မူပါ။

ဒိုမီနီကန်ကိုရင်

#Dominicankoyin

# ကျိုင်းတုံကက်သလစ်သာသနာ ဆရာတော် ပီတာလွိုးစ်ကျာရူ လွိုင်မွေ သာသနာအုပ်စုသို့ အကြည့်အရှု ရောက်ရှိ



ကျိုင်းတုံကက်သလစ် ဂိုဏ်းအုပ်ဆရာတော်ကြီး ပီတာ လွိုးစ် ကျာရူသည် လွိုင်မွေသာသနာအုပ်စုသို့ ဇူလိုင်လ ၂၂ ရက် နံနက်ပိုင်းအချိန်တွင် သိုးထိန်းခရီးစဉ်အဖြစ် သွားရောက်ခဲ့ပြီး ဘာသာရေးအဖွဲ့အစည်းများ ဘာသာဝင်များနှင့် တွေ့ဆုံခဲ့ပါသည်။ ဆရာတော်ကြီးနှင့်အဖွဲ့အား လွိုင်မွေကျောင်းထိုင် ဘုန်းတော်ကြီး ဖာသာရ်စတီးဗင်း အားနီ၊ လက်ထောက် ဘုန်းတော်ကြီး ဖာသာရ် ရောဘက်ရဲဝင်းနှင့်အတူ ဘာသာတူများ ကျောင်းသူ ကျောင်းသားများမှ ပလွေဘင်ခရာဖြင့် ကြိုဆိုခဲ့ကြသည်။

၉ နာရီခွဲအချိန်တွင် ဆရာတော်မှ ဘာသာတူများကို အားပေးစကား ပြောကြားခဲ့ပြီး လွိုင်မွေသာသနာအုပ်စု ကော်မတီအဖွဲ့ဝင်များနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

ဘာသာသူများမှ သာသနာအုပ်စုအတွင်းကိစ္စအဝဝအားဆရာတော်ကြီးအား တင်ပြခဲ့ကြပြီး ဆရာတော်မှလည်း ပြန်လည် ဆွေးနွေးဖြေကြားခဲ့ကာ ဆွေးနွေးပွဲအား နေ့လည် ၁၂ ထိုးခန့် အချိန်တွင် ရပ်နားခဲ့ပါသည်။

ကျိုင်းတုံလူထုဆက်သွယ်ရေးရုံး

# ကျိုင်းတုံ ကက်သလစ်သာသနာလုံးဆိုင်ရာ ကျန်းမာရေး ကော်မရှင်မှ အခမဲ့ ကျန်းမာရေး ဝန်ဆောင်မှုများ ဆောင်ရွက်လျှက်ရှိ

ယခုနှစ် မေလမှစတင်၍ ကျိုင်းတုံ ကက်သလစ်သာသနာလုံးဆိုင်ရာ ကျန်းမာရေးကော်မရှင်မှ Rev. Fr. Anthony Paul ဦးဆောင်ကာ မကျန်းမာသူများ၊ ရောဂါစစ်ဆေးလိုသူများ အားလုံးအတွက် ဆရာဝန်များ၊ သူနာပြုများဖြင့် အခမဲ့ကျန်းမားရေး ဝန်ဆောင်မှုများ ဆောင်ရွက် ပေးလျှက် ရှိသည်။

၎င်းကျန်းမာရေး အခမဲ့ ဝန်ဆောင်မှုများကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နံနက် ၁၀ နာရီ မှ စတင် ဆောင်ရွက်ပေးလျှက်ရှိသည်။ ယင်းကျန်းမာရေးအဖွဲ့သည် သွေးအိမ်ခေါင်းကင်ဆာ စစ်ဆေးမှု အပါအဝင် အခြားအထွေထွေသော ကျန်းမာရေး စောင့်ရှောက်မှုများကို လူဦးရေ ၁၅၀ အား ဆေး ကုသပေးခဲ့ပြီးဖြစ်သည်။



"သင်တို့သည် ပွဲခံသောအခါ ဆင်းရဲသောသူ၊ ကိုယ်အင်္ဂါချို့တဲ့သောသူ၊ ခြေမစွမ်းသောသူ၊ မျက်စိကန်းသောသူတို့ကို ခေါ်ဖိတ်လော့။ ထိုသို့ပြုလျှင် မင်္ဂလာရှိ၏။ (လုကား ၁၄း၁၃-၁၄)

ပုပ်ရဟန်းမင်းကြီး ဖရန်စစ် အရှင်သူမြတ်က ကျန်းမာရေးလုပ်ငန်းကို လုပ်ကိုင်နေသူများသည် ကျန်းမာရေး တမန်တော်၊ ကျန်းမာရေး သိုးထိန်းများဖြစ်ကြောင်း ပြောကြား အသိပေးထားသည်။ ထို့ကြောင့် အထွေထွေကျန်းမာရေး၊ လူမှုရေး လုပ်ဆောင်နေသူများသည် တစ်နည်းအားဖြင့် ကက်သလစ် သာသနာတော်၏ အမှုတော်ဆောင်များဖြစ်သည်ဟု အရှင်သူမြတ်က မိန့်ကြားခဲ့သည်။

We treat, God heals!

ကျိုင်းတုံ လူထုဆက်သွယ်ရေးရုံး

# ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ခဲ့ ကြသည့် လူငယ်များအား ဆုပေးပွဲ အခမ်းအနား

ကျိုင်းတုံ ကက်သလစ် သာသနာအုပ်စုအတွင်းရှိ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ခဲ့ကြသည့် လူငယ်များအား ဆုပေးပွဲ အခမ်းအနားကို ဇူလိုင်လ ၂၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။ ထိုအခမ်းအနားသို့ ၁၀ တန်းအောင်မြင်သူ ၄၈ ဦး တက်ရောက်ပါဝင်ခဲ့ပြီး ထိုအထဲတွင် ၄ ဘာသာဂုဏ်ထူးရှင် ၁ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၂ဦး၊ ၁ ဘာသာဂုဏ်ထူးရှင် ၇ ဦးရှိကြောင်း သိရပါသည်။

ကျိုင်းတုံလူထုဆက်သွယ်ရေးရုံး



# ကျိုင်းတုံသာသနာမှ သာသနာပြု ကလေးသူငယ်များ နှင့် လူငယ်များ စုပေါင်းပြီး အမှိုက်ကောက်



ပတ်ဝန်းကျင် သန့်ရှင်းသာယာရေး အတွက် ကျိုင်းတုံသာသနာမှ သာသနာပြု ကလေးသူငယ်များနှင့်အတူ လူငယ်များ စုပေါင်းကာ ဇူလိုင်လ (၈)ရက် တနင်္ဂနွေနေ့မနက်က ကျိုင်းတုံးမြို့ စွမ်ဆပ်ကုန်း ရပ်ကွက်အတွင်း စုပေါင်း အမှိုက်ကောက်ခဲ့ကြသည်။ မိမိတို့နေထိုင်ရာ သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ကလေးသူငယ်များနှင့် လူငယ်များ ကိုယ်တတ်နိုင်သည့်ဘက်မှ အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ခွင့် ရသည့်အတွက် ဝမ်းသာဂုဏ်ယူမိကြောင်း လူငယ်တစ်ဦးက ဝေမျှပြောကြားခဲ့သည်။

ကျိုင်းတုံ လူထုဆက်သွယ်ရေးရုံး

# မော်လမြိုင်သာသနာ တနင်္သာရီတိုင်းဒေသကြီး ရှစ်နိုင်မိုင်ကယ် ဘုရားကျောင်း သကျက်ကျေးရွာအုပ်စု ပိုင်ရွာ နှင့်အနီးအနားပတ်ဝန်းကျင်တွင် မိုးသည်းထန်စွာရွာ သောကြောင့် ချောင်းရေကြီးရေလျှံမှု ဖြစ်ပွား



မြန်မာနိုင်ငံ တောင်ပိုင်းရှိ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေရာဒေသအများ အပြားတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိသည်။

ထိုကြောင့် မော်လမြိုင် သာသနာရှိ Rev Fr Matthew Myo Chit ကျောင်းထိုင်သော စိန်မိုင်ကယ်တိုက်နယ်ရှိ ကျေးရွာများတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းပြီး ရေးကြီး ရေလျှံလျက် ရှိကြောင်း သတင်းရရှိသည်။

ဇွန်လမှ စတင်၍ ဇူလိုင်လ အထိ မိုးများစဉ်ဆက်မပြတ်ရွာသွန်း မှုကြောင့် သကျက် ကျေးရွာအုပ်စုများ ဖြစ်သော သကျက်ဂဏန်းကွင်း၊ သကျက်တောင်ပိုင်း၊ သကျက်ကျွဲထိန်းကုန်း၊ သကျက်ဆင်ခေါင်း နှင့် သကျက်ရွာမ တို့မှာ ရေကြီးရေလျှံကာ ရပ်သူရွာသားများ အခက်အခဲများ ကြုံလျက်ရှိသည်။

တချို့သောအိမ်များမှာ ရေထဲ နစ်မြုပ်လုနီးပါးဖြစ်ကာ ပြိုကျမည့် အခြေအနေများ တွင်ရှိသည်။ ကျောင်းသား ကျောင်းသူများမှာလည်း ရေကြီး ရေလျှံမှုကြောင့် ကျောင်းမတက်နိုင်ဘဲ ကျေးရွာ များအတွင်းရှိ စာသင်ကျောင်း(၆) ကျောင်းများကို ပိတ်ထားလိုက်ရသည်။

သကျက် ကျေးရွာတွင် အိမ်ခြေပေါင်း ရ၀၀ နီးပါးရှိသည်။ ရွာရှိ တိရစ္ဆာန်များကို သကျက် ကျေးရွာရှိ လေခေါ် တောင်ပေါ်ဒေသသို့ ပြောင်းရွှေ့ခဲ့ကြရသည်။ ရွာထဲတွင် လှေငယ်ဖြင့် သွားလာကြရသည်။

ဇူလိုင် ၁၆ ရက်နှင့် ၂၀ ရက် အတွင်း ရေအမြင့်ပေ အမြင့်ဆုံး တက်လျှံမှု ဖြစ်ပေါ်ခဲ့သည်။

"၁၉၉၇၊ ၂၀၀၆ နှင့် ယခု ၂၀၁၈ ဟာ ကျွန်တော့ဘဝမှာ ရေကြီးပြီး ရေလျှံတာ တွေ့ခဲ့ဖူးတာ (၃) ကြိမ်ရှိပါပြီ၊ ဘုရားကျောင်း၊ ဘုန်းကြီးကျောင်းအောက် အထိ ရေများ ဝင်ရောက်လာတယ်၊ တနည်း အားဖြင့် ချောင်းရေလျှံတက်လာမှုလို့ ပြောလို့ရတယ်" ဟု သကျက်ကျေးရွာ တွင် နေထိုင်သော စောရန်မျိုးအောင်က သူ၏ အတွေ့အကြုံကို ပြောပြခဲ့သည်။

Deacon Nicholas
(MLM-OSC)

# မော်လမြိုင်သာသနာ ပုလောတိုက်နယ်ကဒဲကျေးရွာတွင် စုပေါင်းဝတ်စောင့်ခြင်းနှင့် မိဘများပွဲနေ့ကျင်းပ

မော်လမြိုင် သာသနာရှိ Rev Fr John Pet Pet ဦးဆောင်သော ပုလောတိုက်နယ် ကဒဲကျေးရွာတွင် မိဘများပွဲနေ့ မတိုင်မီ (၂၁ ရက် ဇူလိုင်လ ၂၀၁၈ ခု) စနေနေ့တွင် ရဟန်းတော်များ၊ သီလရှင်များ၊ တရားဟောဆရာ၊ ဆရာမများ၊ ဂေါပကလူကြီးများ နှင့် ကျေးရွာအတွင်းရှိ ရပ်မိရပ်ဖများ စုပေါင်း ကာ တစ်ရက်တာ ဝတ်စောင့်ခြင်းကိုပြုလုပ်ခဲ့ကြသည်။

မနက် ၈နာရီမှ စတင်ကာ Rev Fr Peter Gyi မှ မိဘများ၏တာဝန် ဝတ္တရားနှင့် ကောင်းမြတ်ခြင်း အကြောင်းကို ဝေငှခဲ့သည်။ Rev Fr Gregory Saw Po Gray မှ စက္ကရင်မင်တူးဆိုင်ရာများကိုပို့ချခဲ့သည်။ Rev Fr John Kenady မှ အပြစ်ဖြေခြင်း စက္ကရင်မင်တူးကို နားထောင်ပေးပြီး ကိုယ်တော်မြတ် ကောင်းကြီးမင်္ဂလာ အစီအစဉ်ကို ဦးဆောင်ကာ ကျေးဇူးတရား ခေါင်းစဉ်ဖြင့် တရားရေအေး တိုက်ကျွေးပြီး တစ်ရက်တာ ဝတ်စောင့်ခြင်းကို အဆုံးသတ်ခဲ့သည်။

Rev Fr Philip Shwe, Fr Luke Saw Paul နှင့် Rev Fr John Pet Pet အပါအဝင် ရဟန်းတော် (၆) ပါး နှင့်တကွ ဝတ်စောင့် ခြင်းတွင် ပါဝင်သော လူဦးရေမှာ (၃၀) ယောက် ရှိသည်။

ဇူလိုင် ၂၂ ရက် တနင်္ဂနွေ နေ့တွင် ရဟန်းတော်များ၊ သီလရှင်များနှင့် တရားဟောဆရာ/ဆရာမများ၊ ဘာသာသူ လူကြီးလူငယ်များ စုစုပေါင်းလူဦးရေမှာ (၅၀၀) ကျော်ခန့် ဘုရားဝတ်ပြုခြင်းနှင့် မိဘတို့အား ရိုသေဂုဏ်ပြုခြင်း အခမ်းအနားတွင် ပါဝင်ခဲ့ကြသည်။

Deacon Nicholas (MLM-OSC)



# စိန့် ဖရန့်စစ် ဇေးဗီးယား စစ္စတာများ စုပေါင်း၍ ဝတ်စောင့်ခြင်း




ကရင်ပြည်နယ် ဘားအံ ဂိုဏ်းအုပ်သာသနာတွင်းရှိ စိန်ဖရန်စစ်ဇေးဗီးယား ကာသီဒြယ် ဘုရားကျောင်းတွင် စိန်ဖရန်စစ် ဇေးဗီးယား စစ္စတာများ စုပေါင်း၍ ဝတ်စောင့်ခြင်း နှင့် ဆုတောင်းခြင်းကို ကျင်းပခဲ့သည်။ ထိုကျင်းပခဲ့သော အစီစဉ်တွင် ပုသိမ်မှ မာသာရ် မာရီယား နှင့် တို့နှင့်သထုံသာသနာ၊ သိမ်ဆိပ်သာသနာ၊ ဖာပွန်သာသနာ၊ ကမမောင်းသာသနာ၊ လှိုင်းဘွဲ့ သာသနာ၊ ကော့ကရိတ်သာသနာ နှင့် မြဝတီ သာသနာမှ စစ္စတာများ ပါဝင်ခဲ့ကြသည်။ ဤအစီစဉ်ကို မာသာရ် မာရီယား နှင့် စစ္စတာကြီး အန်းထရေဇားတို့မှ ဦးဆောင်ခဲ့သည်။ ပထမဆုံး အနေနှင့် စစ္စတာများ စုပေါင်း၍ ဘားအံ စစ္စတာ ကျောင်းဆောင်၌ ဆုတောင်းခြင်းကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၇ ရက်၊ အင်္ဂါနေ့ ညနေပိုင်းတွင် ပြုလုပ်ခဲ့ကြသည်။

ဇူလိုင်လ ၈ ရက်နေ့ မနက်ပိုင်းတွင် စစ္စတာများ မှ အဖွင့် ဓမ္မသီချင်း သီဆိုကာ အစီစဉ်ကို အစပြုခဲ့သည်။ ထို့နောက် ဝတ်ပြုဆုတောင်းကြပြီး ဆရာတော်ကြီး ဂျက်စတင်း စောမင်းသိုက်၏ ဩဝါဒကို ခံယူခဲ့ကြသည်။ ဆရာတော်ကြီးမှ ကားတိုင်ကို အမြဲကြည့်ရန်နှင့် ဒုက္ခရှိမှ သုခရမည်ဖြစ်ကြောင်း၊ လူတိုင်းတွင် အခက်ခဲ ရှိကြောင်းနှင့် အခက်ခဲ ရှိတိုင်း စိတ်ဓါတ်ကျရန် မလိုကြောင်း အဓိကမှာ ဘုရားနှင့် အမြဲပေါင်းစပ်ပြီး ခွန်အား ယူရန်နှင့် သူတော်စင်ဘဝ၏ အသက်

# ဘားအံ ခရစ်ယာန် အသင်းကောင်စီ (၁၉) ကြိမ်မြောက် သင်းလုံးကျွတ် စည်းဝေး ဝတ်ပြုကိုးကွယ်ခြင်း

ဇူလိုင်လ ၆ ရက် ၂၀၁၈ ရက်နေ့ စနေနေ့၌ ကျင်းပသော ဘားအံခရစ်ယာန်အသင်းကောင်စီ (၁၉) ကြိမ်မြောက် စည်းဝေး ဝတ်ပြု ကိုးကွယ်ခြင်းနှင့် အစည်းဝေးကို နံနက် (၈း၀၀မှညနေ ၄း၃၀) ချိန်ထိ ကျင်းပပြုလုပ်ခဲ့သည်။

ထို အစီစဉ်တွင် ဆရာမ ရှဲရှိဖော မှ သဘာပတိ အဖြစ်ဆောင်ရွက်ခဲ့သည်။ အစီအစဉ်အရ အဖွဲ့လိုက် သီချင်းများ သီဆိုခြင်း၊ ဆရာတော် မန်းပီတာငြိမ်း (ရွှေတော သင်းအုပ်) မှ အဖွင့်ဆုတောင်း၊ ပရိတ်သတ်မှ ဓမ္မသီချင်း၊ ဆရာယောဟန် (SDA) မှ ကျမ်းစာဖတ်ခြင်း ၊ ဖူးဆန်ဖော် ကျမ်းစာကျောင်းမှ အလှူတော်ငွေ ကောက်ခံခြင်း၊ ဆရာမကြီး ဂွါသရူ (PSP ကျောင်းအုပ်) မှ အလှူတော်ငွေ ဆက်ကပ်ခြင်းတို့ ပြုလုပ်ခဲ့သည်။



ဒေသနာကို ဆရာမ ဖြူဖြူသိန်း (ပြည်ထောင်စု၊ သာယာကုန်း) မှဟောကြားခဲ့သည်။ ဆရာမ ဖြူဖြူသိန်းမှ တစ်လုံးတစ်ဝဖြစ်ရေးနှင့် စပ်လျဉ်းကာ နိဒါန်းပျိုးခဲ့သည်။ တစ်လုံးတစ်ဝတည်း ဟူသော အဓိပ္ပါယ်မှာ ကျွန်ုပ်တို့သည် တစ်အိမ်ထဲတွင် အတူတကွ ရှန်သန် နေထိုင်ခြင်း၊ သဟဇာတနှင့် အချင်းချင်းမိတ်ဖွဲ့ပြီးမှ တစ်စိတ် တစ်သဘောတည်း စိတ်သဘောထား ညီညွတ်ခြင်းအားဖြင့် အတူတကွ နေထိုင်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ခြုံငုံပြီး အဓိပ္ပါယ်ဖွင့်မည်ဆိုလျှင် ဘုရားသခင်နှင့် လူသားကြား မကသေးပေ ဘုရားဖန်ဆင်းထားသော တိရစ္ဆာန်များ၊ သစ်ပင်ပန်းပင်များ စသည့် အရာအားလုံးနှင့် ဆက်စပ်ခြင်းဖြစ်သည်။ ထို့ပြင် အများနှင့်ဆိုင်သည့် ကောင်းသော အရာများအား ကျွန်ုပ်တို့က တစ်လုံးတစ်ဝတည်း အတူတူ တည်ဆောက်ကြသော ညီညွတ်ခြင်းအားဖြင့် တစ်စိတ် တစ်ဝမ်းတည်း ဖြစ်ခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့လူသားများ အနေနှင့် အတ္တဆိုသော အရာပေါ်ပေါက်လာခဲ့လျှင် တစ်လုံးတစ်ဝတည်း ဆိုသော အနစ်သာရမှာ ပျောက်ပျက်သွားသည်။

တဖန် ငြိမ်းချမ်းခြင်း ဟူသည်မှာ မတူ ကွဲပြားနေသော လူနစ်စုအား သဘောထားခြင်း တိုက်ဆိုင်အောင် လုပ်ဆောင်ခြင်း ဖြစ်သည်။ ဤသို့ လုပ်ဆောင်ရာတွင် လူစုနစ်စုလုံးကို ချစ်မြတ်နိုးသော သူတွေမှသာလျှင် လုပ်ဆောင်နိုင်မည်။ သခင်ယေရှုသည် ကျွန်ုပ်တို့၏ ငြိမ်သက်ခြင်းသခင်၊ ငြိမ်းချမ်းခြင်းအရှင် ပင်ဖြစ်သည်။ ကျွန်ုပ်တို့ လူသားများ အားလုံး ခရစ်တော်ကို ချစ်မည်ဆိုလျှင် ကျွန်ုပ်တို့ လူသား အချင်းချင်း၊ ကျွန်ုပ်တို့ ဂိုဏ်းကဏ္ဍမခွဲ၊ လူမျိုးမခွဲ၊ ဘာသာမခွဲ ချစ်လာကြမည်ဖြစ်သည်။ ချစ်ခြင်းမေတ္တာကို နိုးထစေသောအရာမှာ လက်ဝါးကားတိုင် ဖြစ်သည်။ ဤလက်ဝါး ကားတိုင်တော်အားဖြင့် ငြိမ်သက်ခြင်း ဖေါ်ဆောင်နိုင်သည်။ သခင်ခရစ်တော်၏ အသွေးတော်ကို အဖိုးခပေးပြီးမှသာ ငြိမ်းချမ်းခြင်းကိုရရှိခဲ့သည်။ နိုင်ငံတိုင်းမှာ ရှိသော လူမျိုးအားလုံး လက်ဝါးကားတိုင်တော်ကို မြင်ရခြင်းအားဖြင့် သူတို့၏နှလုံးသားထဲတွင် သခင်ခရစ်တော်ကို ချစ်သောမေတ္တာများ နိုးထစေနိုင်မှာ ဖြစ်သည်။ ဤမေတ္တာအားဖြင့်သာလျှင် လူသားအချင်းချင်း ချစ်လာကြမည် ဖြစ်သည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် ငြိမ်းချမ်းခြင်းကို အပြည့်ဝ လိုချင်ကြသည်၊ တောင်းဆိုကြသည်၊ အမျိုးမျိုးသော နည်းလမ်းအားဖြင့် မိတ်ဆွေဖွဲ့ပြီးတော့မှ နည်းလမ်းအမျိုးမျိုးနဲ့ ငြိမ်ချမ်းရေးကို ပိုပြီးသဏ္ဍာန် ပေါ်လွင်အောင် ကျွန်ုပ်တို့ လုပ်ဆောင်ကြပေသည်။ သို့သော် ဤအရာအားဖြင့် ပြည့်ဝစုံလင်သော ငြိမ်းချမ်းခြင်း မရရှိနိုင်ပေ။ ရှင်ပေါလူးက သခင်ခရစ်တော်ကို ချစ်ခြင်းအားဖြင့်သာလျှင် ငြိမ်းချမ်းခြင်းကို ရရှိနိုင်မည်ဟု မိန့်ဆိုခဲ့သည်။ သခင်ယေရှုသည် ဥပဒေ၏ အနစ်ကို ဘုရားသခင်အားချစ်ခြင်း၊ နီးစပ်သူအား ချစ်ခြင်းဟု ချစ်ခြင်းမေတ္တာ ဥပဒေသာ ပြဋ္ဌာန်းခဲ့သည်။ ပညတ် တရားတော်တွေကို လူသားတွေ အနေနှင့် လိုက်ဖို့ မတက်နိုင်ကြောင်းကို သခင်ရစ်တော်မှ ဖေါ်ပြခဲ့သည်။ လူသားအနေနှင့် တက်နိုင်သော အရာမှာ ဘုရားသခင်၏ ဂရုဏာတော်အားဖြင့် အခမဲ့ရသော ခွင့်လွှတ်ခြင်းနှင့် ဘုရားသခင်၏ မေတ္တာတော်ကို ဖေါ်ပြရန် ဖြစ်သည်။ ချစ်ခြင်းမေတ္တာကို အခြေခံတဲ့ သဘောတရားမှာ တစ်ကမ္ဘာလုံး ကိုးကွယ်သော ဘာသာတရားပင် ဖြစ်သည်။

ဤအကြောင်းရာနှင့် ပတ်သက်ပြီး စာရေးဆရာ တစ်ဦးမှ စစ်ပွဲတစ်ပွဲ အကြောင်းကို ရေးသားခဲ့သည်။ စစ်ပွဲတွင် ကျဆုံးသွားသော အသေခံတပ်သားလေး၏ အလောင်းကို စစ်သင်္ချိုင်းတွင် မြှုပ်နှံရန်အတွက် စစ်သားတစ်ချို့က သယ်လာခဲ့ကြသည်။ ထိုအခါ ကတ်သလစ် ဘုန်းတော်ကြီးမှ ထို အသေခံ တပ်သားလေးသည် ဘုရားသခင်ကို အမှန်တကယ်ပဲ ယုံကြည်ပြီး ဘာသာဝင် ဖြစ်သလား၊ သို့မဟုတ် နှစ်ခြင်းမင်္ဂလာ ခံယူပြီးသူ ဟုတ်မဟုတ် ဘုန်းတော်ကြီးမှမေးမြန်းရာ စစ်သားများက မသိကြောင်းပြောခဲ့သည်။ ထိုအခါ ဘုန်းတော်ကြီးက သူအရမ်း ဝမ်းနည်းပါကြောင်း အသင်းတော်၏ သင်္ချိုင်းတွင် မြှုပ်ခွင့်မရှိကြောင်းပြော ခဲ့သည်။ လာပို့သောသူများလည်း ထပ်တူဝမ်းနည်းကြကာ အသေခံတပ်သားလေး၏ ရုပ်ကလပ်ကို သင်္ချိုင်း၏ ခြံစည်းရိုးအပြင်၌ မြှုပ်နှံလိုက်လေသည်။ နောက်တစ်နေ့ မနက်တွင် စစ်သားများမှ အသေခံတပ်သားလေး မြှုပ်နှံရာ နေရာ အဆင်ပြေခြင်းရှိမရှိ လာရောက်ကြည့်ရှုကြရာ ထိုအသေခံ တပ်သားလေးအား မြှုပ်နှံထားသော နေရာကို မတွေ့ရတော့ပေ။ သူတို့သည်လည်း စိတ်ရှုပ်ထွေးစွာဖြင့် ပြန်မည်အလုပ်တွင် ဘုန်းတော်ကြီးမှ သူတို့အား လှမ်းခေါ်လိုက်သည်။ ဘုန်းတော်ကြီးမှာ မနေ့က ဖြစ်ခဲ့သည့်အရာကို သူ့အနေနှင့် စိတ်မပျော်ရွှင်၊ ဝမ်းနည်းကာ ညဘက်အိပ်မပျော်သောကြောင့် မနက်စောစောမှာ သူဟာ ထိုအသေခံတပ်သားလေး မြှုပ်နှံထားသော နေရာနှင့် သင်္ချိုင်းအကြားတွင်ရှိသော ခြံစည်းရိုးများကို ဖြုတ်လိုက်ကြောင်း ထိုသူတို့အား ပြောပြလေသည်။ စစ်သားလေး မြှုပ်နှံထားသော နေရာကို မတွေ့ရခြင်းမှာ ခြံစည်းရိုးကို ထပ်ချဲ့ထားခြင်းကြောင့်ဖြစ်သည်။ ဘုန်းတော်ကြီး၏ ချစ်ခြင်းအားဖြင့် လုပ်ဆောင်လိုက်သော အပြုအမူကြောင့် အသေခံတပ်သားလေးသည် သင်္ချိုင်းအတွင်း မြှုပ်နှံခွင့် ရသွားခဲ့သည်။ ချစ်ခြင်းမေတ္တာကို ပွါးသထက်ပွါးခြင်း၊ မိတ်ဖွဲ့ခြင်းအားဖြင့် ကျွန်ုပ်တို့ဟာ အချင်းချင်း တစ်ညီတစ်ညွတ်တည်း ဖြစ်ရန် လိုအပ်ပါသည်။



စစ်မှန်သော ခရစ်ယာန် ဘာသာတရားသည် ပျော်ရွှင်ဖွယ်ကောင်းသော အရာတစ်ခုဖြစ်သည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် အသင်းတော်တွင် အမှုတော် ထမ်းရင်း စိတ်ဓါတ် ကျဆင်းစေသော အရာနှင့် ကြုံရတက်ကြပါသည်။ သို့သော် ကျွန်ုပ်တို့သည် စိတ်ဓါတ်ကျနေခြင်းမှ စစ်မှန်သော ခရစ်ယာန် ဘာသာတရား၏ ပျော်ရွှင်ဖွယ်ကောင်းသော အနစ်သာရကို ဖေါ်ဆောင်ပေးရန်အတွက် ဆုတောင်းသော အသင်းတော်ဖြစ်ဖို့လိုကြောင်း ထပ်လောင်း ပြောကြားခဲ့သည်။ ယခုကဲ့သို့ မိတ်သဟာယဖွဲ့၍ ဆုတောင်းလျှင် ခွန်အားပြည့်ဝသော အရာကို အမှန်တကယ်ရရှိမည်။ ဆုတောင်းရာတွင်လည်း ပြည့်ဝသော ယုံကြည်ခြင်းဖြင့် ဆုတောင်း ရန်လည်းလိုအပ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဆုတောင်းခြင်းဖြင့် ယုံကြည်သူများ ဖြစ်ကြရန်လည်း ဆရာမမှ တိုက်တွန်း နိုးဆော်ခဲ့သည်။

ထို့နောက် ဆက်လျက်၍ ဂုဏ်တော်သီချင်းကို မော်စရီးအဖွဲ့မှ လည်းကောင်း၊ ဆရာတော် မန်းမြသန်း (မိတ်သဟာရ၊ ဘားအံ) မှ အပိတ်ဆုတောင်းကာ ဓမ္မသီချင်း သီဆို၍ ဘားအံဆရာတော် ဂျက်စတင်း စောမင်းသိုက်၏ ကောင်းကြီးမင်္ဂလာဖြင့် ဘားအံခရစ်ယာန်အသင်းတော်များ ကောင်စီ (၁၉) နှစ်မြောက် သင်းလုံးကျွတ် အစည်းဝေး ဝတ်ပြုကိုးကွယ်ခြင်းကို အောင်မြင်စွာ အဆုံးသတ်ခဲ့သည်။

တာ၊ လုပ်ဆောင်ရသော သူတော်စင်တို့၏ လုပ်ငန်းများ၌ အခက်ခဲများ ကြုံရသောအခါ ဘုရားသခင်နှင့် ပေါင်းစပ် ခွန်အားယူကြရန် ဩဝါဒပေးခဲ့သည်။ ပြီးနောက် စစ္စတာများ စုပေါင်း ဆုတောင်းကြပြီး ဓမ္မသီချင်း သီဆိုကာ ဝတ်စောင့်ခြင်းကို အဆုံးသတ်ခဲ့သည်။

ထို့နောက် စစ္စတာများ စုပေါင်း၍ မိဘများပွဲနေ့အတွက် ဆရာတော်ကြီးအား ပန်းခြင်းနှင့် လက်ဆောင် ပစ္စည်းများဖြင့် သွားရောက် ကန်တော့ကာ နှုတ်ဆက်ခဲ့ကြသည်။ ဆရာတော်ကြီးမှလည်း စစ္စတာများအား ကရင်ရိုးရာ ပုဝါများကို လက်ဆောင် ပြန်လည်၍ ပေးခဲ့သည်။ ထို့နောက် စစ္စတာများ မှလည်း မိခင်ဖခင်များပွဲနေ့အတွက် မာသာရ် မာရီယား နှင့် စစ္စတာကြီး အန်းထရေဇား တို့အား ကန်တော့ကာ နှုတ်ဆက်ခဲ့ကြသည်။ ထို့နောက် စုပေါင်းညစာပွဲဖြင့် တစ်နေ့တာ ဝတ်စောင့်ခြင်း အစီစဉ်ကို အဆုံးသတ်ခဲ့သည်။



# အတိတ်ခေတ်က နာမည်ကြီးခဲ့သော ကက်သလစ်ခရစ်ယာန် ပညာသင်ကျောင်းများ



မော်လမြိုင်မြို့ရှိ ဒေလာဆာလ် ဘရာသာများ ဦးဆုံး ဖွင့် ခဲ့သော်စိန် ပက်ထရိတ် အထက်တန်းကျောင်းတော်ကြီး

"ကျွန်တော်တို့ဝိုင်းမှာ ဗုဒ္ဓဘာသာ နှစ်ယောက်၊ ခရစ်ယာန် တစ်ယောက်ရယ်၊ မွတ်ဆလင် တစ်ယောက် ရှိတယ်။ မူဆလင်ကတော့ ကျွန်တော်နဲ့ အခင်ဆုံး။ သူက သဘောလည်း ကောင်းတယ်။ သိပ်ချစ်တာ။ အဲ့တော့ ကျွန်တော် တစ်နေ့မှတ်မိတယ် ထမင်းကျွေးတော့ သူတို့က စားပွဲ ထိုးတဲ့သူတွေက အကုန်မှတ်ထားတယ်လေ။ ဘယ်သူ ဘာ သားမစားဘူးလဲဆိုတာ သူနေ့နဲ့ သူပေ့ါ။ ကျွန်တော်တို့ အမဲ သားဘာညာ၊ ဝက်သားကျွေးတဲ့နေ့ဆို သူကတစ်မျိုး။ မတူ ဘူးဟင်း။ ကျွန်တော်ကြည့်နေတယ်။ အဲ့တော့ တစ်နေ့ ကျွန်တော် နောက်ချင်လို့ ပန်းကန်လဲလိုက်တာ ဟင်းပန်း ကန်ကို။ လဲလိုက်တာလည်း နောက်တာပါ။ သူတစ်ကယ် ယူစားရင်လည်း ကျွန်တော် ဆွဲလိုက်မှာပါ။ သူငယ်ချင်းကိုး။ *မရဘူးအဲ့ ခရစ်ယာန်ဘုန်းကြီးက သူကြည့်နေတာ မြင်သွားတယ်။ ဆင်းလာပြီး ကျွန်တော့်ကို ကြိမ်နဲ့ သုံးချက်ရိုက်တော့ ကျွန်တော်တားတယ်။ ကျွန်တော့်အရင်းနီးဆုံးသူငယ်ချင်းမို့ စတာပါ။ တကယ်သူယူစားရင်လည်း ကျွန်တော်သူ့ကို…။ မဟုတ်ဘူး စကိုမစရဘူးတဲ့။ မင်းသူ့ကို နောက်ချင်တာ နောက်။ ခေါင်းရိုက်လည်း ရတယ် ဘာလုပ်လည်းရတယ်။ ဘာသာရေးကိုနောက်ခွင့်မရှိဘူးတဲ့။"*

ရန်ကုန် စိန်ပေါကျောင်းထွက် စီးပွားရေးပညာရှင် တစ်ဦးက အဆိုပါအကြောင်းအရာကို တွေ့ဆုံမေးမြန်းခန်း တစ်ခုတွင် ပြောခဲ့ခြင်းဖြစ်ပြီး ၄င်းရုပ်သံဖိုင်သည် လူမှုကွန်ယက် ဖေ့ဘုတ်ပေါ်တွင် ပြီးခဲ့သည့် နှစ်လခန့်မှ စတင်ပျံ့နှံ့ခဲ့ခြင်းဖြစ်သည်။ ထိုပညာရှင်က ကက်သလစ်ခရစ်ယာန် ပညာသင်ကျောင်း ဖြစ်သော စိန်ပေါကျောင်း နှင့် ပတ်သက်၍ အမှတ်ရစရာကိစ္စများကို ပြန်ပြောင်းပြောပြခြင်းဖြစ်သည်။ ထိုအထဲတွင် ဘာသာမတူသူ တစ်ဦးနှင့် တစ်ဦးအကြား၊ ဘာသာတစ်ဘာသာနှင့် တစ်ဘာသာကြား လေးစားရမည့် စိတ်ထားကို ထိုကျောင်းက သင်ပေးခဲ့ကြောင်း လေးစားဂုဏ်ယူစွာ ချီးကျူးသည်။

၃ မိနစ်ကျော်ကြာ ၄င်းရုပ်သံဖိုင်သည် Facebook Pages များ၊ သုံးစွဲသူ အသီးသီးတို့မှ စတင်ပျံ့နှံ့ခဲ့ကာ ကြည့်ရှုသူပေါင်း သိန်းနှင့်ချီရှိခဲ့ပြီး အတိတ်က ခရစ်ယာန် missionary ကျောင်းများအကြောင်း မှတ်ချက်အသီးသီးပေးမှုဝေခဲ့ကြသည်။ ၄င်းရုပ်သံဖိုင်သည် missionary စာသင်ကျောင်းတွင် တက်ရောက်ခဲ့ကြဖူးသူ (သို့မဟုတ်) နီးစပ်ပတ်သက်ခဲ့ကြဖူးသူများအတွက် အတိတ်၏ အမှတ်ရစရာ တစ်ခုဖြစ်ခဲ့ပြီး ယနေ့ခေတ် ပညာရေး စာငတ်နေသော မြန်မာလူငယ်များ ကြားတွင်လည်း ရေးပန်းစား၊ ဝေမျှဆွေးနွေးစရာ အကြောင်းအရာဖြစ်ခဲ့သည်။ ထို့အတူ မြန်မာပြည် နိုင်ငံခြားသာသနာပြုများ၏ ဘာသာရေးဆုံးမသွန်သင်မှုများ၊ စည်းကမ်းများနှင့် ပတ်သက်ပြီး လေးစားဂုဏ်ယူသည့် မှတ်ချက်များဖြင့် သုံးစွဲသူများအကြား ဖြန့်ဝေခဲ့ကြသည်။

## နာမည်ကြီးခဲ့သော De La Salle Brothers များ၏ ပညာသင်ကျောင်းများ

ကက်သလစ်ခရစ်ယာန် ဘာသာဝင်များ စတင်ဝင်ရောက် နေထိုင်ခဲ့ကြသည်ကို အစပြု၍ ကက်သလစ်ခရစ်ယာန် သာသနာပြုများသည် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ရသည်။ သာသနာပြုများသည် ဘာသာဝင်များအား ကြည့်ရှုစောင့်ရှောက်သည့် လုပ်ငန်းစဉ်များဆောင်ရွက်ခဲ့ကြရင်း မြန်မာဘုရင်များ၏ ကမ်းလှမ်းမှုကြောင့် ဘာသာစကား၊ ပထဝီနှင့် နက္ခဗေဒ၊ အတွေးအခေါ် ပညာရပ်များ အကြောင်းကို နန်းတွင်းသူ၊ နန်းတွင်းသားများအား ပို့ချသင်ပေးခဲ့ရသည်။ ကုန်းဘောင်မင်း ဆက်ဖြစ်သော မင်းတုန်းမင်း လက်ထက်တွင် သာသနာပြုများကို မင်းနေပြည်တော် မန္တလေးသို့ ဖိတ်ခေါ်ခဲ့ပြီး ပညာသင်ကျောင်း ဖွင့်လှစ်စေခဲ့ကာ နန်းတွင်းသူ၊ နန်းတွင်းသားများအား တက်ရောက်သင်ကြား စေခဲ့သည်။ ဤသို့ဖြင့် မြန်မာ့ပညာရေးတွင် ကက်သလစ်ခရစ်ယာန် သာသနာပြုများသည် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်ခဲ့ကြသည်။

De La Salle Brothers များအသင်းဂိုဏ်းသည် ရိုမန်ကက်သလစ် ခရစ်ယာန်သာသနာတော်၏ အကြီးဆုံးသော ပညာရေးအဖွဲ့ဖြစ်ပြီး လွန်ခဲ့သည့် ၁၆၈၀ ခုနှစ်က ပြင်သစ်နိုင်ငံတွင် စတင်တည်ထောင်ခဲ့သည်။ လူငယ်လူရွယ်များ အထူးသဖြင့် ဆင်းရဲသားများကို စက်မှု၊ လက်မှုနှင့် အခြား လိုအပ်သည့် ပညာရပ်များကို သင်ကြားထောက်ပံ့ပေးသည်။

De La Salle Brothers များ အသင်းဂိုဏ်းသည် အမျိုးသားလူငယ်များ အတွက် ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရန် သက္ကရာဇ် ၁၈၅၈ ခုနှစ်တွင် မြန်မာနိုင်ငံမော်လမြိုင်မြို့သို့ စတင်ရောက်ရှိလာခဲ့ပြီး St. Patrick အထက်တန်းကျောင်းကို ပထမဦးဆုံးဖွင့်လှစ်ခဲ့သည်။ သက္ကရာဇ် ၁၈၆၀ တွင် ဒုတိယမြောက်ကျောင်းဖြစ်သော ရန်ကုန်မြို့ရှိ နာမည်ကြီး စိန်ပေါ (ST. PAUL) အထက်တန်းကျောင်းကို မဟာဗန္ဓုလပန်းခြံအနီးသစ်သားအဆောင်ငယ်လေး ဆောက်လုပ်၍ အစပြုခဲ့သည်။ ၁၈၈၆ ခုနှစ်တွင် လက်ရှိနေရာသို့ ပြောင်းရွှေ့ခဲ့ပြီး ကျောင်းသားဦးရေ များပြားလာမှုကြောင့် ၁၉၀၀-၀၈ ခုနှစ်များတွင် အဆောင်များတိုးချဲ့ ဆောက်လုပ်ခဲ့ရသည်။ စိန်ပေါကျောင်းတော်ကြီးနှင့် ကက်သလစ်ခရစ်ယာန်ပညာရေး၏ အသီးအပွင့်များအဖြစ် နယ်ပယ်စုံတွင် အသိပညာရှင်၊ အတတ်ပညာရှင်များကိုမွေးထုတ်နိုင်ခဲ့ပြီးဖြစ်သည်။

ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးခေတ် စာရေးဆရာများ၏ စာအုပ်စာပေများတွင် သာသနာပြု ပညာသင်ကျောင်းတော်များနှင့် ပတ်သက်ပြီး ရေးသားချက်အများအပြားတွေ့နိုင်သည်။ သာဓကဆိုရသော် ဆရာကြီး မြသန်းတင့်သည် မန္တလေးစိန့်ပီတာကျောင်းတွင် တက်ရောက်သင်ကြားခဲ့ပြီး ၄င်း၏ "တစ်သက်တာ မှတ်တမ်းနှင့် အတွေးအခေါ်များ" စာအုပ်တွင် စိန့်ပီတာ ကျောင်းတော်ကြီးနှင့် ပတ်သက်ပြီးရေးသားချက်များ တွေ့နိုင်ပေသည်။ ဦးနေဝင်း အစိုးရ ပြည်သူပိုင်မသိမ်းမီ ၁၉၆၅ ခုနှစ်အထိနှစ်ပေါင်း ၁၀၇ နှစ်အတွင်း စုစုပေါင်းကျောင်း ၉ ကျောင်းကို ရန်ကုန်၊ မော်လမြိုင်၊ မန္တလေး၊ ပြင်ဦးလွင်၊ လှိုင်ကော်၊ မြစ်ကြီးနား၊ တွံ့တေးတို့တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသားပေါင်း အများအပြား မွေးထုတ်နိုင်ခဲ့သည်။ De La Salle Brothers များဖွင့်လှစ်ခဲ့သောကျောင်းများမှာ St. Patrick's High School (မော်လမြိုင်)၊ St. Paul's High School (ရန်ကုန်)၊ St. Anthony School (ရန်ကုန်)၊ St. Theresa School (ရန်ကုန်)၊ St. Peter School (မန္တလေး)၊ St. Albert School (ပြင်ဦးလွင်)၊ St. Joseph School (လှိုင်ကော်)၊ St. Columban School (မြစ်ကြီးနား)၊ De La Salle (တွံ့တေး) တို့ပင်ဖြစ်သည်။



St. Peter's High School, Mandalay, showing the original building with the third storey added to it, and to the left of it, the new Chapel and study-hall block erected in 1955.

သက္ကရာဇ် ၁၉၆၅ ခုနှစ်တွင် ဆိုရှယ်လစ်အစိုးရမှ စိန်ပေါကျောင်းအပါအဝင် သာသနာပြုကျောင်းအားလုံးနှင့် ဘာသာရေးအဆောက်အအုံအများအပြားကို နိုင်ငံတော်ပိုင်အဖြစ်သိမ်းဆည်းခဲ့ပြီး အစိုးရပိုင်အဆောက်အအုံများအဖြစ် အသုံးပြုခဲ့သည်။ အများစုမှာအစိုးရပိုင် အထက်တန်းကျောင်းများအဖြစ် ပြောင်းလဲအသုံးပြုခဲ့ကြသည်။

ထိုခေတ်က ထိုကျောင်းတော်များ၏ ပညာရေး၊ စည်းကမ်း၊ အုပ်ချုပ်မှုများနှင့် ပတ်သက်ပြီးယခုတိုင်အောင် အောက်မေ့ချီးမွမ်းနေကြဆဲဖြစ်သည်။

"ဘက်စုံ ကျွန်တော်တို့ စာကြီးပဲမဟုတ်ဘူးနော်၊ အားကစား မလုပ်မနေရ။ ကျွန်တော်ဆို ဘောလုံးကန်တာ ဝါသနာ မပါဘူး။ ဒါပေမယ့် ဘတ်စကက်ဘော ကစားတယ်။ ဘောလီဘော ကစားရတယ်။ အနုပညာဝါသနာမပါလို့ မရဘူး။ ဂစ်တာမတီးချင်ရင် ဆက်ဆိုဖုန်း၊ ဆက်ဆိုဖုန်းမတီးရင် စန္ဒယား တစ်ခုမဟုတ်တစ်ခု။ ကျန်တာတွေလည်း အနုပညာ၊ ကျန်းမာရေး အကုန်လုံးပေ့ါ။ နံပါတ် (၁) ကတော့ စည်းကမ်း ရှိဖို့။ နောက် နံပါတ် (၂) က ဖြေးဖြေးမှ ကျွန်တော် သဘောပေါက်သွားတယ် ဘာသာရေးကိုလည်း သူက သူများကိုးကွယ်တဲ့ ဘာသာကို လေးစားရတယ်။ အဲ့ဒါကို သင်ပေးတယ်။ ကျွန်တော် တော်တော်လေး အံ့ဩသွားတယ်။" "အဲ့ဒါကို ကျွန်တော်သဘောပေါက်လိုက်တယ် အော်…သူကဘာသာတိုင်းကိုပါ လေးစားရမယ်ဆိုတာ သင်ပေးခဲ့တာ။ ကျွန်တော်တို့အဲ့ဒါအခုအစဉ်အလာသိပ်မရှိတော့ဘူး။"ဟု ဗုဒ္ဓဘာသာဝင် တစ်ယောက်ဖြစ်သူ စိန်ပေါကျောင်းထွက် စီးပွားရေးပညာရှင်တစ်ယောက်က အတိတ်ခေတ် ခရစ်ယာန်ပညာသင်ကျောင်းတော်များနှင့် ပတ်သက်ပြီး ပြန်ပြောင်းပြောပြသည်။

ချမ်းဇော်အောင်

# (၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အောက်မေ့ဖွယ်ရာ ဘာသာပေါင်းစုံ ဆုတောင်းပွဲ အခမ်း အနားကို ရန်ကုန်မြို့ အတိုင်ပင်ခံပုဂ္ဂိုလ် နေအိမ်တွင် ပြုလုပ်

ဇူလိုင်လ ၁၉ ရက်တွင် ကျရောက်သော (၇၁)နှစ် မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အောက်မေ့ဖွယ်ရာ ဘာသာပေါင်းစုံ ဆုတောင်းပွဲ အခမ်း အနားကို ၎င်းနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ် သာ လမ်းရှိ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်၏ နေအိမ်၌ ကျင်းပ သည်။

ထို ဆုတောင်းပွဲ အခမ်းအနားကို မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်ကြီးများ အဖွဲ့ချုပ်မှ လူထုဆက်သွယ်ရေးရုံး ဒါရိုက်တာ ဘုန်းတော်ကြီး မာရီယားနိုစိုးနိုင်၊ ရန်ကုန် ဂိုဏ်းချုပ်ဆရာတော်ကြီး၏ အကူ ဘုန်းတော်ကြီး အက်ဒ်ဝက်စိန်မြင့်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

နိုင်ငံတော်၏ အတိုင် ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့် ဘာသာပေါင်းစုံမှ တာဝန်ရှိသူများသည် ဗိုလ်ချုပ် အောင်ဆန်းကို အောက်မေ့သတိရခြင်း အထိမ်းအမှတ်အဖြစ် နှစ်မိနစ် ငြိမ်သက်ဂါရဝ ပြုခြင်း၊ ဘာသာအသီးသီးမှ ကိုးကွယ်ရာအလိုက်ဆုတောင်းမေတ္တာများ ပို့သခြင်းနှင့် နောက်ဆုံးတွင် တက် ရောက်လာသော ပရိတ်သတ်များက ဓမ္မသီချင်းဖြင့် သီဆိုဆုတောင်းခဲ့ ကြပြီး ဘုန်းတော်ကြီး စိန်မြင့်မှ ကောင်းချီးမင်္ဂလာပေး၍အခမ်းအနားကိုရုတ်သိမ်းခဲ့သည်။

ဆုတောင်းပွဲသို့ ဘာသာရေး အဖွဲ့ အသီးသီးမှ တာဝန်ရှိသူများနှင့် အတူ ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူ နှင့် ဇနီး ဒေါက်တာရွှေလှမ်း၊ နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၏ ဇနီး ဒေါ်မေယဉ်ထွန်း၊ သမ္မတရုံး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမင်းသူနှင့် ဇနီး ဒေါ်လွင်မေသိန်း နှင့် ဧည့်သည်တော်များ တက်ရောက် ကြသည်။



ချမ်းဇော်အောင်

# စိန့်ပီတာ နှင့် စိန့်ပေါလ် ပွဲ အင်းစိန် တွင် ကျင်းပ

ရန်ကုန်ဂိုဏ်းချုပ်သာသနာ အင်းစိန်မြို့နယ်၊ နံ့သာကုန်း ရပ် ကွက်ရှိ St. Peter & St. Paul ကျောင်းတော်ပွဲတော်ကို ပြီးခဲ့သည့် ဇွန်လ ၂၉ ရက် နံနက်ပိုင်းက ကျင်းပခဲ့ပြီး ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီချားလ်ဘို၊ လက်ထောက်ဆရာတော် ဂျွန်စောယောဟန် တို့ ဦးဆောင်ပြီး ရဟန်းအပါး (၂၀) ပါဝင်ကာ ပွဲနေ့ မစ္ဆားတရားတော်မြတ်ကို ဟော ကြားခဲ့သည်။

"စိန်ပီတာ နဲ့ စိန်ပေါ တို့ဟာ အသင်းတော်ရဲ့ အုတ်မြစ် ဖြစ်ကြတယ်။ သူတို့နှစ်ယောက်ဟာ တစ်ချိန်က အားနည်းခဲ့ကြတယ်။ အပြစ်ရှိခဲ့ကြတယ်။ ဒါပေမယ့် အရှုံး၊ အမှားထဲကနေ ထွက်ခဲ့ကြပြီး ဘုရားသခင်ရဲ့အလိုတော်ကို နာခံလိုက်နာခဲ့ကြတယ်။ စိန်ပီတာဟာ ယုံကြည်ခြင်းရဲ့ စံပြ ဖခင်ဖြစ်သလို၊ အသင်းတော်ရဲ့ သာသနာပြု၊ စံပြဖခင်ဖြစ်တယ်။" ဟု ကာဒီနယ်ကြီး က ဩဝါဒတွင် စိန်ပီတာနှင့် စိန်ပေါတို့၏ ဘဝအခြေအနေ နှင့် အသင်းတော်တွင် ၎င်းတို့ နှစ်ဦး၏ အခန်းကဏ္ဍကို အကျယ်တဝင့် ရှင်းလင်းခဲ့သည်။

၎င်းစိန်ပီတာနှင့် စိန်ပေါ ဘုရားကျောင်းပွဲသို့ ရပ်နီး၊ ရပ်ဝေးမှ ဘာသာဝင် တစ်ထောင်ကျော်နှင့် နှင့် ရဟန်း၊ ကိုရင်၊ သီလရှင် အများ အပြားလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။



OSC YANGON

# ကိုးကွယ်မှု ဘာသာတရားများမှ ဓမ္မမိတ်ဆွေများ တွေ့ဆုံခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်သာသနာ ကိုးကွယ်မှု ဘာသာတရားများ အချင်းချင်း နီးနှောဖလှယ်ခြင်းကော်မတီမှ ကြီးမှူးပြုလုပ်သော "ကိုးကွယ်မှု ဘာသာတရားများမှ ဓမ္မမိတ်ဆွေများ တွေ့ဆုံခြင်း" အခမ်းအနား ဒုတိယနေ့ (ဇူလိုင်လ ၂၄ ရက်) နေ့တွင် ဘာသာ အသီးသီးမှ ဆရာတော်ကြီးများနှင့်တကွကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပါ သည်။

တွေ့ဆုံပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်မှာ ချစ်ခင်ရင်းနှီးမှု တည်ဆောက်ရန်နှင့် နီးနှောဖလှယ်ရန် ရည်ရွယ်ချက်ဖြင့် ယခု တွေ့ဆုံပွဲကို ပြုလုပ် ရခြင်းဖြစ်သည်ဟု သိရှိရပါသည်။ တွေ့ဆုံပွဲ၌ ဘာသာအသီးသီးမှ ကြွရောက်လာကြသော ဆရာတော်ကြီးများနှင့် ကိုယ်စားလှယ်များမှ ကိုးကွယ်ယုံကြည်ရာ ဘာသာအလိုက်နေ့စဉ်အသက်ရှင်နေထိုင်ခြင်းတွင် မေတ္တာတရားသည် အရေးကြီးသည့်အရာတစ်ခုဖြစ်ကြောင်းကို ဘာသာအသီးသီးမှ ကိုယ်စားလှယ်များက ဟောပြောဝေငှခဲ့ကြပါသည်။

မြန်မာနိုင်ငံတော်တည်ဆောက်ရေးတွင် ဘာသာအသီးသီးမှ လူသားများအားလုံး မိမိတို့ ဘာသာတရား၏ တရားတော်များအတိုင်း လိုက်နာကျင့်ဆောက်တည်ကြမည်ဆိုပါက ကမ္ဘာကြီးဟာ ငြိမ်းချမ်းမည်ဖြစ်ကြောင်း၊ ဘာသာတရား၏ အဆုံးအမများအား လိုက်နာခြင်းမရှိဘဲ လုပ်ဆောင်နေသူအချို့အား မိမိတို့အနေဖြင့် မည်ကဲ့သို့ လက်တွဲခေါ်ဆောင်ကြမလဲ ဆိုသည်ကို အတူတကွ ဝိုင်းဝန်းဆွေးနွေးတိုင်ပင်လုပ်ဆောင်ခြင်းဖြင့် ငြိမ်းချမ်းခြင်းကို ရရှိမည်ဖြစ်ကြောင်းများကို ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။




News & Photo ( Pinky )

# နှစ်ပေါင်း ၁၃၀ ပြည့်ခဲ့ပြီဖြစ်သော ကက်သလစ်သီလရှင်လေးများ၏ ဘိုးဘွားရိပ်သာ



Miss Getrude di Oliverio နှင့် Miss Helen Carr အမျိုးသမီးနှစ်ဦး၏ ဘုရားသခင်ကိုအစေခံရန် တောက်လောင်ခဲ့သော မေတ္တာဂရုဏာစိတ်ပေါ်တွင် အစပျိုး ပေါ်ပေါက်လာခဲ့သည့် "ကက်သလစ်သီလရှင်လေးများ၏ ဘိုးဘွားရိပ်သာ" လေးသည် နှစ်ပေါင်း ၁၃၀ ပြည့်ခဲ့ပြီဖြစ်သည်။ ထိုအမျိုးသမီးနှစ်ဦးပေါ်တွင် အစပျိုးခဲ့သော ဘုရားသခင်၏ စီမံကိန်းတော်ကို ကက်သလစ်သာသနာတော်၏ သီလရှင်များမှ လက်ဆင့်ကမ်း တာဝန်ယူခဲ့ကြပြီး ဘုရားသခင်၏ အလိုတော်မြတ်ကို လိုက်နာခဲ့ကြသည်။

လွန်ခဲ့သည့် ၁၈၈၈ ခုနှစ်က အစပြုခဲ့သည့် "ကက်သလစ်သီလရှင်လေးများ၏ ဘိုးဘွားရိပ်သာ" သည် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းပေါ်တွင် တည်ရှိပြီး လက်ရှိအချိန်တွင် ဆပ်ဖြေခြင်း အသင်းဂိုဏ်းမှ သီလရှင် ၂၂ ပါး၊ စေတနာ့ဝန်ထမ်း ၃၈ ယောက်တို့ဖြင့် အကူညီမဲ့နေသော ဘိုးဘွား ၁၃၅ ယောက်ကို ပြုစုစောင့်ရှောက်ပေးနေသည်။ ၎င်းဘိုးဘွား ၁၃၅ ယောက်သည် မြန်မာနိုင်ငံ ဒေသအသီးသီးမှဖြစ်ကြပြီး ကက်သလစ်၊ အခြားခရစ်ယာန်၊ ဗုဒ္ဓဘာသာ၊ ဟိန္ဒူ၊ မွတ်ဆလင် စသည့် ဘာသာအသီးသီး ကိုးကွယ်ကြသော ဗမာ၊ အိန္ဒိယ၊ တရုတ်၊ ကရင်၊ ကယား၊ ကချင်၊ ချင်း၊ ရှမ်း၊ ရခိုင်၊ မွန် လူမျိုးများဖြစ်သည်။

### ကက်သလစ်သီလရှင်လေးများ၏ ဘိုးဘွားရိပ်သာ စတင်ပေါ်ပေါက်လာပုံ

၁၉ ရာစုအနှောင်းပိုင်းအချိန်၌ ရန်ကုန်မြို့တွင် နေထိုင်ကြသော Anglo Indian အနွယ်အဝင် Miss Getrude di Oliverio နှင့် Miss Helen Carr ဟူသည့် အမျိုးသမီး နှစ်ဦးသည် ဘုရားတရားကြည်ညို ကိုင်းရှိုင်းပြီး မေတ္တာဂရုဏာ စိတ်ကြီးမားသူများဖြစ်ကာ ဆင်းရဲသား၊ အကူညီမဲ့သူများကို ကူညီရန်ကြိုးစားခဲ့ကြသည်။ ထိုအမျိုးသမီး နှစ်ဦးသည် သီလရှင်ဖြစ်ရန် ဆန္ဒရှိခဲ့ကြပြီး ထိုဆန္ဒအတွက် ကြိုးစားအားထုတ်ခဲ့ကြသော်လည်း ထိုခေတ် အချိန်ကာလက အခြေအနေအမျိုးမျိုးကြောင့် မည်သည့် သူတော်စင်ဂိုဏ်းကိုမျှ ဝင်ရန်အခွင့်အလမ်းမရှိခဲ့ကြချေ။

ဆရာတော် Paul Ambrose Bigandet သည် ထိုအမျိုးသမီးနှစ်ဦးနှင့် ပတ်သက်ပြီး ဘုရားသခင်၏ စီမံကိန်းကို သတိပြုမိခဲ့သည်။ Miss Getrude သည် Little Sisters of the Poor အသင်းဂိုဏ်းသို့ ဝင်ရန် ဝင်ခွင့်တောင်းခံခဲ့ပြီး Postulant ဘဝအဖြစ် အန္တိယနိုင်ငံ ကာလ်ကတ္တားရှိ ဘိုးဘွားရိပ်သာတွင် သက်ကြီးရွယ်အို ဘိုးဘွားများအား နှစ်နှစ်တာ ကြည့်ရှုခဲ့သည်။ ထိုအချိန်က Miss Helen Carr မှာမူ ရန်ကုန်၌ပင် ကျန်ရှိခဲ့သည်။



Miss Getrude သည် ဝင်လိုသူအဖြစ် အန္တိယတွင် (၂)နှစ်တာနေထိုင်စဉ်ကာလအတွင်း ကျန်းမာရေး အားနည်းမှုကြောင့် မြန်မာပြည်သို့ ပြန်လာခဲ့ရသည်။ ထိုအဖြစ်အပျက်အားလုံးကို ဆရာတော် ကြီး Paul Ambrose Bigandet သိရှိခဲ့ကာ Miss Getrude di Oliverio နှင့် Miss Helen Carr တို့ လက်တွဲ၍ ရန်ကုန်မြို့တွင် ပြုစုမှုကင်းမဲ့နေသော သက်ကြီးရွယ်အိုဘိုးဘွားများအတွက် ရိပ်သာတစ်ခု တည်ထောင်ရန် ညွှန်ပြပေးခဲ့သည်။

၎င်းတို့နှစ်ဦးသည် Little Sisters of the poor အသင်းဂိုဏ်း၏ နည်းစနစ်များအတိုင်း ဘိုးဘွားရိပ်သာ တစ်ခု တည်ဆောက်ရန် သတ္တိရှိရှိ ဆုံးဖြတ်ဆောင်ရွက် ခဲ့ကြပြီး ဆရာတော်ကြီး၏ ညွှန်ပြချက်ကို သဘောတူ လက်ခံခဲ့သည်။ ဆရာတော်ကြီးကလည်း ထိုအမျိုးသမီး နှစ်ဦး၏ သဘောဆန္ဒအတိုင်း ဘိုးဘွားများအား ပြုစုစောင့်ရှောက်နိုင်ရန် သာသနာပိုင် ဂေဟာငယ်တစ်ဆောင်ကို ပေးအပ်ခဲ့သည်။ ပထမဦးဆုံးအနေဖြင့် ဂေဟာငယ်လေးကို အသက်သွင်းနိုင်ရန် Miss Getrude နှင့် Miss Helen တို့သည် ရန်ကုန်မြို့တွင် တစ်အိမ်ဝင် တစ်အိမ်ထွက် အလှူငွေများ ကောက်ခံခဲ့ကြပြီး လိုအပ်သည့် ပရိဘောဂပစ္စည်းများ ဝယ်ယူဖြည့်တင်းခဲ့ကြသည်။ ထို့နောက် စောင့်ရှောက်မှု ကင်းမဲ့နေသော ဘိုးဘွား အယောက် (၁၀)ကို မေတ္တာဂရုဏာဖြင့် စတင်ပြုစုစောင့်ရှောက်ခဲ့ကြပြီး ဘိုးဘွားရိပ်သာကို အစပျိုးခဲ့ကြသည်။ သူတို့သည် တစ်အိမ်ဝင် တစ်အိမ်ထွက် အလှူခံကာ ထိုဘိုးဘွားများကို ကျွေးမွေးစောင့်ရှောက် ပြုစုခဲ့ကြသည်။

၁၈၉၄ ခုနှစ်၊ မတ်လ (၁၉) ရက်တွင် ဆရာတော်ကြီး Paul Ambrose Bigandet သည် သက်တော် (၈၁)နှင့်ဖြင့် ပျံလွန်ခဲ့ပြီး ၎င်းနေရာတွင် ဆက်ခံသော ဆရာတော်ကြီး Alexendre Cardot မှ Miss Getrude နှင့် Miss Helen တို့၏ ဘိုးဘွားရိပ်သာလေးကို ဆက်လက်လမ်းညွှန် ကူညီပေးခဲ့သည်။ ဆယ်နှစ်ကျော် ကြာလာသည့်အချိန်တွင် ရိပ်သာတွင် ဘိုးဘွားဦးရေ များပြားလာသည့်အတွက် ဆရာတော် Alexendre Cardot သည် Little Sisters of the Poor အသင်းဂိုဏ်း ဌာနချုပ်သို့ ရန်ကုန်မြို့တွင် ဘိုးဘွားရိပ်သာလာရောက်ဖွင့်လှစ်စေလိုကြောင်း အကြိမ်ကြိမ်စာရေးတောင်းခံခဲ့သော်လည်း အောင်မြင်မှုမရခဲ့ပေ။

ဆရာတော် Alexendre Cardotသည် ၁၈၉၈ ခုနှစ်တွင် ပြင်သစ်သို့အလည်အပတ်သွားရောက်ရာ၌ Little Sisters of the Poor အသင်းဂိုဏ်းဌာနချုပ်သို့ ကိုယ်တိုင်သွားရောက်ခဲ့ပြီး အမျိုးသမီးနှစ်ဦးနှင့် ၎င်းတို့ကြိုးပမ်း အားထုတ်ထားသော မြန်မာပြည်ရှိ ဘိုးဘွားရိပ်သာလေး၏ အခြေအနေများကို ပြောပြခဲ့ရာ Little Sisters of the Poor အသင်းဂိုဏ်းအကြီးအကဲသည် Miss Getrude နှင့် Miss Helen တို့၏ ဘိုးဘွားရိပ်သာလေးကို ကူညီရန် ဆုံးဖြတ်ခဲ့ကြသည်။

Little Sisters of the Poor သီလရှင်များသည် ၁၈၉၈ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ဆိုက်ရောက်ခဲ့ကြပြီး ဘိုးဘွားရိပ်သာလေးကို တိုးချဲ့ကာ အကူအညီမဲ့နေသော သက်ကြီးရွယ်အိုများကို မေတ္တာဂရုဏာဖြင့် ဆက်လက် ကြည့်ရှုစောင့်ရှောက်ခဲ့ကြသည်။ သက္ကရာဇ် ၁၉၆၅ ခုနှစ်တွင် တွင် ဆိုရှယ်လစ်အစိုးရမှ ကက်သလစ်ကျောင်းအများအပြားကို ပြည်သူပိုင်သိမ်းခဲ့ပြီး နိုင်ငံခြား သာသနာပြုများကို နိုင်ငံအတွင်းမှ နှင်ထုတ်ခဲ့ရာ ဘိုးဘွားရိပ်သာကိုဦးစီးဆောင်ရွက်နေကြသော Little Sisters of the Poor မှ သီလရှင်များလည်း နိုင်ငံအတွင်းမှ ထွက်ခွာခဲ့ရသည်။ ထို့ကြောင့် ၎င်းသီလရှင်များနေရာတွင် ပြည်တွင်းက ဖရန်စစ္စကန် သီလရှင် အသင်းဂိုဏ်းမှ တာဝန်ယူစောင့်ရှောက်ခဲ့ပြီး နောင်တွင် ဆပ်ဖြေခြင်း သီလရှင်အသင်းဂိုဏ်းမှ အပြည့်အဝ တာဝန်ယူ ပေးခဲ့ကြသည်။

## ဘိုးဘွားရိပ်သာနှင့် ပတ်သက်ပြီး ထိုကျောင်းတွင် တာဝန်ထမ်းဆောင်နေသော သမိုင်းလေ့လာပြုစုသူ Sr. Olivia Nu Nu Khaing နှင့် တွေ့ဆုံမေးမြန်းခြင်း

မေး။ ။ဒီဘိုးဘွားရိပ်သာလေးကို သူတို့ (ဘိုးဘွားများ) ဘယ်လိုရောက်လာခဲ့ကြတာလဲ။ ဘယ်လိုအကြောင်းမျိုးတွေကြောင့် ရောက်လာခဲ့ရတာလဲ။

ဖြေ။ ။တစ်ချို့ကလည်း သားသမီးမရှိကြလို့၊ တစ်ချို့ကလည်း သားသမီးတွေက မပြုစုနိုင်လို့ ရောက်လာကြတယ်။ အချိန်မပေးနိုင်ကြလို့လည်းဖြစ်မှာပေါ့လေ တစ်ချို့ကြတော့လည်း တကယ့်သားသမီးတွေမရှိကြလို့။ ဟို နယ်ဘက်က အဘိုးအဘွားတွေကြတော့ တာဝန်ခံတွေက တာဝန်ယူပြီးလာပို့ကြတာပေါ့နော်။ တကယ်လို့ ဘာသာသူဖြစ်မယ်ဆိုရင် ကျောင်းထိုင်ဘုန်းကြီးရဲ့ ထောက်ခံချက်နဲ့ လာပို့ရတယ်။ ဘာသာသူမဟုတ်တဲ့ လူတွေကြတော့ ပထမအရင်လာစုံစမ်းကြတယ်။ ပြီးတော့ သူတို့ကိုယ်တိုင် လာပို့ ကြတယ်။

မေး။ ။ဒီအပေါ်မှာ (သားသမီးတွေနဲ့ အတူမနေရတာနဲ့ပတ်သက်ပြီး) ဘိုးဘွားတွေရဲ့ စိတ်ခံစားချက်က ဘယ်လိုရှိလဲ။ စစ္စတာတို့ အနေနဲ့ သူတို့ကို စိတ်ပိုင်းဆိုင်ရာမှာ ဘာတွေ ကူညီပေးနေရလဲ။

ဖြေ။ ။ များသောအားဖြင့် သူတို့ဟာသူတို့ အထီးကျန်တယ် အဲ့လိုခံစားရကြတယ်။ ကျမတို့ဘက်ကတော့ သူတို့ကို အဲ့လိုခံစားချက်တွေ မရှိရအောင် စကားလေးတွေ ပြောပေးတာ၊ ပြီးတော့ စုပေါင်းပြီးတော့ သူတို့ရဲ့စိတ်ပိုင်းဆိုင်ရာ၊ ကာယပိုင်းဆိုင်ရာ လေ့ကျင့်ခန်းတွေ လုပ်ပေးဖြစ်တဲ့ အစီအစဉ်တွေ။ တစ်ခြားပျော်ပွဲ ရွှင်ပွဲတွေလည်း လုပ်ပေးတာလည်းရှိတယ်။

# ဟားခါး စီရင်စုတွင် ဘုရားကျောင်းသစ် နှစ် ဆောင် ဖွင့်လှစ်






ဟားခါးသာသနာ၊ ဟားခါး မြို့သစ်ရပ်၊ မီးသတ်ကုန်း အောက်တွင် ဆောက်လုပ်ပြီးစီးခဲ့သော စိန့်ရှာဘဲလ် ဘုရားကျောင်း သစ်ကို ၂၀၁၈ ခု ဇွန်လ ၁၇ ရက် နံနက် ၁၀ နာရီတွင် ဆရာတော် လူးချတ်စ် ဟရေခုန်း နှင့်အတူ ဘုန်းတော် ကြီး ၂၂ ပါး ခြံရံကာ လူထု ပရိတ်သတ် ၄၀၀ ခန့် ပါဝင်ပြီး မဏ္ဍားပူဇော် ခြင်းဖြင့် ဖွင့် လှစ်ခဲ့ပါသည်။

ဖွင့်ပွဲ အခမ်းအနားတွင် အဓိက အလှူရှင် ဦး အိုက်ဇက် မှ ကျေးဇူးတင်စကား ပြောကြား ခဲ့သည်။ ဘုရားကျောင်း ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ပါဝင်ကူညီခဲ့ကြသူများ၊ ဟားခါးသာသနာ ဆရာတော်ကြီးနှင့် ဘုန်းတော်ကြီးများ အား ကျေးဇူးတင်ခဲ့သည်။

ရဟန္တာ Charbel of Lebanon သည် မထင်ရှားသော လက်ဘနွန် နိုင်ငံမှ လာသော်လည်း သူ၏ သခင်ခရစ်တော် အပေါ်ထားရှိသော ယုံကြည်ခြင်း၊ မယ်တော် အပေါ်ထားရှိသော သဒ္ဓါကြည်ညိုခြင်း တို့ကြောင့် ဆင်းရဲနိမ့်ချသော အသက်တာဖြင့် ဘဝကို အကောင်းဆုံး ပေးဆပ်ခဲ့သူ ဖြစ်သည်။ အသက်ရှင်လျက်ရှိစဉ်၌ပင် သူ၏ သန့်ရှင်းခြင်းကို လူအများက သိမှတ်ခြင်း ခံခဲ့ရသူ ဖြစ်သည်။

ဆရာတော်ကြီး၏ ကျေးဇူးတင်စကားဖြင့် အခမ်းအနားကို အဆုံးသတ်ကာ ကြွရောက်လာသူများအား မိတ်ဆုံ စားပွဲဖြင့် တည်ခင်း ဧည့်ခံခဲ့သည်.


ထိုနည်းတူ ဟားခါး မြို့သစ် ရပ်၊ နာဟာအို တောင်ကုန်းတွင် ဆောက်လုပ်ထားရှိသော စိန့်ဗာလင်တိုင်း ဘုရားကျောင်းသစ်ကို ၂၀၁၈ခု ဇွန်လ ၂၄ ရက် ညနေ ၄ နာရီတွင် ဆရာတော် လူးချတ်စ် ဟရေခုန်း နှင့်အတူ ဘုန်းတော်ကြီး ၆ ပါးတို့၏ မဏ္ဍားပူဇော် ခြင်းဖြင့် ဖွင့် လှစ်ခဲ့ပါသည်။

ဘာသာဝင် မိသားစု ၂၅ စုရှိပြီး လူဦးရေ ၁၀၀ ခန့်သည် ဤ ဘုရားကျောင်းတွင် ဝတ်ပြုကိုးကွယ်ခြင်းကို ပြုလုပ်နိုင်ကြမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ်က သဘာဝဘေး အန္တရာယ် ခံရစဉ်က ပြောင်းရွှေ့ခဲ့ကြသော မိသားစုများ ဖြစ်သည်။

ဘုရားကျောင်းငယ်လေးသည် တောင်ကုန်းပေါ် ထင်းရှူးပင်များအကြားတွင် တည်ရှိပြီး ဆိတ်ငြိမ်စွာ ဆုတောင်းခြင်းအတွက် အလွန် သင့်တော်သော နေရာ တစ်ခုဖြစ်သည်။

နော်ဘတ်ကျော်လင်း (ဟားခါး OSC)

## De La Salle Brothers အသင်းဂိုဏ်းမှ Br. Leonard သည် သက်တော် (၈၀) အရွယ် ဇူလိုင်လ ၂၂ ရက်တွင် ကွယ်လွန်



De La Salle Brothers အသင်းဂိုဏ်းမှ Br. Leonard သည် သက်တော် (၈၀) အရွယ် ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၂ ရက်တွင် ခရစ်တော်၏ နာမတော်မြတ်တွင် ငြိမ်သက်သာယာစွာ အိပ်ပျော်ခဲ့သည်။ ဘရာသာရ်ကြီးသည် သက်တော်ကြီးရင့် အားအင်ကုန်ဆုံးမှုကြောင့် အပျံလွန်မီ ၃ ရက်အလို ဇူလိုင် လ ၁၉ ရက်တွင် ရန်ကုန် ဆေးရုံကြီး၌ ဆေးကုသမှုခံယူခဲ့သည်။ ဘရာသာရ်ကြီး Br. Leonard ၏ ကျန်းမာရေး အခြေအနေသည် ဆေးရုံသို့ ရောက်သည့်တိုင် ဆက်လက်ဆိုးရွားလာခဲ့ပြီး ဇူလိုင်လ ၂၂ ရက် ညနေ ၃ နာရီကျော်တွင် ပျံလွန်ခဲ့ခြင်း ဖြစ်သည်။

စိန်ပေါ်ပညာရေးကျောင်းတွင် ကျောင်းဆရာအဖြစ်လုပ်ကိုင်ခဲ့သည့် ဆရာကြီး Mr. Charlies Lewis ၏ သားတစ်ယောက်ဖြစ်သော ဘရာသာရ်ကြီး Br. Leonard သည် ၁၉၃၈ ခုနှစ် မတ်လ ၁၀ ရက်၌ ရန်ကုန်မြို့ အင်းစိန်မြို့နယ်တွင် မွေးဖွားခဲ့သည်။ အခြေခံပညာများကို ရန်ကုန် စိန်ပေါ်နှင့် မေမြို့စိန်အဲလ်ဘတ်ကျောင်းတော်ကြီးများတွင် သင်ယူခဲ့ပြီး ၁၉၅၆ ခုနှစ်တွင် De La Salle Brothers အသင်းဂိုဏ်းသို့ ဝင်ရောက်ရန် မလေးရှားနိုင်ငံ ပီနန်သို့ သွားရောက်ခဲ့သည်။ ၁၉၅၈ ခုနှစ် ဩဂုတ်လ ၈ ရက်တွင် De La Salle Brother တစ်ပါးအဖြစ် ပထမသစ္စာကို ခံယူခဲ့သည်။ ဘရာသာရ်ကြီး Br. Leonard သည် ပညာရပ်အသီးသီးကို လေ့လာဆည်းပူးခဲ့ပြီး De La Salle Brothers များ၏ ပညာရေးကျောင်းများတွင် ဆရာအဖြစ် ကျောင်းသားများကို ပညာသင်ကြားပေးခဲ့သည်။ ထို့အပြင် မျိုးကြဲသူ စာစောင် ထုတ်ဝေသူ၊ ရဟန်းဖြစ်သင်ကျောင်းများတွင် Visiting Professor အဖြစ်လည်း သာသနာတာဝန်များကို ထမ်းဆောင်ခဲ့သည်။



တာဝန်ခံ စစ္စတာကြီး မေရီ ဂျိုစဖင်း နှင့် စစ္စတာ အော်လီဗီယာ နနနိုင်

မေး။ ။သူတို့ရဲ့ တစ်နေ့တာအချိန်ဇယားကရော။

ဖြေ။ ။ပုံမှန် တစ်နေ့တာ အချိန်ဇယားကတော့ မနက်ဆိုရင် ၄ နာရီခွဲ ၅ နာရီလောက်ဆို သူတို့ အိပ်ယာကထတယ်။ ကိုယ်လက်သန့်ရှင်းလုပ်ပြီးရင် ဘုရားကျောင်းကိုလာ။ သူဘာသာသူအလိုက်ပေါ့။ ပြီးရင် စုပေါင်း ကျန်းမာရေး လေ့ကျင့်ခန်း လုပ်တယ်။ ပြီးရင် မနက်စာစား။ ပြီးရင် ကျန်မာရေးကျောင်းတဲ့သူတွေ၊ တတ်နိုင်တဲ့သူတွေကတော့ မီးဖိုမှာ နည်း နည်းလေး ဝိုင်းကူ။ မနက် (၉)နာရီမှာ လူမှုဝန်ထမ်းအဖွဲ့အစည်းတွေက ဝိုင်းကူပြီး ယောဂလေ့ကျင့်ခန်းတွေ လုပ်ကြရ တယ်။

မေး။ ။ဘိုးဘွား ၁၃၅ ယောက်ကို သီလရှင်၊ စေတနာ့ဝန်ထမ်း ဘယ်နဦးလောက်နဲ့ ပြုစုပေးနေရလဲ။

ဖြေ။ ။ဒီမှာလုပ်နေကြတာတော့ သီလရှင်အနေနဲ့ ၂၂ ပါး၊ စေတနာ့ ဝန်ထမ်းအနေနဲ့ ၃၈ ယောက်ရှိတယ်။

မေး။ ။ဒီရိပ်သာအတွက် ငွေကြေးအနေနဲ့ထောက်ပံ့မှုကရော ဘယ်ကနေရလဲ။

ဖြေ။ ။ထောက်ပံ့ငွေကြေးကတော့ တစ်လုံးတစ်ခဲထဲ မရှိဘူး။ လစဉ်၊ လစဉ် ပထမအပတ်တိုင်း အပြင်ထွက်ပြီး အလှူခံကြရတယ်။ အမြဲတမ်းထည့်ဝင်နေတဲ့ အလှူရှင်တွေရှိတယ်။ အဲ့ဒီအိမ်တွေသွားပြီး တစ်အိမ်ဝင် တစ်အိမ်ထွက် အလှူခံ။ အဲ့ဒီကရလာတဲ့ ငွေနဲ့ ဒီမှာလာလှူတဲ့ ဟာတွေရယ် ဒါလေးတွေနဲ့ စီမံနေကြရတယ်ပေါ့။ နေ့စဉ် နေ့စဉ်တော့ သူ့ဟာနဲ့သူ အလှူရှင်ကတော့ရှိတယ်။ နေ့စဉ်အလှူရှင် စာရင်းရှိတယ်ပေါ့နော်။ အလှူငွေကိုလည်း တစ်ဦးတစ်ယောက်ချင်းစီ လာလှူတာလဲရှိတယ်။ အဖွဲ့အစည်းတွေကလာလှူကြတာလဲရှိတယ်။ အစိုးရ လူမှုဝန်ထမ်းကလည်း လာပြီး ထောက်ပံ့ပေးတာလည်းရှိတယ်။ အစိုးရ သက်ဆိုင်ရာအဖွဲ့တွေကလည်း လာလှူဒါန်းတာရှိတယ်။ အဲ့ဒါတွေကို စုပေါင်းပြီး။ ဒါတွေနဲ့ပဲ ကျွေးမွေး ပေးတာပေါ့နော်။

နောက်လ စာစောင်တွင် ဆက်လက် ဖော်ပြပေးသွားပါမည်။

ချမ်းဇော်အောင်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၏ အကြံပေးအဖွဲ့အား လက်ခံတွေ့ဆုံ



ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၏ အကြံပေးအဖွဲ့သည် ဇူလိုင်လ (၁၇) ရက်တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နှင့် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့အား သွားရောက် တွေ့ဆုံခဲ့ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ဟောင်း H.E. Prof. Dr. Surakiart Sathirathai ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော ၄င်းအဖွဲ့ဝင် (၈) ဦးတို့ကို နံနက်ခင်း (၁၀)နာရီတွင် နိုင်ငံခြားရေးဝန်ကြီး ဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံရာတွင် အကြံပေးအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် လုပ်ငန်းအစီအစဉ် များကို အကြံပေးအဖွဲ့ဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပြီး အကြံပေးအဖွဲ့၏ ပထမနှင့် ဒုတိယအကြိမ် ခရီးစဉ်များအပြီး ထုတ်ပြန်ခဲ့သော အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှု၊ ရခိုင်ပြည်နယ်ဆိုင်ရာ စိန်ခေါ်မှုများအား ဖြေရှင်းသွားရေး နှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များအား ဆက်လက်ဆောင်ရွက် သွားရေးတို့ နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ချက် အရသိရသည်။

နိုင်ငံတော်အတိုင်ပင်ခံနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အ ထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့တို့၏ ယခုတွေ့ဆုံမှုသည် ၄င်းအဖွဲ့ စတင်ဖွဲ့စည်းပြီးချိန်မှစ၍ တတိ ယ အကြိမ် တွေ့ဆုံခြင်းဖြစ်သည်။

၄င်းအဖွဲ့သည် နိုင်ငံတော် အ တိုင်ပင်ခံပုဂ္ဂိုလ် နှင့် တွေ့ဆုံအပြီး နေ့ခင်း (၂) နာရီ အချိန်တွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ကိုလည်း ပထမဆုံးအကြိမ် သွားရောက်တွေ့ဆုံခဲ့ပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ် စွန့်ခွာ သူများ ပြန်လည်လက်ခံရေးနှင့် ရခိုင်ပြည်နယ်မှ နေရပ် စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ် အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ ပြုနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် UNDP-UNHCR တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး ဆောင် ရွက်နေမှု အခြေအနေများ ဆွေးနွေးခဲ့ကြောင်း နိုင်ငံတော် သမ္မတရုံးက သတင်း ထုတ်ပြန်ထားသည်။

တွေ့ဆုံပွဲများတွင် ဌာနဆိုင်ရာ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိများ တက်ရောက်ခဲ့ကြသည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်းဖြစ်သူ H.E. Prof. Dr. Surakiart Sathirathai ဦးဆောင်သော အကြံပေးအဖွဲ့ကို ပြည်ပ ပညာရှင်ငါးဦး၊ ပြည်တွင်း ပညာရှင်ငါးဦးစီဖြင့် ၂၀၁၇ ဒီဇင်ဘာ ၉ ရက်တွင် စတင်ဖွဲ့စည်းခဲ့သော်လည်း အမေရိကန်စွမ်းအင်ဝန်ကြီးဟောင်းနှင့် နယူးမက္ကဆီကိုပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း ဘီလ်ရစ်ချက်ဆန်သည် အကြံပေးအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခဲ့၍ လက်ရှိတွင် အကြံပေးအဖွဲ့ဝင် ကိုးဦး ကျန်ရှိသည်။


၄င်းအကြံပေးအဖွဲ့သည် ရခိုင် ပြည်နယ်ဆိုင်ရာ ကော်မရှင်များ ၏ အကြံပြုချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး လိုအပ်သော အကြံဉာဏ်များ ရယူနိုင်ရန် ဖွဲ့စည်းခြင်း ဖြစ်သည်။

ချမ်းဇော်အောင်

# ဖားကန့်မြို့နယ် ကျောက်စိမ်းလုပ်ကွက်အတွင်း မြေပြိုမှုဖြစ်ပွားခဲ့ပြီး စုစုပေါင်း လူ(၁၅) ဦး သေဆုံးခဲ့ပြီး အများအပြားပျောက်ဆုံးနေကြောင်း သတင်းများမှ သိရ

ဖားကန့်မြို့နယ်၊ ဆန်ခါကျေးရွာရှိ ကျောက်စိမ်း လုပ်ကွက်အတွင်း ဇူလိုင် ၁၄ ရက် မွန်းလွဲ ၂နာရီခန့်က မြေပြိုမှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၅ ဦးရှိခဲ့ကြောင်း သတင်းများ အရ သိရသည်။

မြေပြိုမှုဖြစ်ပွားအပြီး ၃ နာရီကြာ ရှာဖွေမှုအပြီး ညနေ ၅ နာရီအချိန်တွင် သေဆုံးသူ အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီး



တစ်ဦး စုစုပေါင်း (၁၅) ရှိကာ ဒဏ်ရာရသူ (၄၆) ဦးနှင့် ပျောက်ဆုံးနေသူ အချို့ရှိကြောင်း ကယ်ဆယ်ရေးဆောင်ရွက် နေသော ဖားကန့်မြို့နယ် မီးသတ်တပ်ဖွဲ့မှူး ဦးပြေငြိမ်းက 7Days သတင်းစာအား ပြောကြားအတည်ပြုချက်အရသိရသည်။

မီးသတ်တပ်ဖွဲ့မှူး ဦးပြေငြိမ်းမှ 7Days သတင်းစာအား ပြောပြချက်များတွင် ဖားကန့်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုအပြီး ယခုကဲ့သို့ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၃ နာရီကြာ ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ် မြေစာပုံ ထပ်မံပြို ကျမည့် အခြေအနေများ ဖြစ်ပေါ်လာ၍ ကယ်ဆယ်ရေးလုပ်ငန်းများ ရပ်တန့် ခဲ့ရကြောင်း၊ ပတ်ဝန်းကျင် ရေမဆေး ကျောက်သမားများ၏ ပြောကြားချက်အရ ပျောက်ဆုံးနေသူ ၁၀ ဦး၊ ၁၅ ဦးခန့်ရှိ ရှိသေးသည်ဟု သိရကြောင်း ဆိုသည်။

ဇူလိုင်လ ၂၄ ရက် နံနက် ပိုင်းကလည်း ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မက်လင်ချောင်ကျေးရွာရှိ ကျောက်တူးဖော်ရေး လုပ်ငန်းတစ်ခုတွင် တောင်ကမ်းပါးရုံပြိုကျခဲ့ပြီး လူ ၂၅ ဦး ပျောက်ဆုံးခဲ့ကြောင်း သတင်းများအရသိရသည်။

၄င်းဖြစ်စဉ်တွင် ပျောက်ဆုံးသူများကို ယင်းနေ့ညနေပိုင်းအထိ ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင် နိုင်ခြင်း မရှိကြောင်း ဇူလိုင်လ ၂၅ ရက်ထုတ် ပြည်တွင်း သတင်းစာများအရသိရသည်။

ကျောက်စိမ်းများထွက်ရာ ကချင်ပြည်နယ်တွင် အလွန်အကျွံ စည်းကမ်းမဲ့ ကျောက်တူးဖော်မှုများကြောင့် နှစ်စဉ် လူရာနဲ့ချီ သေဆုံးမှုများဖြစ်ပွားလျှက်ရှိပြီး၊ သဘာဝပတ်ဝန်းကျင် ဆိုးရွားစွာ ပျက်စီးမှုများ နှင့် ရင်ဆိုင်နေရကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များက ဆိုသည်။


ချမ်းဇော်အောင်

# "တောဝက်အသင်း" ၏ ပြီးမြောက်ခဲ့သော ခရီးစဉ်

"တောဝက်အသင်း" လို့ အမည်ရတဲ့ ထိုင်းလူငယ်ဘောလုံးအသင်းသား ၁၂ ယောက်နဲ့ နည်းပြဖြစ်သူတို့ဟာ ပြီးခဲ့တဲ့ ဇွန်လ ၂၃ ရက်က ပုံမှန် လေ့ကျင့်ခန်း အစီ အစဉ် အပြီး သမ်လောင်ဂူထဲသို့ ဝင်ရောက်ခဲ့ရာမှ ပျောက်ဆုံးခဲ့ကြခြင်းဖြစ်သည်။

သဘာဝထုံးကျောက်ဂူဖြစ်သော သမ်လောင်ဂူသည် မိုးရာသီတွင် ရေဝင်နစ်မြုပ်လေ့ရှိသော ဂူတစ်ဂူဖြစ်ကာ လူငယ်ဘောလုံးအသင်း လိုက်ဂူထဲ ဝင်သွားပြီးနောက် မိုးစတင် ရွာသွန်းခဲ့ပြီး ဂူအတွင်း ရေကြီးမှုဖြစ်ပွား၍ ပိတ်မိခဲ့ခြင်းဖြစ်သည် ဟု ကယ်ဆယ်ရေးအဖွဲ့များက ဆိုသည်။

၄င်းကလေးငယ်များ ကယ်ဆယ်ရေးကို ထိုင်းအစိုးရက နိုင်ငံတော်အဆင့် သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ထိုင်းရေတပ်နှင့် နိုင်ငံတကာမှ ကျွမ်းကျင် ပညာရှင်များက ပူးပေါင်း၍ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ထိုကလေးငယ်များ သတင်းကို ကမ္ဘာတဝှမ်းလုံးမှ စိတ်ဝင်တစား စောင့်ကြည့်ခဲ့ကြသည်။




သမ်လောင်ဂူသည် ထိုင်းနိုင်ငံတွင် စတုတ္ထအရှည်ဆုံး သဘာဝကျောက်ဂူ တစ်ခုဖြစ်ပြီး အထဲတွင် ဥမင်လှိုင်ခေါင်းများစွာ ခွဲဖြာလျှက်ရှိသည်။ ကယ်ဆယ်ရေး ဆောင်ရွက်သူများသည် လှိုင်ဂူအတွင်း ရေငုံ ၍ သော်လည်းကောင်း၊ လူတစ်ကိုယ်စာ ကျဉ်းမြောင်းသော လမ်းများကို ဖြတ်၍ သော်လည်းကောင်း ခက်ခက် ခဲခဲ ရှာဖွေခဲ့ရသည်။

၉ ရက်ကြာ ရှာဖွေမှုများအပြီး ဇူလိုင်လ (၂) ရက် ဒေသစံတော်ချိန် (၁၀) နာရီ ဝန်းကျင်တွင် ဘောလုံးအသင်းသား ၁၂ ဦးနှင့် နည်းပြဆရာတို့ကို အသက်ရှင်လျှက် ပြန်တွေ့ခဲ့သည်။ ၄င်း အသင်းသည် ဂူအဝင်ဝတွင် ကယ်ဆယ်ရေးစခန်း အခြေစိုက်ထားရာနေရာနှင့် ၁ ဒသမ ၅မိုင် အကွာ ဂူအတွင်း ရေလွတ်ရာ အမြင့်တစ်နေရာတွင် ပိတ်မိနေခဲ့ခြင်းဖြစ်သည်။ ကလေးငယ်များ အသက်ရှင်လျှက်တွေ့ရှိမှုနှင့် ပတ်သက်ပြီး တကမ္ဘာလုံး အံ့သြဝမ်းသာခဲ့ကြပြီး နိုင်ငံတကာမှ နိုင်ငံ ခေါင်းဆောင်များမှလည်း ကလေးငယ်များ တွေ့ရှိမှုအတွက် ထိုင်းပြည်သူများနှင့်အတူ ဝမ်းသာဂုဏ်ယူကြောင်း စာလွှာများ ရေးသားခဲ့ကြသည်။

ဝမ်းနည်းစရာ သတင်းတစ်ခုမှာမူ ဂူအတွင်း ပိတ်မိနေသော ကလေးငယ် ၁၃ ယောက်ကို ကယ်ဆယ်ရန် ကြိုးစားရင်း ထိုင်းရေငုံ့တပ်ကြပ်ကြီး Saman Gunan သည် အောက်စီဂျင်ပြတ်လတ်၍ ဂူအပြင် အရောက်တွင် သေဆုံးခဲ့သည်။ ကလေးငယ်များကို ကယ်ဆယ်ရန်ကြိုးစားရင်း သေဆုံးခဲ့ရသူ ရေငုံ့တပ်ကြပ်ကြီး Saman Gunan ကို ထိုင်းပြည်သူများနှင့် ထိုင်းအစိုးရက "အကြင်နာတရားနှင့် ပြည့်စုံသော ပြည်သူ" ဟု ဂုဏ်တပ်ခဲ့ကြပြီး သူရဲကောင်း တစ်ဦး အနေဖြင့် အခမ်းအနားဖြင့် သင်္ဂြိုလ်ခဲ့သည်။

တောဝက် ဘောလုံးအသင်းသား ၁၂ ဦးနှင့် ၄င်းတို့၏ နည်းပြဖြစ်သူတို့သည် သမ်လောင်ဂူအတွင်း ၁၈ ရက်ကြာ ပိတ်မိခဲ့ပြီး ဇူလိုင်လ ၁၀ ရက် ညနေပိုင်းတွင် ၁၃ ယောက်စလုံး အောင်မြင်စွာ ကယ်ထုတ်နိုင်ခဲ့သည်။ ခက်ခဲစွာဖြတ်ကျော်ခဲ့ရသော ၃ ရက်တာ ဂူအပြင်သို့ ကယ်ထုတ်ရေး လုပ်ငန်းစဉ်အပြီး ထိုနေ့ညတွင် ထိုင်းပြည်သူ တစ်ရပ်လုံး အပျော်မျက်ရည်များ ကျခဲ့ပြီး နိုင်ငံရေးတွင် နာမည်ပျက်နေသော ထိုင်းအစိုးရအဖို့ ပုံရိပ်ကောင်း တစ်ခုကိုလည်း ရယူနိုင်ခဲ့သည်။

ထိုဖြစ်စဉ် အပြီး ထိုင်း အစိုးရကို ပြည်သူကို ချစ်မြတ်နိုးသော အစိုးရအဖြစ် ထိုင်းပြည်သူများနှင့် နိုင်ငံတကာက အသိအမှတ်ပြုခဲ့ကြသည်။

ချမ်းဇော်အောင်

# ကမ္ဘာ့အဝှမ်းရှိ ကက်သလစ်ဘာသာဝင်များ၏ ဆုတောင်းခြင်းများ အထူးလိုအပ်နေသည့် နီကာရာဂွါ နိုင်ငံတွင်း အခြေအနေ

ကာရာဂွါ နိုင်ငံတွင် စစ်အာဏာရှင်ထောက်ခံသူများသည် လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပေးနေသော၊ ဆွေးနွေးအဖြေရှာကြရန် ညှိနှိုင်းလုပ်ဆောင်ပေးနေသော ကက်သလစ် ရဟန်းဘုန်းကြီးများနှင့် ဘိရှော့ ဆရာတော်အား တိုက်ခိုက်ခဲ့ကာ ဘုရားကျောင်းကိုလည်း လုယက်ခဲ့သည်။

ဇူလိုင်လ ၁၆ ရက်နေ့၊ ၂၀၁၈ ခုနှစ်တွင် နီကာရာဂွါနိုင်ငံ ရွှေနလုံးတော် ဘုရားကျောင်း၌ ဆန္ဒပြသူများနှင့် ရဲသားများအကြား ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ ကျောင်းသား နှစ်ဦး သေဆုံးခဲ့သည်။



ယခုအပတ် အတွင်းကလည်း Esteli သာသနာ၏ ဆရာတော် စီးနင်းလာသော ကားတစ်စီး တိုက်ခိုက်ခံခဲ့ရပြီး တချိန်တည်းမှာပင် ဘုရားကျောင်းထဲတွင် ရှိသော ဆန္ဒပြကျောင်းသားများအားလည်း အစိုးရထောက်ခံသူများက ပစ်ခတ် တိုက်ခိုက်ခဲ့ခြင်းကြောင့် ကျောင်းသား နှစ်ဦး သေဆုံးခဲ့သည်။

နီကာရာဂွာ နိုင်ငံတွင် ဖြစ်ပေါ်နေသော ဆန္ဒပြမှုသည် ဧပြီလ ၁၈ ရက်နေ့တွင် စတင်ခဲ့သည်။ ဧပြီလတွင် စတင်ခဲ့သော အစိုးရ ဆန့်ကျင်ရေး ဆန္ဒပြမှုတွင် အစိုးရ ပစ်ခတ်မှုကြောင့် လူပေါင်း ၃၀၀ သေဆုံးခဲ့ပြီး ဖြစ်သည်။

ကက်သလစ် ဆရာတော်များသည် ထိုသို့သော အခြေအနေမျိုးတွင် ဆန္ဒပြသူများနှင့် အစိုးရ၊ အစိုးရ အတိုက်အခံတို့အကြား ကြားနေပေးရန် ကြိုးပမ်းနေခဲ့သည်။ နီကာရာဂွါရှိ ကက်သလစ်အသင်းတော်သည် ဆန္ဒပြသူများ၏ တောင်းဆိုချက်၊ နိုင်ငံသူ နိုင်ငံသားတို့၏ အခက်အခဲများအား နားလည်ရပ်တည်ပေးနေခဲ့သည်။

ထို့ကြောင့် အစိုးရကို ထောက်ခံသူများက ဆရာတော်ကြီးများနှင့် ဘုန်းတော်ကြီးများကို ပစ်မှတ်ထားကာ တိုက်ခိုက်လာကြသည်။ အထူးသဖြင့် အစိုးရ နှင့် ဆန္ဒပြသူများ အကြား စေ့စပ် ဖြန်ဖြေပေးရန် ကြိုးစားနေသော ဆရာတော်ကြီးများသည် အဓိက ပစ်မှတ်ဖြစ်လာသည်။

ဆန္ဒပြမှုများသည် သက်ပြည့် ပင်စင် ကိစ္စနှင့် စတင်သည် ဖြစ်သော်လည်း နောက်ပိုင်းတွင် ရွေးကောက်ပွဲ စနစ်ကို ဖျက်သိမ်းလိုက်သည့်အာဏာရှင်ဆန်သော သမ္မတ Ortega သြတေဂါအား ဖြုတ်ချ ဆန့်ကျင်လိုသည့် ဆန္ဒပြမှုများ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

သြတေဂါသည် ၂၀၀၇ ခုနှစ်တွင် နိုင်ငံတော် သမ္မတ ဖြစ်လာကာ ၂၀၁၄ ခုနှစ်တွင် ရွေးကောက်ပွဲ စနစ်အား ပယ်ဖျက်လိုက်သည်။ ကက်သလစ် အသင်းတော် နီကာရာဂွာ အဖွဲ့ချုပ်က ရွေးကောက်ပွဲ ကျင်းပရန် တိုက်တွန်းနေခဲ့သည်။ အစပိုင်းတွင် ၂၀၁၉ သို့မဟုတ် ၂၀၂၁ ခုနှစ်တွင်မှ ရွေးကောက်ပွဲ ကျင်းပမည်ဟု အသံထွက်နေသော်လည်း သမ္မတ (အာဏာရှင်) သြတေဂါက အတိုက်အခံများ၊ ပြည်သူများ၏ ရွေးကောက်ပွဲ ကျင်းပရန် တောင်းဆိုမှုကို ငြင်းပယ်ခဲ့သည်။

အစိုးရ၏ လူမဆန်စွာ သတ်ဖြတ်မှုများကြောင့် လူများသည် ဘုရားကျောင်းများတွင်သာ ခိုလှုံကြရသည်။ ဆန္ဒပြပြည်သူများသည် ဆေးရုံများသို့ မသွားရဲကြ၊ သွားလျှင်လည်း အစိုးရက လာရောက် ဖမ်းဆီးသောကြောင့် ခရစ်ယာန် ဘုရားကျောင်းများသည် ဆေးကုသမှု ပေးနေရသည်။

သတင်း ဓာတ်ပုံများအရ ကိုယ်တော်မြတ် စက္ကူရမင်တူး အဆောင်များကိုလည်း တပ်ထောက်ခံသူများက ဖျက်ဆီးတိုက်ခိုက်ခဲ့ပြီး ကိုယ်တော်မြတ် မုန့်တော်များ မြေပြင်တွင် ပြန့်ကြဲနေသည့် ပုံများအားလည်း တွေ့မြင်နိုင်ပေမည်။ အလားတူ အချို့ပုံများတွင် ကက်သလစ် စစ္စတာများ၊ ဘုန်းတော်ကြီးများက ပစ်ခတ်မှု မပြုရန် ဆုတောင်း တားမြစ်နေပုံကို တွေ့ရပေမည်။

အိန်ဂျလုစ် မေတ္တာရွတ်ဆိုချိန်တွင် ပုပ်ဖရန်စစ်က နီကာရာဂွါ နိုင်ငံအတွက် ဆုတောင်းပေးဖို့ ဖိတ်ခေါ်ခဲ့သလို ပုပ်ဖရန်စစ် အနေနဲ့ နီကာရာဂွါ ဆရာတော် များရဲ့ လုပ်ဆောင်ချက်များကိုလည်း ထောက်ပံ့အားပေးကြောင်း ပြောကြားခဲ့သည်။

လောရန့် ဂျန်မာဂမ်



# ဩဂုတ်လ၏ မွေးနေ့ရှင် ဆရာတော်ကြီးများ



Bishop Stephen Tjephe
1 August1955

မင်္ဂလာ မွေးနေ့ရက်မြတ်တွင်
ဆရာတော်ကြီးများအပေါ်သို့ အဖ ဘုရား
သခင်သည် ဝိညာဉ် နှင့် ကာယ အတွက်
လိုအပ်သော ကောင်းကြီး ကျေးဇူးများစွာ
သွန်းလောင်းပေးသနားတော်မူပါစေ
သိုးထိန်းတာဝန်များ ကျေပွန်စွာ
ထမ်းဆောင်ရန် လိုအပ်သော
အားအင်များနှင့် အစဉ်ပြည့်ဝနိုင်ပါစေ ဟု
ဆုတောင်းများစွာဖြင့် ဆန္ဒပြုအပ်ပါသည်။
HAPPY BIRTHDAY!



Bishop Raymond Saw Po Ray
11 August 1948

## အတိတ်ခေတ်က နာမည်ကြီးခဲ့သော ကက်သလစ်ခရစ်ယာန် ပညာသင်ကျောင်းများ




## De La Salle Brothers အသင်းဂိုဏ်းမှ Br. Leonard သည် သက်တော် (၈၀) အရွယ် ဇူလိုင်လ ၂၂ ရက်တွင် ကွယ်လွန်




## ကိုးကွယ်မှု ဘာသာတရားများမှ ခမ္မမိတ်ဆွေများ တွေ့ဆုံခြင်း




## ကျိုင်းတုံကက်သလစ်သာသနာ ဆရာတော် ပီတာလွီးစ်ကျာခု လွိုင်မွေ့ သာသနာအုပ်စုသို့ အကြည့်အရှု ရောက်ရှိ




## မော်လမြိုင်သာသနာ တနင်္သာရီတိုင်းဒေသကြီး ရှိစိန့်မိုင်ကယ် ဘုရားကျောင်း သကျက်ကျေးရွာအုပ်စု ပိုင်ရွာ နှင့်အနီးအနားပတ်ဝန်းကျင်တွင် မိုးသည်းထန်စွာရွာ သောကြောင့် ချောင်းရေကြီးရေလျှံမှု ဖြစ်ပွား




# ၂၀၁၇/၂၀၁၈ ပညာတော်သင်နှစ်တွင် အောင်မြင်သော ၅ ဘာသာဂုဏ်ထူးရှင် Stefani မသက်ထားစံနှင့် အင်တာဗျူး

*ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်နေ အဖ ဦးစောနိုင် အမိ ဒေါ်နုနုယဉ် ၏ သမီး Stefani မသက်ထားစံ ခုံအမှတ် (ရက-၃၅) သည် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ၅ ဘာသာဂုဏ်ထူးဖြင့် ထူးထူးချွန်ချွန် ဖြေဆို အောင်မြင်ခဲ့သည်။*

မေး။ မင်္ဂလာပါ။

ဖြေ။ မင်္ဂလာပါ။

မေး။ ညီမလေးရဲ့ အမည်၊ မိဘအမည်နှင့် နေရပ်လိပ်စာ သိပါရစေ။

ဖြေ။ သမီး နာမည်က မသက်ထားစံပါ။ အမေနာမည်က ဒေါ်နုနုယဉ်၊ အဖေ နာမည်က ဦးစောနိုင်ဖြစ်ပါတယ်။ ၉၁/၁၆ သံလမ်း ရေအေးကွင်းရပ်ကွက်မှာ နေထိုင်ပါတယ်။

မေး။ အခု ညီမလေးက ၁၀ တန်း အောင်မြင်ပြီဆိုတော့ ၁၀ တန်းအောင် တဲ့ ခုနှစ်၊ ခုံအမှတ်လေးနှင့် ဂုဏ်ထူးရ ဘာသာ ရပ်များတွေကို ပြောပြပေး ပါဦး။

ဖြေ။ ညီမလေးက ၂၀၁၇-၂၀၁၈ ခုနှစ် ခုံအမှတ် (ရက- ၃၅) ဖြင့် တက္ကသိုလ် ဝင်စာမေးပွဲကို အောင်မြင်ပြီး၊ မြန်မာ၊ သင်္ချာ၊ ဓါတု၊ ရူပ နှင့် ဇီဝ ဘာသာ ရပ်များဖြင့် ဂုဏ်ထူးရတာဖြစ်ပါတယ်။

မေး။ ပြီးတော့ ဒီလိုမျိုး ၁၀ တန်းကို ထူးထူးချွန်ချွန်နဲ့ ဂုဏ်ထူး ၅ ဘာသာနဲ့ အောင်မြင်အောင် ညီမလေးက ဘယ်လို ကြိုးစားခဲ့သလဲဆိုတာ ဝေမျှပေး လို့ရမလား။

ဖြေ။ ဟုတ်၊ အဓိကတော့ သမီးအနေနဲ့တော့ ဆရာမပေါ့နော်။ ကျူရှင်မှာဆို စာတွေ ကျက်ခိုင်းတယ်။ ဒါကြောင့် ၅ ဘာသာ ဂုဏ်ထူးရတာလို့ ထင်ပါတယ်။

မေး။ ပြီးတော့ ကိုယ့်ရဲ့ကိုယ်ပိုင် ကြိုးစားမှုတော့ ညီမလေး ဘယ်လိုကြိုးစားခဲ့ သလဲ။

ဖြေ။ သမီးတော့ ပုံမှန်ပဲလုပ်သွားပါတယ်။ ကျောင်းစဖွင့် ကတည်းက ပုံမှန်ကြိုးစား သွားခဲ့တယ်။ မနက်ဆိုလည်း ၅ နာရီ အိပ်ယာထတယ်။ ညဆိုရင် စာမေးပွဲ နီးပြီဆိုရင် ည ၁၂း၀၀ မှ အိပ်ယာ ဝင်တယ်။

မေး။ သမီးရဲ့ကိုယ်ပိုင် ကြိုးစားမှုနဲ့ အတူ ဆရာ၊ ဆရာမတွေ၊ နောက်ပြီး မိဘ တွေရော ဘယ်လို ကူညီပံ့ပိုးရှိသလဲ။

ဖြေ။ ဟုတ် မိဘတွေတော့ အပို့အကြိုတွေ လုပ်ပေးပြီး၊ မိုးရွာလည်း မရှောင်ဘဲ ကြိုပို့လုပ်ပေးပါတယ်။

မေး။ ဆိုတော့ သမီးကဒီလို ထူးထူး ချွန်ချွန် ၁၀တန်း အောင်မြင်ပြီဆိုတော့ သမီးရဲ့ ရှေ့ဆက်အနာဂတ်မှာ သမီးရဲ့ ရည်မှန်းချက်တွေ ရည်ရွယ်ချက်တွေရှိမှာ ပေါ့။ သမီးမှာ ဘာရည်မှန်းချက်တွေ ရှိထားလဲ။

ဖြေ။ ရှေ့ဆက်ပြီးတော့ ပညာတတ် တစ်ယောက် ဖြစ်ချင်တယ်။ ပြီးတော့ မိဘကိုလည်း ပြန်လည်ကူညီ၊ ပြုစု၊ လုပ်ကျွေးတဲ့ သားသမီးလည်း ဖြစ်ချင်တယ်။

မေး။ ပြီးတော့ ရည်ရွယ်ချက်၊ ရည်မှန်းချက်တွေက။

ဖြေ။ ရည်ရွယ်ချက်ကတော့ စီးပွါးရေးလုပ်ငန်းရှင်ကြီးဖြစ်ချင်တယ်။

မေး။ ဒါဆို စီးပွါးရေးတက္ကသိုလ်တက်မယ် ပေါ့နော်။

ဖြေ။ ဟုတ်ကဲ့ရှင့်။

မေ။ ဒါဆို သမီးက စီးပွါးရေးတက္ကသိုလ်တက်မယ်ပေါ့နော်။ စီးပွါးရေး တက္ကသိုလ် တက်ပြီးရင် မိဘတွေကို ပြန်ပြီး လုပ်ကျွေးမယ်။ ပညာတတ်ဖြစ်အောင်ကြိုးစားမယ်ပေါ့နော်။

ဖြေ။ ဟုတ်ကဲ့ရှင့်။

အခုလိုဖြေကြားပေးတဲ့အတွက် သမီးကို အထူးဘဲကျေးဇူးတင်တယ်နော်။

တွေ့ဆုံမေးမြန်းသူ Bro.Maximillian

